၂၀၁၅ ဇွန်၊ ဇူလိုင်လ

# ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဂျာနယ်

# Environmental Conservation and Forestry Journal



## မြန်မာနိုင်ငံ၏ပထမဆုံးသောလူသားနှင့် ဇီဝအဝန်းနယ်မြေဖြစ်သည့်အင်းလေးကန်အား ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ





ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် (၇-၇-၂၀၁၅) ရက်နေ့ နံနက်(၉း၃၀)နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့ ဟူပင်ဟိုတယ်(ခေါင်တိုင်)တွင်ကျင်းပခဲ့သော မြန်မာနိုင်ငံ၏ ပထမဆုံးသော လူသားနှင့်ဇီဝအဝန်းနယ်မြေဖြစ်သည့် အင်းလေးကန်အားထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

စာမျက်နှာ - ၄ သို့

သစ်တောတွေစိမ်း၊ ရေမြေထိန်း၊ ဖွံ့ဖြိုးကမ္ဘာ၊ လွှမ်းရှည်ကြာ။

# အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ဖို့ သစ်ပင်စိုက်ကြစို့

ကမ္ဘာနှင့်အဝှမ်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပြဿနာများရင်ဆိုင်ကြုံတွေ့နေရခြင်းသည် ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပါသည်။ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာမှုနှင့် လူဦးရေတိုးတက်များပြားလာသည့်အလျောက် သဘာဝသစ်တောသယံဇာတ အမြောက်အမြားသုံးစွဲမှု၊ စက်ရုံအလုပ်ရုံများမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှုနှင့် အမှိုက်သရိုက်များ၊ စွန့်ပစ်ပစ္စည်းများ များပြားလာမှုတို့ကြောင့် ရာသီဥတုပြောင်းလဲလာမှုနှင့်အတူ သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။

လူသားများအပါအဝင် သက်ရှိသတ္တဝါများသည် သဘာဝပတ်ဝန်းကျင်ကို မှီခိုရပ်တည်နေရပြီး ရာသီဥတုညီညွတ်မျှတမှုနှင့် ဇီဝမျိုးစုံမျိုးကွဲစုံလင်မှုတို့အတွက် ကောင်းမွန်သောဂေဟစနစ်များတည်တံ့နေမှသာ သက်ရှိသတ္တဝါများ အသက်ရှင်ရပ်တည်နိုင်ရေးနှင့် သဘာဝဘေးအန္တရာယ်တို့မှ ကာကွယ်ပေးနိုင်မည်ဖြစ်ပါသည်။

သစ်ပင်တို့သည် လူတို့၏အသက်ရှင်ရပ်တည်ရေးအတွက် အဓိကအကျဆုံးအရာဖြစ်ပါသည်။ လူသားတို့အတွက် အစားအစာ၊ နေအိမ်၊ လောင်စာ၊ ဆေးဝါးများရရှိစေသည့်သာမက သန့်စင်သော အောက်ဆီဂျင်ဓာတ်ငွေ့ရရှိစေခြင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်းတို့ကို သစ်ပင်များကဆောင်ရွက်ပေးကြပါသည်။ အစိမ်းရောင်ရှိအပင်များသည် နေရောင်ခြည်စွမ်းအင်ကို ဓာတုစွမ်းအင်အဖြစ် ပြောင်းလဲပေးနိုင်ခြင်း၊ သက်ရှိများ အသက်ရှင်နေထိုင်ရန် သင့်လျော်သော ပတ်ဝန်းကျင်ကောင်းများဖြစ်အောင် ပြုပြင်ဖန်တီးခြင်း၊ လေထုကိုအဆိပ်အတောက်ဖြစ်စေသည့် ဖန်လုံအိမ်ဓာတ်ငွေ့ကို စုပ်ယူဖယ်ရှားပေးခြင်း ဆောင်ရွက်ကြပါသည်။

အကြောင်းအမျိုးမျိုးကြောင့် ဆုံးရှုံးခဲ့သည့် သစ်တောသစ်ပင်များကို ပြန်လည်ရရှိရန် သစ်တောသစ်ပင်ပြန်လည်ထူထောင်ရေးအနေဖြင့် သစ်ပင်စိုက်ပျိုးခြင်း၊ သဘာဝတောများကိုထိန်းသိမ်းကာကွယ်ခြင်းတို့ကို နိုင်ငံနှင့်အဝှမ်း အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ သစ်ပင်သစ်တောကြီးများ ထာဝစဉ်တည်တံ့နေမှသာ ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုကိုဖြစ်ပေါ်စေသော ဖန်လုံအိမ်ဓာတ်ငွေ့များထုတ်လွှတ်မှုကို လျှော့ချနိုင်မည်ဖြစ်ပါသည်။

သစ်ပင်စိုက်ပျိုးခြင်းကို၊ ကမ္ဘာ့လူသားတိုင်းစိတ်ဝင်စားပြီး ပါဝင်ဆောင်ရွက်လာရန် နှစ်စဉ် ဇွန်လ(၂၇)ရက်နေ့ကို ကမ္ဘာ့သစ်ပင်များနေ့ဟုသတ်မှတ်ပေးခဲ့ပါသည်။ ၁၉၇၇ ခုနှစ်မှစ၍ မြန်မာနိုင်ငံအဝှမ်း မိုးဖြိုင်ဖြိုင်ကျသော ဇူလိုင်လကို သစ်ပင်စိုက်ပျိုးရေးလအဖြစ်သတ်မှတ်ပြီး လူထုလှုပ်ရှားမှုဖြင့် ပြည်သူလူထုနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ ပူးပေါင်းပါဝင်၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပစိုက်ပျိုးခဲ့ပါသည်။

၂၀၁၇ ခုနှစ်၊ မိုးရာသီကာလတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သစ်ပင်စိုက်ပျိုးပွဲများကို နိုင်ငံနှင့်အဝှမ်းကျင်းပပြုလုပ်လျက်ရှိရာ တစ်နိုင်ငံလုံးလူထုဖြန့်ပျိုးပင်ပေါင်း (၁၁)သန်း(၇)သိန်းကျော် လူထုလှုပ်ရှားမှုအသွင်ဖြင့် ဖြန့်ဝေစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ သစ်ပင်စိုက်ပျိုးခြင်းသည် ရာသီဥတုဖောက်ပြန်မှုများကို ကာကွယ်တားဆီးရာတွင် အထောက်အပံ့ဖြစ်ပြီး လူသားတို့အသက်ရှင်ရပ်တည်ရေးတွင် အဓိကကျသဖြင့် လူသားအားလုံး၏ မွေးရာပါတာဝန်တစ်ရပ်လည်းဖြစ်ပါကြောင်းနှင့် စနစ်တကျရှင်သန်အောင် စိုက်ပျိုးထိန်းသိမ်းဆောင်ရွက်ကြခြင်းဖြင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း တိုက်တွန်းဖော်ပြအပ်ပါသည်။

---

ဒို့တာဝန်အရေး (၃) ပါး

- ❑ **ပြည်ထောင်စုမပြိုကွဲရေး**
- ❑ **တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး**
- ❑ **အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး**

---

သစ်တောမူဝါဒ

မြန်မာနိုင်ငံသစ်တောကဏ္ဍကို အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဝန်းကျင်ထာဝစဉ် တည်ငြိမ်ရေးနှင့် ဂေဟစနစ်များ မျှတရေးတို့အတွက် ဦးတည်၍ မူဝါဒများချမှတ်ပြီး စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ ၁၉၉၅ခုနှစ် မြန်မာ့သစ်တော မူဝါဒသဘောထား ကြေညာချက်တွင် အမျိုးသားရည်မှန်းချက် ပန်းတိုင်များအား ပြည့်မီစွာ ဖော်ဆောင်နိုင်ရန်အတွက် ပဓာနကျသော အချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(၁) ကာကွယ်ခြင်း

**ရေ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။**

(၂) ထာဝစဉ်တည်တံ့စေခြင်း

**သစ်တောများမှ ရရှိနိုင်သည့် တိုက်ရိုက်နှင့် သွယ်ဝိုက်သောအကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန်၊ သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။**

(၃) အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ပြည့်ဆည်းပေးခြင်း

**ပြည်သူလူထုအတွက် လောင်စာ၊ နေအိမ်၊ အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှု အစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များဖြည့်ဆည်းပေးရမည်။**

(၄) စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း

**သစ်တောသယံဇာတများမှ ရရှိနိုင်သည့်စီးပွားရေးအကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချရန် စီမံရမည်။**

(၅) ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း

**သစ်တောများပြုစု ထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင် ဆောင်ရွက်သွားရမည်။**

(၆) ပြည်သူအတွင်း နိုးကြားတက်ကြွသည့် အသိရှင်သန်စေခြင်း

**နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများသည် အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း အသိရှင်သန်စေရန် လှုံ့ဆော်သွားရမည်။**




**မျက်နှာဖုံး**


➤မြန်မာနိုင်ငံ၏ပထမဆုံးသောလူသားနှင့်ဇီဝအဝန်းနယ်မြေဖြစ်သည့် အင်းလေးကန်အားထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ၁-၄


**ခေါင်းကြီး**


➤အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ဖို့ သစ်ပင်စိုက်ကြစို့ ၂


**သတင်းများကဏ္ဍ**


➤သစ်တောသတင်း၊ သစ်ဖမ်းဆီးသတင်း ၄-၁၉


**သိမှတ်ဖွယ်ရာများနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်းပါး**


➤လူမှုဘဝဖွံ့ဖြိုးတိုးတက်လာတော့မည့် ဇီဝအဝန်းနယ်မြေဒေသများ ၂၀ ၂၀

➤**လူသားသန်း ၇၀၀၀ရဲ့ မျှော်မှန်းချက်တွေပြည့်ဝဖို့ တို့ကမ္ဘာကြီးကို ထိန်းသိမ်းစောင့်ရှောက်စို့** ၂၂-၂၄

➤သစ်တောသမားခရီးသွား ၃၀-၃၄

➤ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုဟုဆိုရာဝယ်--၅ ၃၅-၃၆

➤ပီရူးနိုင်ငံသွားတောလားနှင့်ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံအတွေ့အကြုံများ ၃၇-၄၀


**ဓာတ်ပုံသတင်းကဏ္ဍ**


➤သတင်းမှတ်တမ်းဓာတ်ပုံများ၊ပျိုးပင်များဖြန့်ဝေမှုမှတ်တမ်း ၂၅-၂၇-၂၈

➤ပြည်နယ်/တိုင်းဒေသကြီးအသီးသီးများမှ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များ ၂၉

➤သဘာဝဘေးအန္တရာယ်သတင်းဓာတ်ပုံများ ၄၆-၄၇


**ဝန်းကျင်သားငှက်ကဏ္ဍ**


➤လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင် ကြယ်လိပ်များပေါက်ပွားလျက်ရှိ/ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအသိပညာပေးဟောပြောပွဲ ၃၀


**ကာတွန်း၊ ကဗျာကဏ္ဍ**


➤သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာတွန်း/ကဗျာများ ၁၉ ၄၁၊၄၆


**အင်္ဂလိပ် ကဏ္ဍ**


➤REDD-Plus INFORMATION-23 ၄၂-၄၅


**အင်တာနက်ကဏ္ဍ**


➤အင်တာနက်မှသဘာဝပတ်ဝန်းကျင်ဆိုင်ရာသတင်းများ ၄၈-၅၀


**မြန်မာ့သစ်လုပ်ငန်း ကဏ္ဍ**


➤MTE တင်ဒါဈေးနှုန်း ၅၁


**နောက်ကျောဖုံး**


➤၂၀၁၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ၅၂



**စာတည်းချုပ်နှင့် ထုတ်ဝေသူ**

ဦးကျော်လွင်
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန

ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် - (မြ- ၀၀၄၀၀)

**စာတည်း**

ဦးခင်မောင်မြင့်၊ ဒုတိယညွှန်ကြားရေးမှူး

**စာတည်းအဖွဲ့ဝင်များ**

| | |
|---|---|
| ဦးမျိုးနိုင် | လက်ထောက်ညွှန်ကြားရေးမှူး |
| ဦးအောင်ထွန်း(၂) | ဦးစီးအရာရှိ |
| ညီညီဖြိုး | တောအုပ်ကြီး |
| မျိုးမင်းသိန်း | တောအုပ်ကြီး |
| မေခင်မြင့် | တောအုပ်ကြီး |

**ပုံနှိပ်သူ**

ဦးမြင့်ထွန်း(မြ -၀၀၆၆၀)
မဉ္ဇူပုံနှိပ်တိုက်
အမှတ်(၂၄၄/ဘီ)၊ လမ်း(၄၀)၊ (၉)ရပ်ကွက်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး



**ဆက်သွယ်ရန် -**
၀၆၇-၄၀၅၁၀၃ ၊ (Fax) ၀၆၇-၄၀၅၃၉၄
fdextension39@ gmail.com

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ၂၀၁၂ ခုနှစ် မတ်လ (၃၀)ရက်နေ့၌ ပြဋ္ဌာန်းခဲ့သည်။

**ရည်ရွယ်ချက်များ**

ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ခ) စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ စနစ်တကျ ပေါင်းစပ် ဆောင်ရွက်ရန်အလို့ငှာ အခြေခံမူများ ချမှတ်နိုင်ရန်နှင့် လမ်းညွှန်မှုများပြုနိုင်ရန်၊

(ဂ) ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များ၏ အကျိုးအတွက် ကောင်းမွန်ပြီး သန့်ရှင်းသည့်ပတ်ဝန်းကျင် ဖြစ်ပေါ်လာစေရန်နှင့် သဘာဝနှင့်ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊

(ဃ) ဆုတ်ယုတ်ပျောက်ကွယ်စပြုနေသော ဂေဟစနစ်များကို ဖြစ်နိုင်သမျှ ပြန်လည်ဖော်ထုတ်ရန်၊

(င) သဘာဝသယံဇာတအရင်းအမြစ်များ လျော့နည်းဆုံးရှုံးမှုကို တားဆီးရေးနှင့် စဉ်ဆက်မပြတ် အကျိုးရှိစွာအသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်နိုင်ရန်၊

(စ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိအမြင် မြှင့်မားရေးအတွက် ပညာပေးရေးနှင့် ပညာသင်ကြားရေးအစီအစဉ်များကို အများပြည်သူတို့ သိရှိပြီး ပူးပေါင်းပါဝင်မှု ပိုမိုတိုးတက်လာစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ဆ) ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်း ပူးပေါင်း ဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန်၊

(ဇ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂလိကတို့ ပူးပေါင်း ဆောင်ရွက်နိုင်ရန်။

**မျက်နှာဖုံးမှအဆက်**

ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး၊ UNDP နှင့် UN-Habitat တို့မှ ကိုယ်စားလှယ်များ၊ ဒေသတွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ သတင်းမီဒီယာများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီးဦးဝင်းထွန်းမှ အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ သဘာဝသယံဇာတများ စီမံခန့်ခွဲရန်အတွက် လိုအပ်သည့်မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကိုလည်း အသစ်ပြဋ္ဌာန်းခြင်းနှင့်ပြင်ဆင်ခြင်းတို့ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုအနေဖြင့် အမျိုးသားရေမူဝါဒကို ပြဋ္ဌာန်းနိုင်ခဲ့ကာ မြေယာမူဝါဒကို အတည်ပြုနိုင်ရန်အတွက်လည်း ညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊

ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေအသုံးချမှုလုပ်ငန်းများကြောင့်မြစ်ချောင်း၊ အင်းအိုင်များနှင့်ရေကန်များ၏ ရေဝေရေလဲဒေသများရှိ ဂေဟစနစ်များထိခိုက်မှုမရှိစေရေး ဆောင်ရွက်ရန်အရေးကြီးပါကြောင်း၊ အထူးသဖြင့် ရေချိုကန်များသည် ပတ်ဝန်းကျင်လူထုအတွက် တန်ဖိုးမဖြတ်နိုင်သော ဂေဟစနစ်ဝန်ဆောင်မှုများကို ဆောင်ကျဉ်းပေးထားသည့်အတွက် အရေးပါသည့်ဂေဟစနစ်တစ်ခုဖြစ်ကြောင်း၊ သို့သော်လည်း ကန်အတွင်းရှိရေများသည် ၎င်းတို့၏ရေဦးရေဖျားဒေသများမှ စီးဆင်းလာသည့်အတွက် ရေဝေရေလဲဒေသများကို အလေးထားထိန်းသိမ်းရမည်ဖြစ်ကြောင်း၊ ရေကန်ကြီးများအား စီမံအုပ်ချုပ်လုပ်ကိုင်ရာတွင် ၎င်းတို့၏ထူးခြားသည့်ဝိသေသများအား ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊




ယနေ့အချိန်တွင် အဆိုပါ ဝိသေသအချက်အပါအဝင် အဓိကမဏ္ဍိုင်ကြီး(၆)ခုအပေါ် အခြေခံထားသည့် **-ရေကန်နှင့် ၎င်း၏ရေဝေရေလဲဒေသများဘက်စုံစီမံအုပ်ချုပ်မှုစနစ်- (Integrated Lake Basin Management- ILBM)** သည် အပြည်ပြည်ဆိုင်ရာ၌ ပေါ်ထွက်နေပြီဖြစ်ပါကြောင်း၊ နိုင်ငံတကာရှိရေကန်ကြီးများ ပျက်စီးယိုယွင်းမှုဖြစ်ပွားရာ အများစုသည် ရေဝေရေလဲဒေသများတွင်ရှိသော သစ်တောများပြုန်းတီး၍ မြေဆီလွှာတိုက်စားပြီးနုန်းပို့ချခြင်း၊ ရေသယံဇာတစီမံ ခန့်ခွဲမှုလုပ်ငန်းများအားနည်းမှုရှိခြင်း၊ ရာသီဥတုပြောင်းလဲမှုပြဿနာနှင့်ရင်ဆိုင်ရခြင်း၊ ရေသယံဇာတစီမံခန့်ခွဲမှုဆိုင်ရာမူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ အားနည်းခြင်းနှင့် ဌာနဆိုင်ရာအတွင်း စီမံခန့်ခွဲမှု အရည်အချင်းအားနည်းခြင်းတို့ကြောင့်ဖြစ်ကြောင်း၊

ရှမ်းပြည်နယ်သည် ရေ၊ မြေ၊ သဘာဝဝန်းကျင်အလှအပနှင့် သစ်တောသယံဇာတပေါကြွယ်ဝလှသောကြောင့် လူသိများထင်ရှားပြီး နိုင်ငံအတွက်စီးပွားရေးအရ အရေးပါသည့်ဒေသတစ်ခုဖြစ်ပါကြောင်း၊ အထူးသဖြင့် အင်းလေးကန်သည် ဒေသရင်းဇီဝမျိုးစုံမျိုးကွဲများကြွယ်ဝခြင်း၊ ထူးခြားသည့်ဘာသာရေး၊ ယဉ်ကျေးမှုနှင့်ဓလေ့ထုံးစံအမွေအနှစ်များကြောင့် ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်စားလည်ပတ်ရာဒေသတစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် ပတ်ဝန်းကျင်ထိန်းရေးနှင့်သစ်တော

ရေးရာဝန်ကြီးဌာနမှ အင်းလေးကန်ဒေသအား ၁၉၈၅ခုနှစ်မှစ၍ ဘေးမဲ့တောအဖြစ်ဖွဲ့စည်းစီမံအုပ်ချုပ်ခဲ့ပါကြောင်း၊ ထူးခြားသည့်ဂုဏ်အင်္ဂါများကြောင့်လည်း အာဆီယံအမွေအနှစ် (ASEAN Heritage Site) အဖြစ်သတ်မှတ်ခြင်းခံရပါကြောင်း၊ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအနေဖြင့် အင်းလေးကန်ဒေသအား ယူနက်စကို (UNESCO)မှ "လူသားနှင့်ဇီဝအဝန်းနယ်မြေ" အဖြစ် သတ်မှတ်အတည်ပြုခဲ့ပါကြောင်း၊ လူသားတို့နှင့်၎င်းတို့၏ လူမှုစီးပွားရေးဘဝကို အထောက်အကူပြုနေသည့် သဘာဝပတ်ဝန်းကျင်တို့အကြား အပြန်အလှန်သဟဇာတမျှတစွာ ဆက်စပ်ရပ်တည်နိုင်ရေး ရည်ရွယ်၍ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊

ယနေ့အခမ်းအနားတွင် နော်ဝေအစိုးရ၏ ရန်ပုံငွေအကူအညီနှင့် UN-Habitat တို့၏ နည်းပညာပံ့ပိုးမှုတို့ဖြင့် ရေးဆွဲထားသော Inlay Lake Long Term Restoration and Conservation Plan နှင့် UNDP ၏ နည်းပညာအကူအညီဖြင့်ရေးဆွဲထားသော Inlay Lake Conservation Plan တို့စတင်ခြင်းအထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲဖြစ်ပါကြောင်း၊ ယခုစီမံကိန်းနှစ်ရပ်လုံးသည် -ရေကန်နှင့်၎င်း၏ရေဝေရေလဲဒေသများ ဘက်စုံစီမံအုပ်ချုပ်မှုစနစ်- (Integrated lake Basin Management) အယူအဆပေါ်တွင် အခြေခံထားပါကြောင်း၊ ထို့အပြင် ယခုစီမံကိန်းများသည် အင်းလေးကန်နှင့် ၎င်း၏ သဘာဝသယံဇာတများ ပျက်စီးယိုယွင်းမှုမရှိစေဘဲ အနာဂတ်သားစဉ်မြေးဆက်အတွက် ရေရှည်တည်တံ့စေရန် ထိန်းသိမ်းရာတွင် အဓိကမောင်းနှင်နေသူများတည်ရှိနေမည်ဟု ယုံကြည်ပါကြောင်းပြောကြားသွားခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီးနှင့် ကုလသမဂ္ဂဌာနေ ကိုယ်စားလှယ်တို့မှ အမှာစကားအသီးသီးဆက်လက်ပြောကြားခဲ့ပါသည်။ ယခုအလုပ်ရုံဆွေးနွေးပွဲကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)တို့ ပူးပေါင်းစီစဉ်ခဲ့ကြခြင်းဖြစ်ပြီး (၇-၇-၂၀၁၅)ရက်နေ့နံနက်(၉း၃၀)မှ ညနေ(၁၅း၄၅)အချိန်ထိ ကျင်းပခဲ့ကြောင်း သိရှိရပါသည်။

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ထမ်းများ၏သား/သမီးများအားပညာရည်ချွန်ဆုပေးပွဲနှင့် ပဟိုဝန်ထမ်းတက္ကသိုလ် သင်တန်းသားထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကျင်းပ





၂၀၁၄-၂၀၁၅ ခုနှစ်၊ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ထမ်းများ၏သား/သမီးများအား ပညာရည်ချွန်ဆုချီးမြှင့် ပွဲနှင့်ဗဟိုဝန်ထမ်းတက္ကသိုလ် သင်တန်းသားထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို(၁-၇-၂၀၁၅)ရက်နေ့နံနက်(၉)နာရီတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန၊ဦးစီးရုံးချုပ်၊ အင်ကြင်းခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း တက်ရောက်၍ အမှာစကားပြောကြားပါသည်။ ပြည်ထောင်စုဝန်ကြီးက (၆)ဘာသာဂုဏ်ထူးရှင်(၃)ဦးနှင့် ပြည်ထောင်စုဝန်ကြီး၏ဇနီးမှ (၆)ဘာသာဂုဏ်ထူးရှင်(၂)ဦးတို့အား ပညာရည်ချွန်ဆုနှင့် ဂုဏ်ပြုလက်မှတ်ပေးအပ်ချီးမြှင့်ပါသည်။ ဆက်လက်၍ ဒုတိယဝန်ကြီး(သစ်တော)နှင့် ဒုတိယဝန်ကြီး(ပတ်ဝန်းကျင်)မှ (၅)ဘာသာဂုဏ်ထူးရှင်များအားလည်းကောင်း၊ ဝန်ကြီးဌာနလက်အောက်ရှိ လုပ်ငန်းဌာနများမှ ဌာနအကြီးအကဲများနှင့် ဇနီးများက (၄)ဘာသာနှင့် (၃)ဘာသာဂုဏ်ထူးရရှိသူများအားလည်းကောင်း ဆုများအသီးသီးချီးမြှင့်ခဲ့ကြပါသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးမှ ဗဟိုဝန်ထမ်းတက္ကသိုလ်အရာထမ်း အခြေခံသင်တန်းများတွင် သင်တန်းသားစံပြဆုနှင့် စစ်ရေးပြထူးချွန်ဆုများရရှိခဲ့ကြသည့် သစ်တောဦးစီးဌာနမှ သင်တန်းသားဦးစီးအရာရှိ(၂)ဦးအား ဂုဏ်ပြုရွှေတံဆိပ်ဆုချီးမြှင့်ခဲ့ပါသည်။

ထို့နောက် ဆုရကျောင်းသား၊ ကျောင်းသူများ ကိုယ်စား(၆)ဘာသာ ဂုဏ်ထူးရှင်တစ်ဦးမှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ထမ်းသားသမီးများမှ ၂၀၁၄-၂၀၁၅ခုနှစ်၊ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် (၆)ဘာသာဂုဏ်ထူးရှင်(၅)ဦး၊ (၅)ဘာသာဂုဏ်ထူးရှင်(၉)ဦး၊ (၄)ဘာသာဂုဏ်ထူးရှင်(၃၃)ဦး၊ (၃)ဘာသာဂုဏ်ထူးရှင်(၂၆)ဦး၊ (၂)ဘာသာဂုဏ်ထူးရှင်(၄၄)ဦး၊ (၁)ဘာသာဂုဏ်ထူးရှင်(၁၁၃)ဦး၊ စုစုပေါင်း(၂၃၀)ဦးဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြောင်း သိရှိရပါသည်။

# အင်းတော်ကြီးကန်ဒေသ ဇီဝအဝန်းနယ်မြေ အဆိုပြုသတ်မှတ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း

အင်းတော်ကြီးကန်ဒေသ ဇီဝအဝန်းနယ်မြေ အဆိုပြု သတ်မှတ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို (၁၀-၇-၂၀၁၅) ရက်၊ နံနက်(၉)နာရီတွင် Grand Amara Hotel ၌ ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းထွန်း တက်ရောက် အမှာစကားပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ၊ အမြဲတမ်းအတွင်းဝန်၊ ဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ အရာရှိကြီးများ၊ ကချင်ပြည်နယ်အစိုးရအဖွဲ့မှကိုယ်စားလှယ်များ၊ ဂျာမနီနိုင်ငံ လူသားနှင့်ဇီဝအဝန်း အစီအစဉ်မှကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့ (FFI)အဖွဲ့မှ ကိုယ်စားလှယ်များ၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ကြပါသည်။

ပြည်ထောင်စုဝန်ကြီးမှ အမှာစကားပြောကြားရာတွင်ဇီဝမျိုးစုံမျိုးကွဲများသည် လူ့အဖွဲ့အစည်းတစ်ခုလုံး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကကျသည့် ဂေဟစနစ်ဝန်ဆောင်မှုအမြောက်အမြားကို ထောက်ပံ့ပေးလျက် ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အရေးပါသည့်အခန်းကဏ္ဍတွင်ပါဝင်ပါကြောင်း၊ မြန်မာနိုင်ငံရှိ အကြီးဆုံးကန်တစ်ခုဖြစ်သော အင်းတော်ကြီးကန်ကို သဘာဝနယ်မြေတစ်ခုအဖြစ် ၂၀၀၄ ခုနှစ်မှစတင်ဖွဲ့စည်း သတ်မှတ်ခဲ့ပြီး၊ အာဆီယံအမွေအနှစ်ဥယျာဉ်ဖြစ်ကာ သဘာဝပတ်ဝန်းကျင်အခြေအနေကောင်းများတည်ရှိလျက် ပျက်စီးယိုယွင်းမှုနည်းပါးလျက်ရှိနေပါကြောင်း၊ အထူးသဖြင့် ကမ္ဘာ့ရှားပါးတိရစ္ဆာန်စာရင်းဝင် မျောက်လွှဲကျော်မျိုးစိတ်များနှင့် အင်းတော်ကြီးကန် အတွင်းသာ နေထိုင်ကျက်စားသည့် ဒေသမျိုးရင်း ငါးမျိုးစိတ်များလည်းတည်ရှိနေပါကြောင်း၊ အင်းတော်ကြီးကန်သည် ကမ္ဘာ့မြောက်ဘက်ခြမ်းမှ ဆောင်းခိုငှက်များ ကျရောက်ကျက်စားလေ့ရှိပြီး ဩစတြေးလျ အာရှဒေသဆိုင်ရာ ငှက်ပျံသန်း လမ်းကြောင်းတွင် ကျရောက်သည့် အရေးကြီး ငှက်ထိန်းသိမ်းရေးနယ်မြေဖြစ်ပါကြောင်း၊ ထို့အပြင် ရေတိမ်ဒေသများ ထိန်းသိမ်းရေးကွန်ဗင်းရှင်းမှ ငှက်မျိုးစိတ်အမြောက်အမြား ရှင်သန်ပေါက်ဖွားရာ ဒေသ (Ramser Site) တစ်ခုအဖြစ် အမည်စာရင်း အဆိုပြုတင်သွင်းထားသည့် ဒေသတစ်ခုဖြစ်ပါကြောင်း၊ ကန်အနီးအနားရှိ ကျေးရွာ(၁၃)ရွာတွင် နေထိုင်ကြသည့် ဒေသခံပြည်သူများကို စားနပ်ရိက္ခာနှင့် လူမှုစီးပွားရေးအတွက် သယံဇာတ အရင်းအမြစ်များ ထောက်ပံ့ပေးနေသည့် နေရာတစ်ခုဖြစ်ပါကြောင်း၊

အင်းတော်ကြီးကန် ရေဝေရေလဲဒေသများတွင် နိုင်ငံတကာ အစိုးရအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ NGO ၊ INGO များနှင့်ပူးပေါင်း၍ ထိန်းသိမ်းရေးလုပ်ငန်းများ၊ လူမှုစီးပွားရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဂေဟစနစ်အားအခြေခံသည့် စီမံအုပ်ချုပ်ခြင်းနှင့် သဘာဝသယံဇာတ ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ဒေသခံပြည်သူများ ကိုယ်စီကိုယ်ငှ ပူးပေါင်းပါဝင်စေခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း စသည့်နည်းလမ်းများကိုအသုံးပြု၍ ဖြေရှင်းသွားကြရမည်ဖြစ်ကြောင်း၊ ယနေ့ အလုပ်ရုံဆွေးနွေးပွဲတွင် ဇီဝအဝန်းနယ်မြေအသစ်တစ်ခု ထပ်မံဖွဲ့စည်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားပြီး ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများထိခိုက်မှုမရှိစေဘဲ ဒေသခံများ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ အနေဖြင့်လည်း မိမိတို့၏အတွေ့အကြုံ၊ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆွေးနွေးဖြည့်ဆည်းသွားကြပါဟု ပြောကြားသွားခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့(FFI)တို့မှ ပူးပေါင်းစီစဉ်ခဲ့ကြပြီး (၁၀-၇-၂၀၁၅)ရက်၊ နံနက်(၉)နာရီမှ ညနေ(၅)နာရီအထိ Grand Amara Hotel (နေပြည်တော်) တွင် ကျင်းပခဲ့ကြောင်း သိရှိရပါသည်။



အင်းတော်ကြီးကန်ဒေသဇီဝအဝန်းနယ်မြေ အဆိုပြုသတ်မှတ်နိုင်ရေးအလုပ်ရုံဆွေးနွေးပွဲ
တက်ရောက်လာကြသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်

# နိုင်ငံအဆင့် သစ်တောကာဗွန်ထုတ်လွှတ်မှု ရည်ညွှန်းပမာဏ သတ်မှတ်ခြင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကျင်းပခြင်း




နိုင်ငံအဆင့် သစ်တောကာဗွန်ထုတ်လွှတ်မှု ရည်ညွှန်းပမာဏ သတ်မှတ်ခြင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို(၂၁-၇-၂၀၁၅)ရက် နံနက်(၉)နာရီအချိန်တွင် Hotel Max ၊ နေပြည်တော်၌ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အခမ်းအနားကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သစ်တောတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များ နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီးမှ အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် UN-REDD အစီအစဉ်နှင့် ပူးပေါင်းပြီး REDD+ လုပ်ငန်းများကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလတွင် စတင်အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ REDD+ လမ်းပြမြေပုံကို ၂၀၁၃ ခုနှစ်၊ ဇွန်လတွင် ရေးဆွဲနိုင်ခဲ့ကာ လုပ်ငန်းကဏ္ဍ(၆) ခုကို အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး အကောင်အထည်ဖော်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှစတင်ပြီး UN-REDD Programme ၏ Targeted Support အစီအစဉ်အရ သစ်တောဦးစီးဌာနနှင့် FAO တို့ပူးပေါင်းပြီး နိုင်ငံအဆင့် သစ်တောကာဗွန်ထုတ်လွှတ်မှု ရည်ညွှန်းပမာဏ သတ်မှတ်ခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်ရေးဆွဲခြင်း၊ သစ်တောသယံဇာတများ စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာလုပ်ငန်း စီမံချက်များရေးဆွဲခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး လုပ်ငန်းများကိုစတင် ဆောင်ရွက်လျက်ရှိကြောင်း၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ်တို့နှင့်လည်း ပူးပေါင်း၍ REDD+လမ်းပြမြေပုံပါလုပ်ငန်းစဉ်များ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ၂၀၁၀ ခုနှစ်၊ သစ်တောသယံဇာတလေ့လာဆန်းစစ်မှု အစီရင်ခံစာအရ ၂၀၀၀ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း ကမ္ဘာနှင့်အဝှမ်း နှစ်စဉ် သစ်တောပြုန်းတီးမှု ဟက်တာ(၁၃)သန်းခန့်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုများကို ကြည့်လျှင်လည်း (၅)နှစ်တစ်ကြိမ်ဆောင်ရွက်သော FAO FRA သစ်တောဖုံးလွှမ်းမှုဆန်းစစ်မှုများအရ ၂၀၀၀ခုနှစ်မှာ(၅၁. ၅၄)%ရှိခဲ့ရာ ၂၀၀၅ခုနှစ်မှာ (၄၉. ၂၅)%၊ ၂၀၁၀ခုနှစ်မှာ(၄၆. ၉၆)% ထိလျော့ကျခဲ့ပြီး ၂၀၁၅ခုနှစ် ကနဦးတွက်ချက်မှုအရ(၄၅. ၀၄)% သာရှိကြောင်း၊ 'ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်အစီရင်ခံစာ'(၂၀၁၄)အရ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် ၁၉၉၀ ခုနှစ်ထက်၂၀၁၁ ခုနှစ်တွင် ၅၀% ပိုများခဲ့ပါကြောင်း၊ သစ်တောများဧကသန်းနှင့်ချီ၍ နှစ်စဉ်ပြုန်းတီးနေသကဲ့သို့ မျိုးရင်းမျိုးစိတ်များလည်း မျိုးသုဉ်းသွားသည်အထိ ပျောက်ကွယ်လျက်ရှိပါကြောင်း၊ အကျိုးဆက်အနေနှင့် ယနေ့ကမ္ဘာနှင့်တဝှမ်းရာသီဥတုပြောင်းလဲခြင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်းစသည့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့ရလျက်ရှိကြောင်း၊

ထို့ကြောင့်လည်း ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာရေး လုပ်ငန်းစဉ်များကို ကုလသမဂ္ဂရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း (UNFCCC) ၏ ဦးဆောင်မှုနှင့် ကမ္ဘာ့နိုင်ငံအသီးသီးမှအရှိန်အဟုန်မြင့် ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊၂၀၁၄ ခုနှစ်၊ အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကမ္ဘာ့ကုလသမဂ္ဂမှ ကြီးမှူးကျင်းပခဲ့သည့် ရာသီဥတုပြောင်းလဲမှုထိပ်သီးဆွေးနွေးပွဲတွင် "ကမ္ဘာ့အပူချိန် ၂ ဒီဂရီ ဆဲလ်ဆီးယပ်လျော့ချနိုင်ရန်အတွက် ၂၀၂၀ ခုနှစ်တွင် သစ်တောပြုန်းတီးမှု ၅၀ ရာခိုင်နှုန်းအထိလျော့ချပြီး၊ ၂၀၃၀ ခုနှစ်တွင် သစ်တောပြုန်းတီးမှု လုံးဝမရှိစေရေး ဆောင်ရွက်သွားရ

မည်ဖြစ်ကြောင်း၊ ၂၀၃၀ ခုနှစ်တွင် တောနိမ့်တောပျက် ဧရိယာဟက်တာသန်း၃၅၀ကို သစ်တောစိုက်ခင်းအဖြစ် တည်ထောင်ပြီးဖြစ်ရန် ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သစ်တောပြုန်းတီးခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချနိုင်သည့် နိုင်ငံများကိုလျှော့ချနိုင်သည့် ပမာဏအလိုက် ချီးမြှင့်ပေးအပ်နိုင်ရန်ဆောင်ရွက်သွားမည်"ဟု ထုတ်ပြန်ကြေညာခဲ့ကြောင်း၊

ယခုနှစ် ဒီဇင်ဘာလတွင် ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့၌ကျင်းပမည့် UNFCCC အဖွဲ့ဝင်နိုင်ငံများ၏ (၂၁)ကြိမ်မြောက်ညီလာခံ(COP 21)တွင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု လျှော့ချရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက် အသစ်တစ်ခုကိုချမှတ်သွားမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများပါ ၂၀၂၀ ခုနှစ်မှစ၍ ကာဗွန်ထုတ်လွှတ်မှု လျှော့ချမည့်ပမာဏ (သို့မဟုတ်)လျှော့ချမှုလုပ်ငန်း အစီအစဉ်များကို နိုင်ငံအလိုက်အဆိုပြုတင်ပြကြရမည်ဖြစ်ကြောင်း၊

FAOနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် REDD+ လမ်းပြမြေပုံ အကောင်အထည်ဖော်ရေး စီမံကိန်းသည် နိုင်ငံအဆင့် REDD+ လုပ်ငန်းများ ဖွံ့ဖြိုးလာစေရုံသာမက ဝန်ကြီးဌာန၏ ပင်မလုပ်ငန်းဖြစ်သည့် စဉ်ဆက်မပြတ် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုကို အထောက်အကူပြုနိုင်မည့် စီမံကိန်းဖြစ်ပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်လာသူများအနေနှင့် မြန်မာနိုင်ငံ၏ REDD+ လမ်းပြမြေပုံအောင်မြင်စွာ အကောင်အထည်ဖေါ်နိုင်ရေးအတွက် မိမိတို့ရရှိသည့် အခွင့်အရေးကို ပိုင်ပိုင်နိုင်နိုင်အသုံးချပြီး လုပ်ဆောင်ရမည့်လုပ်ငန်းများကို ဦးစားပေးအစီအစဉ်များအလိုက် ထည့်သွင်းရေးဆွဲသွားရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားခဲ့ပါသည်။

## ၂၀၁၅ ခုနှစ်၊ အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးနှစ် နှင့် ဒုတိယအကြိမ်အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ညီညွတ်သောကျောင်းဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ




ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ ဂျပန်အာဆီယံဘက်စုံရန်ပုံငွေ၊ ဟန်ဆိုက်ဒယ်လ်ဖောင်ဒေးရှင်းနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်တို့ပူးပေါင်းစီစဉ်ကျင်းပသည့် "၂၀၁၅ ခုနှစ် အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးနှစ်နှင့် ဒုတိယအကြိမ် အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ညီညွတ်သောကျောင်းဆုချီးမြှင့်ပွဲ"ဖွင့်ပွဲအခမ်းအနားကို (၂၉-၇-၂၀၁၅) ရက်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းတက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် "၂၀၁၅ ခုနှစ် အာဆီယံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှစ်နှင့် ဒုတိယအကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးကျောင်းဆုချီးမြှင့်ပွဲ"ကို မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရသည့်အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများနှင့် အာဆီယံမိတ်ဖက်(၃)နိုင်ငံတို့မှ ကိုယ်စားလှယ်များအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကိုယ်စား ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ကမ္ဘာ့ဒီရေတောဖုံးလွှမ်းမှု၏ ၃၅ ရာခိုင်နှုန်းနှင့် ကမ္ဘာ့သန္တာကျောက်တန်းတည်ရှိမှု စုစုပေါင်းဧရိယာ၏ ၃၀ ရာခိုင်နှုန်းသည် အာဆီယံဒေသတွင်းတည်ရှိနေခြင်းမှာ ဂုဏ်ယူဖွယ်ရာ ဖြစ်ပါကြောင်း၊ အာဆီယံဒေသတွင်း တည်ရှိနေထိုင်ကြသည့် လူမျိုးစုအများအပြားသည် သဘာဝသယံဇာတ အရင်းအမြစ်များကို မှီခိုနေရသည့်အတွက် သယံဇာတ အရင်းအမြစ်များအား စဉ်ဆက်မပြတ် စီမံခန့်ခွဲသုံးစွဲသွားနိုင်ရန် အထူးပင် အရေးကြီးလှပါကြောင်း၊ တစ်ဖက်မှာလည်း ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှု၊ လူဦးရေ အဆမတန်တိုးပွားလာမှု၊ ဆင်းရဲမှုအနေအထားတို့ကြောင့် သဘာဝဘေးအန္တရာယ်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးခြင်း၊ သမိုင်းဝင်ယဉ်ကျေးမှု အမွေအနှစ်များ ပျက်စီးဆုံးရှုံးခြင်း အန္တရာယ်တို့ကို ကြုံတွေ့နေရပါကြောင်း၊ ထို့ကြောင့် အာဆီယံဒေသတွင်း နိုင်ငံများကြား ပတ်ဝန်းကျင်ကိုထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားမည်ဟူသည့် ကတိကဝတ်များကို ချမှတ်ထားပြီးဖြစ်ပါကြောင်း၊

သယံဇာတအရင်းအမြစ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်ခြင်းနှင့် လူနေမှုအဆင့်အတန်း တိုးမြှင့်နိုင်ခြင်းတို့ကိုဖော်ဆောင်နိုင်မည့် အာဆီယံဒေသတွင်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဘောင်တစ်ရပ်ကို ချမှတ်နိုင်ခဲ့ပါကြောင်း၊ ထို့ကြောင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်မှုရှိသော လူမှုအသိုက်အဝန်းတစ်ခုရရှိရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးရေးကို အဓိကအလေးထား

ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကတိကဝတ်များကို ထည့်သွင်းသင်ကြားစေခြင်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေးကို ဦးတည်မည့် School culture ကို ဖော်ကျူးနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် Eco-School Programme အစီအစဉ်အရဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကို ကျောင်းသင်ခန်းစာများအတွင်း ထည့်သွင်းသင်ကြားစေခြင်းဖြင့် ပတ်ဝန်းကျင် ရေရှည်တည်တံ့အောင် ထိန်းသိမ်းကာကွယ်ရမည်ဟူသည့် အခြေခံသဘောတရားကို ကျောင်းအသိုက်အဝန်းမှတစ်ဆင့်နေအိမ်များ၊ လူမှုအသိုက်အဝန်းများမှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း၊ Eco-school ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆောင်ရွက်သွားခြင်းဖြင့် အာဆီယံဒေသအတွင်း Eco-School များပိုမိုပေါ်ပေါက်လာစေရန် AMS ကို တွန်းအားပေးမည့် စာသင်ကျောင်းများအကြား သတင်းအချက်အလက်များနှင့်အတွေ့အကြုံများကို ဖလှယ်ပေးနိုင်မည့် အခွင့်အလမ်းများကိုပံ့ပိုးကူညီနိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့အခမ်းအနားအတွက်အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် " Empowering the Youth for a Green ASEAN Community" ဟူသည့်ဆောင်ပုဒ်သည် မျိုးဆက်သစ်လူငယ်များကို စာသင်ကျောင်းများတွင် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော အလေ့အကျင့်ကောင်းများကိုချမှတ်ရန် တွန်းအားပေးနိုင်မည်ဖြစ်ပါကြောင်း၊ အာဆီယံဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်းကြုံတွေ့နေရသည့် ပတ်ဝန်းကျင် ပြဿနာရပ်များကို ဖြေရှင်းနိုင်ရန် အာဆီယံ နိုင်ငံများပူးပေါင်း၍ အာဆီယံဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုစီမံချက်ကို အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အာဆီယံ Plus Three နိုင်ငံများ ဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများအပြင် အခြားဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများသည် ကမ္ဘာတစ်ဝန်းပတ်ဝန်းကျင် ပြဿနာရပ်များကို ဖြေရှင်းမှုများတွင် တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် အာဆီယံဒေသတွင်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရေးအတွက် နည်းပညာနှင့် ရန်ပုံငွေအထောက်အပံ့များ ကူညီပံ့ပိုးပေးလျက်ရှိသဖြင့် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသွားပါသည်။

ဆက်လက်၍ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံ လူမှုအသိုက်အဝန်းနှင့် စုပေါင်းဆောင်ရွက်မှုဆိုင်ရာ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်က အမှာစကားပြောကြားပြီး ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ နိုင်ငံတကာ ဆက်ဆံရေးပညာဌာန၊ ဒုတိယနှစ်ကျောင်းသူ မဝင်းသန့်သန့် က ၂၀၁၅ အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးနှစ် ဆောင်ပုဒ်ဖြစ်သည့် "အာဆီယံအစိမ်းရောင်လူမှုအသိုက်အဝန်း ၂၀၁၅ အတွက် လူငယ်များကို တာဝန်လွှဲအပ်ဆောင်ရွက်စို့" ခေါင်းစဉ်ဖြင့် ဖတ်ကြားတင်ပြခဲ့ပါသည်။

မွန်းလွဲ(၂)နာရီတွင် အာဆီယံနိုင်ငံများအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ညီညွတ်သောကျောင်းအကောင်အထည်ဖော်မှုဆိုင်ရာ အကောင်းဆုံးအလေ့အကျင့်များ ဖလှယ်သည့်ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အပါအဝင် အာဆီယံနိုင်ငံများနှင့် မိတ်ဖက်သုံးနိုင်ငံမှ ဆောင်ရွက်မှုအတွေ့အကြုံများကို ဆွေးနွေးတင်ပြကြပါသည်။

ညနေပိုင်းတွင် ဒုတိယအကြိမ် အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ညီညွတ်သော ကျောင်းဆုချီးမြှင့်ခြင်းအခမ်းအနားနှင့် ညစာစားပွဲကို ဆက်လက်ကျင်းပရာ အစီအစဉ်အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ဟန်ဆိုက်ဒယ်လ်ဖောင်ဒေးရှင်း၊ ဂျပန်နိုင်ငံကိုယ်စားလှယ်တို့က အမှာစကားများအသီးသီးပြောကြားခဲ့ကြပါသည်။ ထို့နောက်အာဆီယံနိုင်ငံများမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ညီညွတ်သောကျောင်းဆုရရှိသည့် အခြေခံပညာမူလတန်းနှင့် အထက်တန်းအဆင့်ကျောင်း(၂၀)အား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များက ဆုများချီးမြှင့်ပါသည်။





အခမ်းအနားများသို့ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လာအိုနိုင်ငံ သဘာဝအရင်းအမြစ်များနှင့် ပတ်ဝန်းကျင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ Mrs. Bounkham Vorachit ၊ ထိုင်းနိုင်ငံ၊ သဘာဝအရင်းအမြစ်များနှင့် ပတ်ဝန်းကျင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အကြံပေးအရာရှိ General Ekachai Chansri ၊ ဂျပန်နိုင်ငံ သံအမတ်ကြီး၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့မှ ပတ်ဝန်းကျင်ဆိုင်ရာ အရာရှိကြီး များနှင့် အာဆီယံမိတ်ဖက်သုံးနိုင်ငံမှ ပတ်ဝန်းကျင်ဆိုင်ရာအရာရှိကြီးများ၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်၊ ဟန်ဆိုက်ဒယ်လ်ဖောင်ဒေးရှင်းနှင့် ဖိတ်ကြားထားသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဧည့်သည်တော်များ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

၂၀၁၅ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့ နံနက်(၉)နာရီတွင် အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို နေပြည်တော်ရှိ အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းတွင် ကျင်းပပြုလုပ်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဦးဝင်းထွန်းနှင့် ဒုတိယဝန်ကြီးများ၊ အာဆီယံနှင့် မိတ်ဖက်(၃)နိုင်ငံများမှ ကိုယ်စားလှယ်များက အမှတ်တရ သစ်ပင်များကို စုပေါင်းစိုက်ပျိုးပေးခဲ့ကြကြောင်း သိရှိရပါသည်။

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းမိသားစုတို့၏ ဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲ အခမ်းအနားကို ၁၃၇၇ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၆) ရက်၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ(၂၂)ရက်၊ ဗုဒ္ဓဟူးနေ့ နံနက်(၅း၃၀)နာရီတွင် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၈)၊ ကွန်းရွှေဝါခန်းမ၌ ကျင်းပခဲ့ပါသည်။

အခမ်းအနားတွင် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိ စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတဘဒ္ဒတဇနိန္ဒဆရာတော်အမှူးပြုသည့် သံဃာတော် အရှင်သူမြတ်များထံမှ အနုမောဒနာတရားများနာကြား၍ ရေစက်သွန်းချ အမျှပေးဝေပြီး အာရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြပါသည်။ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းအစုစုတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရပါသည်။

## ခရိုင်သစ်တောအရာရှိများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်တင်ရေးသင်တန်းအမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲအခမ်းအနား

ခရိုင်သစ်တောအရာရှိများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်တင်ရေး သင်တန်းအမှတ်စဉ်(၃)ကို သစ်တောသုတေသနဌာန(ရေဆင်း)၊ စုဝေးခန်းမ၌ (၆-၇-၂၀၁၅) ရက်နေ့၊ နံနက်(၉း၃၀)နာရီတွင် ဖွင့်လှစ်ကျင်းပခဲ့ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ အခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင်၊ အမြဲတန်းအတွင်းဝန် ဦးခင်မောင်ရီ၊ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြေတိုင်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ သစ်တောတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သင်တန်းဆရာများ၊ သင်တန်းသားများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

ဒုတိယဝန်ကြီးမှ အမှာစကားပြောကြားရာတွင် သစ်တောဦးစီးဌာန၏ အဓိကလုပ်ငန်းများကို တာဝန်ခံဆောင်ရွက်နေကြသည့် ခရိုင်သစ်တောအရာရှိများအနေဖြင့် လုပ်ငန်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြင့်မား လာစေရန်၊ မိမိစိတ်ဓာတ်နှင့်ခံယူချက်များ တိုးတက်မြင့်မားစေရေးနှင့် သစ်တောလုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လက်ရှိပြောင်းလဲဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးစနစ်များနှင့်အညီ ပြောင်းလဲကျင့်သုံးရမည့် သစ်တောကဏ္ဍဆိုင်ရာ လိုက်လျောညီထွေရှိစေသည့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရေးတို့ကို ရည်



ရှယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနအနေဖြင့် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုများကို အောက်ခြေအထိ သိရှိနားလည်စေပြီး လိုက်ပါဆောင်ရွက်နိုင်ရန်အတွက် ခရိုင်သစ်တောဦးစီးဌာနများကို အခြေပြုဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့လုပ်ငန်းနှင့်ပတ်သက်၍ နည်းပညာပိုင်းနှင့် စီမံအုပ်ချုပ်လုပ်ကိုင်မှုအပိုင်းတို့တွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာကျွမ်းကျင်မှုအတွေ့အကြုံများကို စနစ်တကျအသုံးပြုပြီး ပိုမိုတိုးတက်လာစေရန် လေ့လာဆည်းပူးလိုသည့် အသိစိတ်ဓာတ်နှင့် ခံယူချက်ထားရှိဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊

နိုင်ငံတော်အစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများနှင့် ဗဟိုချုပ်ကိုင်မှု လျှော့ချရေးများကြောင့် တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် တာဝန်ခွဲယူမှုများပြားလာသည်နှင့်အမျှ နယ်ဘက်အရာထမ်းများတွင် မိမိတို့အဖွဲ့အစည်းအသီးသီးနှင့် ဝန်ထမ်းအဆင့်ဆင့်၏ တာဝန်ရှိမှု၊ တာဝန်သိမှု၊ တာဝန်ခံဆောင်ရွက်မှုများလိုအပ်လာမည်ဖြစ်ကြောင်း၊ ထိုသို့တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် ကျွမ်းကျင်မှုနှင့် ဗဟုသုတများပြည့်စုံစေရန်အတွက် ယခုသင်တန်းကိုဖွင့်လှစ်ပို့ချပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် သစ်တောဘာသာရပ်များအပြင် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာများ၊ တရားစီရင်မှုနှင့် အဂတိလိုက်စားမှု တားမြစ်ရေးဥပဒေဆိုင်ရာ သိကောင်းစရာများနှင့်ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်ဆေးခြင်း၊ အစီရင်ခံခြင်းနှင့် သုံးသပ်ချက်များစသည်တို့ကိုလည်း ပြင်ပဝန်ကြီးဌာနများမှ သင်တန်းဆရာများဖိတ်ကြား၍ ပို့ချပေးသွားမည်ဖြစ်ကြောင်း၊

သင်တန်းသားများအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် ထိရောက်မြန်ဆန်စွာဆောင်ရွက်ပေးနိုင်မည့် စွမ်းဆောင်ရည်များရရှိလာစေရန် သင်တန်းကာလအတွင်း သင်ကြားမှုများကို အလေးထားမှတ်သားပြီးစနစ်တကျ မေးမြန်းဆွေးနွေးကြရန် မှာကြားလိုကြောင်း၊ သင်တန်းသားတစ်ဦးချင်းစီ၏ စွမ်းဆောင်မှုများကိုလည်း မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

ထို့နောက် တက်ရောက်လာကြသူများ၊ သင်တန်းသားများအတူတကွ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး ဖွင့်ပွဲအခမ်းအနားကိုနံနက်(၁၀)နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။ သင်တန်းကိုဝန်ကြီးဌာနလက်အောက်ရှိ သစ်တောဦးစီးဌာနမှ ခရိုင်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး(၂၀)ဦး တက်ရောက်ခဲ့ကြပြီး ဇူလိုင်လ(၆)ရက်နေ့မှ (၁၇)ရက်နေ့အထိ ဖွင့်လှစ်ပို့ချသွားခဲ့ကြောင်း သိရှိရပါသည်။

## မြန်မာ - ကိုရီးယား ဇီဝအခြေခံစီးပွားရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲ(၂၀၁၅)ကျင်းပခြင်း

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် အမျိုးသားဇီဝအရင်းအမြစ်များ သိပ္ပံဌာန(National Institute of Biological Resources –NIBR)တို့ပူးပေါင်း၍ မြန်မာ-ကိုရီးယား ဇီဝအခြေခံစီးပွားရေးလုပ်ငန်းဆိုင်ရာဆွေးနွေးပွဲ (Myanmar-KoreaBio- Business Forum) ကို(၂၂-၇-၂၀၁၅) ရက်၊ နံနက် (၁၀)နာရီတွင် Grand Amara Hotel ၌ကျင်းပခဲ့ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ဆွေးနွေးပွဲသို့ ကိုရီးယားသမ္မတနိုင်ငံ ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာန၊ NIBR ဥက္ကဋ္ဌ Mr. Sang Bae Kim၊ ညွှန်ကြားရေးမှူးချုပ် Mr.Kim Dong - jinနှင့် ကိုယ်စားလှယ်များ၊ ဆိုးလ်တက္ကသိုလ်ပါမောက္ခ Dr. Woo-Shin Lee၊ ဇီဝဆိုင်ရာစက်မှုလုပ်ငန်းရှင် ကိုယ်စားလှယ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့်




ဆက်စပ်ဝန်ကြီးဌာနများမှ အရာရှိကြီးများ၊ မြန်မာနိုင်ငံ စက်မှုလက်မှုနှင့် ကုန်သည်ကြီးများ အသင်းချုပ်မှ ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပါသည်။

ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် မှ အမှာစကားပြောကြားရာတွင် Myanmar- Koera Bio-Business Forum သည် မြန်မာနိုင်ငံတွင် ဇီဝအရင်းအမြစ် အသုံးချမှုကို မြှင့်တင်ရေးအတွက် ပထမဆုံးအကြိမ်ကျင်းပသော ဖိုရမ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အဓိကဇီဝမျိုးစုံမျိုးကွဲအရေးပါမှုဒေသများဖြစ်သည့် အိန္ဒိယ၊ မလေးကျွန်းဆွယ်၊ ဟိမဝန္တာအရှေ့ဖျားဒေသနှင့် အင်ဒိုချိုင်းနားကျွန်းဆွယ်ဒေသတို့ စုဆုံသည့်နေရာတွင် တည်ရှိနေသောကြောင့် ဇီဝမျိုးစုံမျိုးကွဲများအတွက် နေရင်းဒေသမျိုးစုံ ထောက်ပံ့ပေးနေကြောင်း၊ မြန်မာနိုင်ငံသည် အာရှတိုက်နှင့် ပစိဖိတ်ဒေသတွင် ဇီဝမျိုးစုံမျိုးကွဲ အကြွယ်ဝဆုံးနိုင်ငံများတွင် ပါဝင်နေကြောင်း၊ မြန်မာအတွင်း၌လတ္တီကျူ၊ အမြင့်ပေနှင့် ရာသီဥတု အမျိုးမျိုးကွဲပြားသဖြင့် အပင်မျိုးစိတ်များ အလွန်စုံလင်ကြွယ်ဝကြောင်း၊

ယနေ့အချိန်အထိ အပင်မျိုးစိတ် ၁၁၈၀၀ကျော် မှတ်တမ်းတင်ထားပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏အပင်များတွင် သစ်ခွမျိုးစိတ်(၈၀၀)ကျော် ဝါးမျိုးစိတ်(၈၀)ကျော်နှင့် ဆေးဖက်ဝင်အပင်မျိုးစိတ်(၈၀၀)ကျော်ပါဝင်ကြောင်း၊ အဆိုပါအပင်မျိုးရိုးဗီဇအရင်းအမြစ်များသည် စီးပွားရေး၊ ထိန်းသိမ်းရေးနှင့် ရိုးရာယဉ်ကျေးမှုတို့တွင် အဓိကအခန်းကဏ္ဍမှပါဝင်နေပြီး စားနပ်ရိက္ခာဖူလုံရေး၊ ဇီဝလောင်စာနှင့် ဇီဝဆေးဝါးထုတ်လုပ်မှုတွင် အထောက်အကူပြုနေကြောင်း၊ အပင်မျိုးရိုးဗီဇအရင်းအမြစ်များသည် မြန်မာနိုင်ငံ၏ အဓိကအဖိုးတန်အရင်းအမြစ်တစ်ခုဖြစ်ပြီး ရှေးယခင်ကတည်းက ဆေးဝါး၊ အလှကုန်နှင့် စိုက်ပျိုးရေးထုတ်ကုန်များ စဉ်ဆက်မပြတ်ထုတ်လုပ်ရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံ၌ အပင်မျိုးရိုးဗီဇအရင်းအမြစ်များကိုသိပ္ပံနည်းကျ စနစ်တကျအသုံးချပြီး ထုတ်ကုန်အသစ်များထုတ်လုပ်ရန်အတွက် သုတေသနနှင့် သတင်းအချက်အလက်ဖြန့်ဝေခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် အားနည်းနေသေးကြောင်း၊ မကြာသေးမီက နှစ်များတွင် နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ဇီဝအခြေခံစက်မှုလုပ်ငန်း သိသိသာသာ တိုးတက်လာပြီး ကမ္ဘာတစ်ဝန်းတွင် ဇီဝအကျိုးအမြတ်လုပ်ငန်းလုပ်ဆောင်မှုများ လျင်မြန်စွာ တိုးတက်လာခဲ့ကြောင်း၊

ယနေ့ကျင်းပပြုလုပ်သည့် Myanmar-Korea Bio- Business Forum သည် မြန်မာနိုင်ငံတွင်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန် အပင်မျိုးရိုးဗီဇအရင်းအမြစ်များအား အသုံးချနိုင်ရေးအတွက် မှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ ဇီဝအခြေခံစက်မှုလုပ်ငန်းအတွက် အသုံးဝင်သော ဇီဝအရင်းအမြစ်များအား စဉ်ဆက်မပြတ်အသုံးချရေးတွင် ပူးပေါင်းဆောင်ရွက်ခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ထာဝစဉ်ဖွံ့ဖြိုးတိုးတက်မှု၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးတို့ကိုများစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ကွန်ဗင်းရှင်းနှင့် ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်များကဲ့သို့ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ကမ္ဘာလုံးဆိုင်ရာကြိုးပမ်းမှုများ၌ ကတိကဝတ်များ ဖြည့်ဆည်းနိုင်ရေးအတွက်လည်း အကူအညီပေးနိုင်မည်ဖြစ်ကြောင်း၊ ၎င်းအပြင် ၂၀၁၅ ခုနှစ် နောက်ပိုင်းဖွံ့ဖြိုးမှုအစီအစဉ် အကောင်အထည်ဖော်ရေးကိုလည်း အထောက်အကူပြုမည်ဖြစ်ကြောင်း၊ စုံလင်ကွဲပြားသည့် သစ်တောအမျိုးအစားများနှင့် ၎င်းတို့၏ ဆက်စပ်နေသော အပင်မျိုးရိုးဗီဇအရင်းအမြစ်များမှ မရေတွက်နိုင်အောင် များပြားသောအာနိသင်ရှိသည့် ဒြပ်ပေါင်းများကို ရှာဖွေရန်လိုအပ်ပြီး ၎င်းဒြပ်ပေါင်းများမှ တစ်ဆင့် ဆေးဝါးအသစ်များနှင့် အခြားဇီဝထုတ်ကုန်များကို ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဖို့လိုအပ်ကြောင်း၊

ယခုဆွေးနွေးပွဲတက်ရောက်လာသူများအနေဖြင့် မြန်မာနိုင်ငံအတွက် အကောင်းဆုံးအကျိုး ဖြစ်ထွန်းမှုရရှိစေရေးအတွက် ဇီဝအရင်းအမြစ်များ ဖော်ထုတ်ရေးတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် အောင်မြင်မှုရရှိသည်အထိ ဆွေးနွေးသွားရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရှိရပါသည်။

## အစိမ်းရောင်စီးပွားရေး မူဝါဒနှင့် မဟာဗျူဟာမူဘောင်ရေးဆွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Inception Workshop on Developing a Green Economy Policy and Strategic Framework for Myanmar) ကျင်းပခြင်း





ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ရန်ပုံငွေအဖွဲ့ (World Wide Fund for Nature - WWF) တို့ပူးပေါင်း၍ အစိမ်းရောင်စီးပွားရေးမူဝါဒနှင့် မဟာဗျူဟာမူဘောင်ရေးဆွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Inception Workshop on Developing a Green Economy Policy and Strategic Framework for Myanmar) ဖွင့်ပွဲအခမ်းအနားကို (၂-၇-၂၀၁၅)ရက် နံနက် ၉ နာရီတွင် နေပြည်တော်၊ Grand Amara Hotel ၌ ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင်နှင့် WWF Greater Mekong မှ Regional Conservation Director - Mr. Teak Seng တို့က အဖွင့်အမှာစကား အသီးသီးပြောကြားကြသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးများဖြစ်သော ဦးအေးမြင့်မောင်နှင့် ဒေါက်တာသက်သက်ဇင်၊ WWF မှ Regional Conservation Director Mr. Teak Seng ၊ Global Green Growth Institute မှ Assistant Director General - Mr. Per Bertilsson ၊ အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် Green Economy and Green Growth - GEGG ၊ Green Lotus ? International Union for Conservation of Nature - IUCN ၊ Myanmar Centre for Responsible Business - MCRB ၊ UNDP ၊ EU ၊ ADB ၊ JICA ၊ World Bank ၊ International Finance Corporation - IFC ၊ FAO ၊ UN-Habitat ၊ Swiss Agency for Development and Cooperation တို့မှ တာဝန်ရှိသူများ၊ အမေရိကန်ပြည်ထောင်စု၊ ဂျာမနီနိုင်ငံနှင့် နော်ဝေနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ စုစုပေါင်း(၁၀၀)ဦး တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လိုက်လျောညီထွေဖြစ်သော အစိမ်းရောင်စီးပွားရေးလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရေးနှင့် ပတ်သက်၍ မူဝါဒနှင့်မူဘောင်များ ရေးဆွဲချမှတ်နိုင်ရန် ရည်ရွယ်၍ နိုင်ငံတကာနှင့် ပြည်တွင်းမှ ကျွမ်းကျင်ပညာရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိ သူများအကြား ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့မှ ၃ ရက်နေ့အထိ နှစ်ရက်ကြာ ဆွေးနွေးကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် နိုင်ငံတကာအတွေ့အကြုံများနှင့် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေတို့အပေါ် အခြေခံ၍ ပြန်ပြည့်မြဲစွမ်းအင်အသုံးချရေး၊ ကာဗွန်ထုတ်လွှတ်မှု လျော့နည်းသော သယ်ယူပို့ဆောင်မှု ဖော်ဆောင်ရေးအပါအဝင် အစိမ်းရောင်စီးပွားရေး အဆောက်အအုံ ပေါ်ထွန်းလာစေရေးဆိုင်ရာ မူဝါဒနှင့်မူဘောင်အတွက် အခြေခံလိုအပ်ချက်များကို ဆွေးနွေးပြီး ရှေ့လုပ်ငန်းစဉ်များကို ဖော်ထုတ်သွားမည် ဖြစ်ကြောင်းသိရှိရသည်။

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီတို့နှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးကာ ဝန်ကြီးဌာနလက်အောက်ရှိဝန်ထမ်းများအားတွေ့ဆုံမှာကြား

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီအဖွဲ့ဝင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအတွင်းရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအေး လိုက်ပါလျက် ၁၃-၇-၂၀၁၅ရက်နေ့ နံနက်(၉)နာရီတွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးအဆောက်အအုံသစ် ဖွင့်လှစ်ပွဲအခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ပြည်နယ်ဝန်ကြီးများ၊

လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသူများနှင့်အတူတက်ရောက်ခဲ့ပါသည်။ ရုံးအဆောက်အအုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီးနောက် အမှတ်တရ သစ်ပင်စိုက်ပျိုးကာ ရုံးအဆောက်အအုံသစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။



ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ် (၁၃-၇-၁၅)



ကယားပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနလက်အောက်ရှိ အရာထမ်း၊ အမှုထမ်းများအား လမ်းညွှန်မှာကြားစဉ် (၁၄-၇-၁၅)

ထို့နောက် ဆက်လက်ထွက်ခွာခဲ့ကာ ၁၄-၇-၂၀၁၅ ရက်နေ့တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ပန်ကန်းကျေးရွာအုပ်စု၊ စစ်တပ်တောင်ကွင်း၊ ကွင်းအမှတ် (၁၆၆) တွင် တည်ဆောက်လျက်ရှိသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးအဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင်သည် ခရီးစဉ်အတွင်း တောင်ကြီးမြို့၌ ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်လည်းကောင်း၊ လွိုင်ကော်မြို့တွင် ကယားပြည်နယ်ပတ်ဝန်းကျင် ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်လည်းကောင်း တွေ့ဆုံပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီနှင့် ပြည်နယ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီတို့အကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သန့်ရှင်းရေး၊ သယံဇာတတူးဖော်ထုတ်လုပ်မှုများ၊ စက်ရုံ၊ အလုပ်ရုံများ၊ စက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးလှုပ်ရှားမှုများ၊ ဆွေးနွေးပွဲများ ဆောင်ရွက်ရေးကိစ္စရပ်များအား တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

ထို့အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ ခေတ်စနစ်ပြောင်းလဲမှုနှင့်အညီ ပြုပြင်ပြောင်းလဲရေးကိစ္စရပ်များအား တက်ညီလက်ညီဖြင့် ဆောင်ရွက်ရေး၊ ဝန်ထမ်းများ တာဝန်ကျေပွန်အောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်ရေး၊ မိမိတို့၏ ပင်ကိုယ်အရည်အသွေးများ တိုးတက်အောင် အစဉ်အမြဲကြိုးပမ်းဆောင်ရွက်ရေး၊ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်သွားရေး၊ စာရင်းစစ်ကန့်ကွက်ချက်များအား လျော့နည်းကျဆင်းအောင် ကြိုးပမ်းဆောင်ရွက်သွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများအား ကိုယ်တိုင်လိုက်နာကျင့်သုံးရုံသာမက မိမိပတ်ဝန်းကျင်သို့လည်း ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာနိုင်ရေးအတွက် ပညာပေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရေး လမ်းညွှန်မှာကြားခဲ့ပါသည်။

## ခရိုင်သစ်တောအရာရှိများစီမံခန့်ခွဲမှုစွမ်းဆောင်ရည် မြင့်တင်ရေးသင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပခြင်း

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဒေါက်တာသက်သက်ဇင်သည် (၁၇-၇-၂၀၁၅)ရက်နေ့ မွန်းလွဲ(၁း၃၀)နာရီတွင် သစ်တောသုတေသန၊ စုဝေးခန်းမ၌ကျင်းပသော ခရိုင်သစ်တောအရာရှိများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်တင်ရေးသင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သစ်တောတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် သင်တန်းနည်းပြများ၊ သင်တန်းသားများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ

တက်ရောက်ခဲ့ကြပါသည်။

ဒုတိယဝန်ကြီးမှ အမှာစကားပြောကြားရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် ပြောင်းလဲလာသည့် ခေတ်စနစ်မူဝါဒ၊ လုပ်ထုံးလုပ်နည်းဖြေလျှော့ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူဗဟိုပြု၍ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံနေရသည့်မြို့နယ်၊ ခရိုင်အဆင့် သစ်တောအရာရှိများကို ပြောင်းလဲလာသည့် အခြေအနေများနှင့်အညီ ပြုပြင်ပြောင်းလဲခြင်းမူဝါဒနှင့် မဟာဗျူဟာများကိုလက်တွေ့ဖြစ်ထွန်း အသက်ဝင်လာစေရန်အတွက် ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊

အစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲခြင်းများ ချမှတ်ဆောင်ရွက်နေရာတွင် အလယ်အလတ်နှင့် အောက်ခြေအဆင့်များတွင် ပြောင်းလဲမှုများ မရောက်ရှိသေးသည့်အတွက် မိမိတာဝန်ယူနေရသည့် ခရိုင်အတွင်းရှိ အောက်ခြေအဆင့်ဆင့်သော ဝန်ထမ်းများသို့ တာဝန်ရှိမှုများကို သိမြင်နားလည်လာစေရန်အတွက် ခရိုင်သစ်တောအရာရှိများသည် Key Player များအဖြစ်ရှိနေပါကြောင်း၊ ထို့အပြင် ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများ ပြုပြင်ရေးဆွဲရမည့် အချိန်ကာလဖြစ်သည့်အတွက် နောင်(၁၀)နှစ်အတွက် သစ်တောကဏ္ဍဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစီမံကိန်းများကို ပီပီပြင်ပြင်ရေးဆွဲနိုင်ရန်အတွက် အမြင်နှင့်အတတ်ပညာများရှိနေရန် လိုအပ်ကြောင်း၊ ခရိုင်မှတာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ပြောင်းလဲလာသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာ ဘာသာရပ်များ သာမက အခြားဌာနအဖွဲ့အစည်းများမှ သင်တန်းဆရာများ ဖိတ်ခေါ်၍ ပြည်သူ့ ဆက်ဆံရေး၊ မီဒီယာနှင့် သစ်တောကဏ္ဍ ဘာသာရပ်၊ နိုင်ငံတော်အစိုးရ၏ ကောင်းမွန်သောအုပ်ချုပ်မှု (Good Govemance)ဥပဒေရေးရာ ကိစ္စရပ်များအစရှိ သည့် ဘာသာရပ်များကိုပါ ထည့်သွင်းသင်ကြားပေးခဲ့ပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်၏ တန်ဖိုးကြီးမားသည့် ဘဏ္ဍာဖြစ်သော အဖိုးတန်သစ်တောသယံဇာတများကို မဆုံးရှုံးအောင် တားဆီးကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည့်အတွက် နိုင်ငံတော်သမ္မတ၏ အထူးဂုဏ်ထူးဆောင်ဆု ချီးမြှင့်ခြင်းခံခဲ့ရပြီဖြစ်ပါကြောင်း၊ ယခုအခါ လူဦးရေတိုးပွားလာသည်နှင့်အမျှ သစ်တောထွက်ပစ္စည်းများ ပိုမိုထုတ်ယူလာခြင်းနှင့် သစ်တောမြေများ အခြားမြေအဖြစ် အသုံးချခြင်းများရန်မှ ကာကွယ်ရမည်ဖြစ်ကြောင်း၊ ကာကွယ်ထိန်းသိမ်းရေးတွင် မိမိတို့ဝန်ထမ်းအင်အား တစ်ခုတည်းဖြင့် ဆောင်ရွက်နိုင်မည် မဟုတ်သောကြောင့် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုသည် အရေးကြီးပါသဖြင့် ပညာပေးစည်းရုံးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း

နိဂုံးချုပ်အနေဖြင့် သင်တန်းသားများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသည့်အားလျော်စွာ နိုင်ငံတော်နှင့် ပြည်သူများအပေါ် သစ္စာရှိစွာအလုပ်အကျွေးပြုသွားရန်နှင့် ပြောင်းလဲနေသည့် ခေတ်စနစ်နှင့်အညီလိုက်လျောညီထွေစွာ ဆောင်ရွက်သွားနိုင်ရန်အတွက် ပြည်သူနှင့်တစ်သားတည်းဖြစ်သည့် Social Forester များဖြစ်အောင် ကြိုးစားဆောင်ရွက်သွားရန် မှာကြားလိုပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာညီညီကျော်မှ သင်တန်းသားများ ကိုယ်စားသင်တန်းသားတစ်ဦးအား သင်တန်းဆင်းအောင် လက်မှတ်များပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရှိရပါသည်။



## မြန်မာနိုင်ငံ ဇီဝမျိုးစုံမျိုးကွဲ သတင်းအချက်အလက် ဖြန့်ချိရေးစနစ်တည်ထောင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား

မြန်မာနိုင်ငံ ဇီဝမျိုးစုံမျိုးကွဲ သတင်းအချက်အလက် ဖြန့်ချိရေးစနစ် (Myanmar Biodiversity Clearing-House Mechanism) တည်ထောင်ရေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို (၁၅-၇-၂၀၁၅)ရက်၊ နံနက်(၉)နာရီတွင် နေပြည်တော်၊ Grand Amara Hotel ၌ ကျင်းပခဲ့ရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ဆွေးနွေးပွဲသို့ IUCN မှ GIS/ Environmental Specialist ဖြစ်သူ Mr.Diniel Constable ၊ ဘယ်လ်ဂျီယံနိုင်ငံ Clearing-House Mechanism ၏ Focial Point ဖြစ်သူ Mr.Han De Koeijer ၊ ဝန်ကြီးဌာနနှင့် ဆက်စပ်




ဌာနများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ကြပါသည်။

ညွှန်ကြားရေးမှူးချုပ်မှ အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲများကြွယ်ဝပြီး နိုင်ငံသူနိုင်ငံသားများသည်လည်း သဘာဝနှင့်ဟန်ချက်ညီညီ နေထိုင်တတ်ကြသူများဖြစ်ကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲများ၊ အစားအစာ အသက်မွေးဝမ်းကျောင်း၊ ဝင်ငွေနှင့်အရေးပါသည့် အခြားဂေဟစနစ် ဝန်ဆောင်မှုများကိုပါ ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ထို့ကြောင့် ဇီဝမျိုးစုံမျိုးကွဲများ စနစ်တကျစီမံအုပ်ချုပ်ခြင်းနှင့် ထိရောက်စွာ ကာကွယ်နိုင်ရန်အတွက် နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာ စီမံချက် (National Biodiversity Strategy and Action Plan – NBSAP)ရေးဆွဲအကောင်အထည်ဖော်လျက်ရှိနေပါကြောင်း၊

ဇီဝမျိုးစုံမျိုးကွဲများ စနစ်တကျစီမံအုပ်ချုပ်ခြင်း၊ ထိရောက်စွာထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ်အသုံးပြုနိုင်ရေးသည် ဌာနအဖွဲ့အစည်းအများအပြား ဆက်စပ် ဆောင်ရွက်ရသည့်လုပ်ငန်းများဖြစ်သည့်အတွက် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ ပူးပေါင်းပါဝင်ရန်အရေးကြီးပါကြောင်း၊ ထို့ကြောင့် နိုင်ငံအဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်နှင့် နေရာဒေသအဆင့်တို့တွင် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင် သတင်းနှင့်အချက်အလက်များကို ဆက်စပ်ပတ်သက်သူများအကြား မျှဝေနိုင်မည့် စနစ်တစ်ခုလိုအပ်မည်ဖြစ်ပါကြောင်း၊

ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်း (CBD)၏ပြဋ္ဌာန်းချက် အပိုဒ်(၁၈/၃)တွင်လည်း နိုင်ငံအဆင့်ဇီဝမျိုးစုံမျိုးကွဲ သတင်းအချက်အလက်ဖြန့်ချိရေးစနစ် (Clearing-House Mechanism) ဝက်ဘ်ဆိုဒ်တစ်ခုတည်ထောင်ရန် တိုက်တွန်းထားပါကြောင်း၊ နိုင်ငံအဆင့်ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာ စီမံချက်(NBSAP)ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများအတွင်း ဆက်စပ်သည့်သတင်းအချက်အလက်များကို ရရှိနိုင်ရန်အတွက် ဇီဝမျိုးစုံမျိုးကွဲ သတင်းအချက်အလက် ဖြန့်ချိရေးစနစ်(CHM)သည် အရေးပါသည့်အခန်းကဏ္ဍတွင် တည်ရှိနေပါကြောင်း၊ သစ်တောဦးစီးဌာနသည် နည်းပညာရန်ပုံငွေနှင့် လူ့စွမ်းအားအရင်းအမြစ် အကန့်အသတ်များအကြားမှ မြန်မာ့ဇီဝမျိုးစုံမျိုးကွဲ သတင်းအချက်အလက် ဖြန့်ချိရေးစနစ် Myanmar Biodiversity Clearing-House Mechanism တည်ထောင်နိုင်ရန် ၂၀၁၀ခုနှစ်မှ စတင်ကြိုးပမ်းခဲ့ပါကြောင်း၊ ယခုအချိန်တွင် IUCN ၏ ပံ့ပိုးမှုနှင့် ဘယ်လ်ဂျီယံနိုင်ငံ CHM Focal Point ဖြစ်သူ Mr.Han de Koeijer ၏ အတွေ့အကြုံဝေမျှမှုနှင့်အတူ မြန်မာ့ဇီဝမျိုးစုံမျိုးကွဲ သတင်းအချက်အလက် ဖြန့်ချိရေးစနစ်ကို ပြန်လည်အသက်သွင်း စတင်သွားမည်ဖြစ်ပါကြောင်း၊

ယခု မြန်မာ CHM ဝက်ဘ်ဆိုဒ်သည် ဆက်စပ်ပတ်သက်သူများအကြား ဇီဝမျိုးစုံမျိုးကွဲ ဆိုင်ရာသတင်း အချက်အလက်များနှင့် နည်းပညာဖလှယ်ခြင်းကိုသာမက ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းလုပ်ငန်းများတွင်လည်း ပြည်သူလူထုပူးပေါင်းပါဝင်မှုမြှင့်တင်နိုင်ရန်အတွက် အထောက်အကူပြုစေနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် နိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှုနှင့် ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်း CBD အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ပြသနိုင်မည့် နိုင်ငံအဆင့်ပြတိုက်တစ်ခုအဖြစ် မြန်မာ CHM ဝက်ဘ်ဆိုဒ်မှ ဖြည့်ဆည်းသွားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့ အလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝအရင်းအမြစ်ဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်ပတ်သက်နေသည့် အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏အတွေ့အကြုံ၊ အကြံဉာဏ်များအပေါ် အခြေခံကာ မြန်မာ့ဇီဝမျိုးစုံမျိုးကွဲ သတင်းအချက်အလက် ဖြန့်ချိရေးစနစ် တည်ထောင်ရေးတွင် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို (၁၅-၇-၂၀၁၅)ရက်နေ့မှ (၁၆-၇-၂၀၁၅)ရက်နေ့ထိ (၂)ရက်ကြာ ကျင်းပခဲ့ကြောင်း သိရှိရပါသည်။

**ဇီဝမျိုးစုံ ကြွယ်စေဖို့၊**
**သဘာဝတောတွေ ထိန်းသိမ်းစို့။**

# မြန်မာနိုင်ငံတွင် ဒီရေတောအခြေပြု ကမ်းရိုးတန်းဒေသ စီမံအုပ်ချုပ်မှုဆိုင်ရာအကျိုး ဆက်စပ်ပတ်သက်သူများ ပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း




ဆွေးနွေးပွဲ အခမ်းအနားတက်ရောက်လာကြသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်။

ရန်ကုန်မြို့၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန(IBC)၌ (၂၀-၇-၂၀၁၅) ရက်နေ့ နံနက်(၉) နာရီတွင် "မြန်မာနိုင်ငံတွင် ဒီရေတောအခြေပြု ကမ်းရိုးတန်းဒေသ စီမံအုပ်ချုပ်မှုဆိုင်ရာ အကျိုးဆက်စပ်ပတ်သက်သူများ ပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲ"ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အပြည်ပြည်ဆိုင်ရာအဖွဲ့၊ အနာဂတ်အတွက် ဒီရေတောများအဖွဲ့၊ မြန်မာ့ပတ်ဝန်းကျင်ထူထောင်ထိန်းသိမ်းရေး ကွန်ရက်စသည့် အဖွဲ့အစည်းများ နှင့် ပျိုးပင်အဖွဲ့တို့ ပူးပေါင်းကျင်းပခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံအဆင့်ညှိနှိုင်းရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဆက်စပ်အစိုးရဌာနများမှ ကိုယ်စားလှယ်များ၊ အနာဂတ်အတွက် ဒီရေတောများအဖွဲ့မှ ကျွမ်းကျင်ပညာရှင်များ၊ ပြည်တွင်းရှိ ဒီရေတောနှင့် ကမ်းရိုးတန်းဒေသ စီမံအုပ်ချုပ်မှုဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊ ဒီရေတောထိန်းသိမ်းရေးနှင့် ကမ်းရိုးတန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ပြည်တွင်း၊ ပြည်ပအစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သတင်းမီဒီယာများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း(၈၀)ဦး တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်မှ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် အင်ဒို-မြန်မာဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး နယ်မြေအတွင်းပါဝင်ပြီး ဒေသတွင်းနိုင်ငံများတွင် မျိုးသုန်းပျောက်ကွယ်သွားပြီဖြစ်သော အပင်နှင့် တိရစ္ဆာန်မျိုးစိတ်များ မှီတင်းနေထိုင်ရာ ဒေသဖြစ်သည့်အတွက် အာရှဒေသ၏ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးဆိုင်ရာ နောက်ဆုံးခံတပ်ဟူ၍ ပညာရှင်များက တင်စားခေါ်ဝေါ်ခဲ့ကြပါကြောင်း၊ ကမ်းရိုးတန်းအရှည်(၂၈၀၀)ကီလိုမီတာကျော်ရှိသည့် မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းဒေသတစ်လျှောက်တွင် ဇီဝမျိုးစုံမျိုးကွဲ ကြွယ်ဝသည့် ဒီရေတော၊ သန္တာကျောက်တန်းနှင့် ပင်လယ်မြက်ခင်း စသည့် ကမ်းရိုးတန်းဂေဟစနစ်များတည်ရှိပါကြောင်း၊ အဆိုပါ ဂေဟစနစ်များသည် နိုင်ငံ၏စားနပ်ရိက္ခာဖူလုံရေးနဲ့ နိုင်ငံခြားဝင်ငွေရရှိရေးတို့ကို အထောက်အကူပြုနေသည့် ငါး၊ ပုစွန်များ မှီတင်းနေထိုင်ရာ ဒေသများဖြစ်သည့်အပြင် လေပြင်းမုန်တိုင်းနှင့် ဆူနာမီရေလှိုင်းများစသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများကို လျော့ပါးစေရန် ကာကွယ်ပေးနိုင်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ အနာဂတ်အတွက် ဒီရေတောများအဖွဲ့မှ Senior Programme Manager ဖြစ်သူ Ms. Connie Chiang နှင့် မြန်မာ့ပတ်ဝန်းကျင် ထူထောင်ထိန်းသိမ်းရေးကွန်ရက်မှ ဥက္ကဋ္ဌ ဒေါက်တာကျော်တင့်တို့မှ မြန်မာနိုင်ငံတွင် ဒီရေတောအခြေပြုကမ်းရိုးတန်းဒေသ စီမံအုပ်ချုပ်မှုနှင့်စပ်လျဉ်း၍ အသီးသီးရှင်းလင်းပြောကြားခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် ဒီရေတောနှင့် ကမ်းရိုး တန်းဒေသ စီမံအုပ်ချုပ်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ကျွမ်းကျင်ပညာရှင်များမှ စာတမ်းအစောင်(၂၀) တင်သွင်းဖတ်ကြားခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲကို (၂၀-၇-၂၀၁၅) ရက်နေ့မှ (၂၁-၇-၂၀၁၅) ရက်နေ့ နေ့လယ်ပိုင်းအထိ၊ တစ်ရက်ခွဲ ကျင်းပသွားခဲ့ပြီး၊ (၂၁-၇-၂၀၁၅)ရက်နေ့ နေ့လယ်ပိုင်းတွင် တတိယအကြိမ်မြောက် ဒီရေတောဆိုင်ရာ နိုင်ငံအဆင့်ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရှိရပါသည်။

## နေပြည်တော်ကောင်စီနယ်မြေ



(၂၁-၇-၂၀၁၅)ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ လယ်ဝေးသစ်တောဦးစီးဌာန၊ ဦးစီးအရာရှိအပါအဝင် မြို့နယ်စစ်ကြောင်းအဖွဲ့ဝင်(၆)ဦးသည် ဒက္ခိဏသီရိမြို့နယ် မကျည်းကုန်းကျေးရွာနှင့် ဂူနှစ်လုံးဆည်စု ကျေးရွာချင်းဆက်လမ်းဘေးနေရာမှ တရားမဝင်သံသေခွဲသား ၃၅၂ ချောင်း၊ (၂. ၁၂၅၂)တန် တင်ဆောင်လာသော ယာဉ်အမှတ် 6D/9654 (၆)ဘီး(အပြာရောင်) ယာဉ်(၁)စီးအား တရားခံ(၂)ဦး နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရပါသည်။

## ပဲခူးတိုင်းဒေသကြီး



(၉-၇-၂၀၁၅)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိဦးဆောင်သော သစ်တောဝန်ထမ်းများနှင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှ စခန်းမှူးဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များပူးပေါင်းအဖွဲ့သည် ဖြူးမြို့နယ်၊ အမြန်လမ်းမကြီးမိုင်တိုင်(၁၁၅)မိုင် ယာဉ်ရပ်နားစခန်း ဆီဆိုင်ဝင်းအတွင်းမှ ကျွန်းတံခါးရွက် (၁၆၃)ရွက်(၁. ၈၈၇၆)တန် နှင့် ကျွန်းပွတ်လုံး(၂၀၀)ချောင်း(၀. ၁၆)တန် တင်ဆောင်လာသည့် ယာဉ်အမှတ် 4J/2679 မီးခိုးရောင်ကား(၁)စီးအား ပိုင်ရှင်မဲ့အဖြစ် ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရပါသည်။

ပဲခူးတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်း(၂၈)ဦးပါဝင်သောအဖွဲ့သည် ပြည်ခရိုင်အတွင်း တရားမဝင်သစ်ဖမ်းဆီးခြင်းလုပ်ငန်းများကို (၉-၇-၂၀၁၅)ရက်နေ့မှ (၁၃-၇-၂၀၁၅) ရက်နေ့အထိဆောင်ရွက်ခဲ့ရာ တရားမဝင်ကျွန်းသစ်/တိုင်/ခွဲသား (၁၆၂)လုံး/ချောင်း (၂၃. ၃၂၉၆)တန်နှင့် ပျဉ်းကတိုးခွဲသား (၁၄၂)ချောင်း(၃၁. ၆၁၁၄)တန်၊ စုစုပေါင်း(၃၀၄)လုံး/ချောင်း (၅၄. ၉၄၁)တန်ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး

(၁-၇-၂၀၁၅)ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင် သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများအဖွဲ့သည် တရားမဝင်သစ်ဖမ်းဆီးခြင်း လုပ်ငန်းဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေး ကားလမ်း၊ မြင်းမူမြို့ ရွှေတောင်တန်ပိုစစ်ဆေးရေးဂိတ်အလွန်နေရာမှ တရားမဝင် တမလန်း ခားရွေ (၁၈)တုံး၊ (၀. ၇၉၅၈)တန် တင်ဆောင်ထားသော ယာဉ်အမှတ် YGN-2I/6705 (၁)စီးအား ပိုင်ရှင်မဲ့အဖြစ်ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရပါသည်။





(၃-၇-၂၀၁၅)ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ် သစ်တောဦးစီးဌာနဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စစ်ကိုင်း-မုံရွာသွား ကားလမ်း၊ ကံတလူ တိုးဂိတ်အနီးနေရာမှ တရားမဝင် တမလန်းခားရွေ(၈)တုံး (၀. ၄၀၄၄)တန် တင်ဆောင်ထားသော ယာဉ်အမှတ် 4J/3978 Crown အဖြူရောင် ယာဉ်(၁) စီးနှင့်အတူ တရားခံ(၁)ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရပါသည်။



## မန္တလေးတိုင်းဒေသကြီး

(၃-၇-၂၀၁၅) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်သော သစ်တောဝန်ထမ်းများသည် ပုသိမ်ကြီးမြို့နယ်၊ မန္တလေး-ပြင်ဦးလွင် လမ်းမိုင်တိုင် အမှတ် (၁၆/၃)အနီးနေရာမှာ တရားမဝင် တမလန်းဓားရှေ့(၃၅)တုံး (၅. ၄၃၆၂) တန်တင် ဆောင်လာသော ယာဉ်အမှတ် 2E/8582 (၁၂)ဘီး ယာဉ်(၁) စီးအား တရားခံ(၂)ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရပါသည်။

## ပြည်နယ်နှင့် တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနများ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလ မှ ဇွန်လ အထိ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်း ဖမ်းဆီးရမိမှု ပြည်ထောင်စုစာရင်းချုပ်

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကျွန်း | တန် | ၃၅၃၁.၉၂၃၅ | |
| ၂ | သစ်မာ | တန် | ၃၁၉၁.၇၇၀၁ | |
| ၃ | အခြား | တန် | ၇၃၀၁.၁၇၁၁ | |
| | စုစုပေါင်း | | ၁၈၀၆၄.၈၆၈၇ | စဉ် (၁) မှ (၃) |
| ၄ | မီးသွေး | တန် | ၂၈၈၄.၉၁၆၀ | |
| ၅ | ကား | စီး | ၄၁၃ | |
| ၆ | မြေကော်စက် | စီး | ၁ | |
| ၇ | ထော်လာဂျီ/ ဒိန်းဒေါင်း | စီး | ၂၄ | |
| ၈ | ဆိုင်ကယ်/ ဆိုက်တွဲယာဉ် | စီး | ၉၂ | |
| ၉ | စက်လှေ/ ရေယာဉ်/ ပဲ့ထောင်လှေ | စီး | ၄၇ | |
| | စုစုပေါင်း | | ၅၇၇ | စဉ် (၅) မှ (၉)၊ ယာဉ်/ ယန္တရား |
| ၁၀ | သစ်စက်/ အင်ဂျင် | လုံး | ၁၆၆ | |



# ရှုမှီးပွားဘဝဖွံ့ဖြိုးတိုးတက်လာတော့မည့် ဇီဝအဝန်းနယ်မြေဒေသများ

စာတည်းမှူး



ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးကန်ဒေသ

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် ဒုတိယအကြီးဆုံးနိုင်ငံဖြစ်ပြီး၊ အရှေ့တောင်အာရှပင်မကုန်းမြေတွင်ရှိသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် နယ်မြေအကျယ်အဝန်းအားဖြင့် အကြီးဆုံးနိုင်ငံဖြစ်ပါသည်။ နိုင်ငံအတွင်း မြစ်ချောင်းများ၊ သဘာဝရေချိုကန်များနှင့် တည်ဆောက်ထားသည့်ရေလှောင်တမံများ၊ အများအပြားရှိသည့်အတွက် ရေသယံဇာတပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါသည်။ ထိုသို့ကြွယ်ဝလှစွာသော သယံဇာတများရေရှည်တည်တံ့ဖွံ့ဖြိုးတည်ရှိရေးသည် စနစ်တကျထုတ်ယူသုံးစွဲမှုနှင့် စနစ်တကျထိန်းသိမ်းရေးတို့ပေါ်တွင် များစွာမူတည်ပေသည်။

နိုင်ငံတွင်းရှိ ရေသယံဇာတများထဲတွင် ရေတိမ်ဒေသ (Wet Lands)များလည်းပါဝင်ပေသည်။ ရေတိမ်ဒေသများကို ပူးပေါင်းထိန်းသိမ်းနိုင်ရန်အတွက် နိုင်ငံပေါင်းစုံပါဝင်သော၊ ရေတိမ်ဒေသညီလာခံကို ၁၉၇၁ ခုနှစ်၊ ဖေဖော်ဝါရီလ(၂)ရက်နေ့တွင် အီရန်နိုင်ငံ ရမ်ဆာမြို့၌ ကျင်းပခဲ့ပြီး၊ တက်ရောက်လာကြသောနိုင်ငံများမှ ရမ်ဆာသဘောတူစာချုပ်(Ramsar Convention)ကို လက်မှတ်ရေးထိုး၍ နှစ်စဉ်ဖေဖော်ဝါရီလ(၂)ရက်နေ့ကို ကမ္ဘာ့ရေတိမ်ဒေသထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ကြပါသည်။

မြန်မာနိုင်ငံသည် အရေးပါသော ရေတိမ်ဒေသများစွာကို ပိုင်ဆိုင်ထားပြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ၁၉၈၅ ခုနှစ်မှစတင်ပြီး ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးကန်ဒေသကို ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းရန်အတွက် ဘေးမဲ့တောအဖြစ် ဖွဲ့စည်းစီမံအုပ်ချုပ်ခဲ့ပါသည်။

အင်းလေးကန်ဒေသသည် ထူးခြားသော တိုင်းရင်းသားများ၏ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံအမွေအနှစ်များတည်ရှိခြင်း၊ ရှားပါးသည့်ဒေသရင်းဇီဝမျိုးစုံမျိုးကွဲများပေါကြွယ်ဝခြင်း၊ သာယာလှပသည့် ရှုမျှော်ခင်းများတည်ရှိခြင်း၊ ဖောင်တော်ဦးဘုရားအပါအဝင် တန်ခိုးကြီးဘုရားများတည်ရှိခြင်း၊ မြန်မာနိုင်ငံ၏ အဓိကကျသော၊ လောပိတရေအားလျှပ်စစ်စက်ရုံ၏ ရေအရင်းအမြစ်ဖြစ်ခြင်းစသည့်အချက်များနှင့် ပြည့်စုံသောနေရာဒေသတစ်ခုဖြစ်ပြီး၊ ဒေသအတွင်း မှီတင်းနေထိုင်သော ဒေသခံများအတွက် သာမကနိုင်ငံအတွက်ပါ အဖိုးထိုက်တန်သော သဘာဝအမွေအနှစ်တစ်ခုဖြစ်ပါသည်။ ဤသို့အင်းလေးကန်၏ ထူးခြားသောဂုဏ်အင်္ဂါရပ်များကြောင့် အာဆီယံအမွေအနှစ်ဒေသ (ASEAN Heritage Site)အဖြစ် သတ်မှတ်ခံခဲ့ရပါသည်။

အင်းလေးကန်ဒေသကို လူသားနှင့်ဇီဝအဝန်းနယ်မြေ (Man and Biosphere Reserve- MAB)အဖြစ် သတ်မှတ်နိုင်ရေးအတွက် လိုအပ်သည့်လုပ်ငန်းစဉ် အဆင့်ဆင့်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနနှင့် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (United Nations Educational, Scientific and Cultural Organization-UNESCO)တို့ ၂၀၁၃ ခုနှစ်မှစ၍ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ(၂၈)ရက်နေ့တွင် (UNESCO)သို့ အမည်စာရင်းပေးပို့ အဆိုပြုခဲ့ပါသည်။

၂၀၁၅ ခုနှစ်၊ ဇွန်လ(၈)ရက်နေ့မှ (၁၂)ရက်နေ့အထိ၊ ပြင်သစ်နိုင်ငံ၊ ပါရီမြို့၊ ယူနက်စကိုရုံးချုပ်၌ ကျင်းပခဲ့သော (၂၇)ကြိမ်မြောက်ကုလသမဂ္ဂ ပညာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့(UNESCO)၏ လူသားနှင့် ဇီဝအဝန်းနယ်မြေ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကောင်စီအစည်းအဝေး(27th Session of the International Coordimating Council (ICC) of the Man and the Biosphere (MAB)Programme)တွင် မြန်မာနိုင်ငံ၏ ပထမဆုံးလူသားနှင့် ဇီဝအဝန်းနယ်မြေ(Man and the Biosphere Reserve)အဖြစ် ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးကန်ဒေသအား သတ်မှတ်ရန် အဆိုတင်သွင်းခဲ့ပါသည်။

၂၀၁၅ ခုနှစ်၊ ဇွန်လ(၉)ရက်နေ့တွင် ပြင်သစ်နိုင်ငံ၊ ပါရီမြို့တွင် ကျင်းပခဲ့သော ယူနက်စကို လူသားနှင့်ဇီဝအဝန်း

အစီအစဉ် ပူးပေါင်းညှိနှိုင်းမှုကောင်စီ အစည်းအဝေးမှ အင်းလေးကန်ဒေသကို "လူသားနှင့်ဇီဝအဝန်းနယ်မြေ"အဖြစ် သတ်မှတ်လိုက်ကြောင်း အတည်ပြုကြေညာခဲ့ပါသည်။ ထို့ကြောင့် အင်းလေးကန်ဒေသသည် မြန်မာနိုင်ငံ၏ ပထမဆုံးသော လူသားနှင့်ဇီဝအဝန်းနယ်မြေဖြစ်လာပြီး၊ ကမ္ဘာ့နိုင်ငံပေါင်း(၁၂၀)တွင်ရှိသည့် ဇီဝအဝန်းနယ်မြေပေါင်း(၆၅၁)ခုထဲတွင် တစ်ခုအပါအဝင်ဖြစ်လာခဲ့ပါသည်။

ထို့အတူ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်ရှိ အင်းတော်ကြီးကန်သည် မြန်မာနိုင်ငံ၏ အကြီးဆုံးကန်တစ်ခုဖြစ်ပြီး သဘာဝနယ်မြေတစ်ခုအဖြစ် ၂၀၀၄ ခုနှစ်တွင် စတင်ဖွဲ့စည်းသတ်မှတ်ခဲ့ပါသည်။ အဆိုပါ အင်းတော်ကြီးကန်သည် အာဆီယံအမွေအနှစ်ဥယျာဉ်တစ်ခုဖြစ်ရာ၊ သဘာဝပတ်ဝန်းကျင်အခြေအနေကောင်းများတည်ရှိပြီး၊ အထူးသဖြင့် ကမ္ဘာ့ရှားပါးတိရစ္ဆာန်စာရင်းဝင် မျောက်လွှဲကျော်မျိုးစိတ်များနှင့် အင်းတော်ကြီးကန်အတွင်းသာ နေထိုင်ကျက်စားသည့် ဒေသမျိုးရင်းငါးမျိုးစိတ်များလည်း တည်ရှိနေပါသည်။ ကမ္ဘာ့မြောက်ဘက်ခြမ်းမှ ဆောင်းခိုငှက်များ ကျရောက်ကျက်စားလေ့ရှိပြီး ဩစတြေးလျ-အာရှဒေသဆိုင်ရာ ငှက်ပျံသန်းလမ်းကြောင်းတွင်ကျရောက်သည့် အရေးကြီးငှက် ထိန်းသိမ်းရေးနယ်မြေဖြစ်ပါသည်။ ထို့အပြင်ရေတိမ်ဒေသများ ထိန်းသိမ်းရေး ကွန်ဗင်းရှင်းမှ ငှက်မျိုးစိတ်အမြောက်အမြား ရှင်သန်ပေါက်ဖွားရာဒေသ(Ram-sar Site )တစ်ခုအဖြစ် အမည်စာရင်း အဆိုပြုတင်သွင်းထားသည့် ဒေသတစ်ခုဖြစ်ပြီး၊ ကန်အနီးအနားပတ်ဝန်းကျင်ရှိ ကျေးရွာ(၁၃)ရွာတွင်နေထိုင်ကြသည့် ဒေသခံပြည်သူများကို စားနပ်ရိက္ခာနှင့် လူမှုစီးပွားရေးအတွက် သယံဇာတအရင်းအမြစ်များ ထောက်ပံ့ပေးနေသည့် နေရာတစ်ခုဖြစ်ပါသည်။သို့ဖြစ်ပါ၍ အင်းတော်ကြီးကန်ဒေသကိုလည်း မြန်မာနိုင်ငံ၏ လူသားနှင့် ဇီဝအဝန်းနယ်မြေ- MAB အသစ်တစ်ခု ထပ်မံဖွဲ့စည်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

သဘာဝကုန်းတွင်း ရေအိုင်ကြီးများဖြစ်ကြသည့် အင်းလေးကန်နှင့် အင်းတော်ကြီးကန်တို့၏ ရေချိုအရင်းအမြစ်များကို ဒေသခံများအတွက် စဉ်ဆက်မပြတ်ပံ့ပိုးပေးခဲ့ပြီး၊ ယခုအခါ လူသားတို့ ၏ လုပ်ရပ်များနှင့် သဘာဝဖြစ်စဉ်များကြောင့် ပတ်ဝန်းကျင်အနေအထား ယိုယွင်းပျက်စီးလာနေပြီဖြစ်ပါသည်။ ထိုသို့သော ပြဿနာများ ဖြေရှင်းရန်အတွက် ဂေဟစနစ်အား အခြေခံသည့် စီမံအုပ်ချုပ်ခြင်းနှင့် သဘာဝသယံဇာတကာကွယ် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ဒေသခံ ပြည်သူများ ပူးပေါင်းပါဝင်နိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် သဘာဝဝန်းကျင်နှင့် ဂေဟစနစ်ကို ပြန်လည်ကောင်းမွန်စေမည်ဖြစ်ပါသည်။

ဇီဝအဝန်းနယ်မြေ အစီအစဉ်၏ အဓိကရည်ရွယ်ချက်မှာ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်း၊ ဒေသခံပြည်သူတို့၏ လူမှုစီးပွားရေးမြှင့်တင်ခြင်း၊ ဒေသတွင်းယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းခြင်း၊ လူသားနှင့်သဘာဝပတ်ဝန်းကျင်တို့အကြား ဆက်နွယ်မှုညီညွတ်မျှတစွာ တိုးတက်လာစေရန်ထိန်းညှိစီမံအုပ်ချုပ်မည့်စနစ်တစ်ရပ် ချမှတ်ဆောင်ရွက်စေခြင်းတို့ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဤကဲ့သို့ လူသားနှင့် ဇီဝအဝန်းနယ်မြေ- MAB များ သတ်မှတ်နိုင်ခြင်းဖြင့် ဒေသခံပြည်သူများနှင့် သဘာဝပတ်ဝန်းကျင်အကြား ဆက်စပ်မှုကို ဟန်ချက်ညီစေရန်အတွက် မူဝါဒနှင့် လုပ်ငန်းစဉ်များ၊ စီမံအုပ်ချုပ်မှုစနစ်များကို ပေါင်းစပ်လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းကောင်းများ ရရှိနိုင်ခြင်း၊ ဒေသအတွင်း ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေးနှင့် ဒေသခံပြည် သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးရေးကို ဟန်ချက်ညီညီ ဆောင်ရွက်နိုင်မည့် ရလဒ်ကောင်းများရရှိလာတော့မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။


ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးကန်ဒေသ

## ၂၀၁၅ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ပထမဆုရ ဒေါ်ဝေဝေလှိုင်၏ဆောင်းပါး ယခင်လမှအဆက်အား ဆက်လက်ဖော်ပြပါသည်။




" Seven Billion Dreams. One Planet. Consume with Care "

**လူသားသန်း ၇၀၀၀ ရဲ့ မျှော်မှန်းချက်တွေပြည့်ဝဖို့ တို့ကမ္ဘာကြီးကို ထိန်းသိမ်းစောင့်ရှောက်စို့**

ရေရှည်တည်တံ့သော သုံးစွဲမှုနှင့်ထုတ်လုပ်မှု ဖြစ်ထွန်းစေရန်အတွက် အရင်းအမြစ်များအား အမြော်အမြင်ရှိရှိသုံးစွဲခြင်းဖြင့် စွန့်ပစ်ပစ္စည်းနှင့် ညစ်ညမ်းမှုကို လျှော့ချရန်လိုအပ်ပါသည်။ ပြန်လည်ပြည့်ဖြိုးမြဲ အရင်းအမြစ်များကို ပြန်လည်ပြည့်ဖြိုးနိုင်သည့် အကန့်အသတ်အတွင်းမှသာ သုံးစွဲရန်လိုပါသည်။ ပြန်လည်ပြည့်ဖြိုးနိုင်သည့် သဘာဝအရင်းအမြစ်ဖြစ်သည့်ရေကို အသုံးချရာတွင်ပင် အကန့်အသတ်မဲ့သုံးစွဲပါက ခန်းခြောက်သွားနိုင်ပါသည်။ ပုံမှန်စီးဆင်းနေသော မြစ်၊ ချောင်းကို တမံဖြင့်တား၍ ရေလှောင်ရာတွင် စနစ်ကျသော စီမံခန့်ခွဲမှုမရှိပါက မြစ်၊ ချောင်းပင်တိမ်ကောသွားနိုင်ပါသည်။ Sustainable Forest Management ကို မလိုက်နာဘဲ စည်းကမ်းမဲ့ သစ်တောခုတ်ထွင်ခြင်းပြုလုပ်လျှင် သစ်တောပြုန်းတီးခြင်း (Deforestation) ဖြစ်ပွားနိုင်ပါသည်။ ဇီဝဝန်းကျင်ကို ကာကွယ်ခြင်းမရှိလျှင် အပင်နှင့်သတ္တဝါမျိုးစိတ်များ ပျောက်ကွယ်သွားနိုင်ပါသည်။

လူသားတို့၏ ဘဝနေထိုင်မှုပုံစံ ပြောင်းလဲခြင်းသည် တော်လှန်ရေးတစ်ရပ်အသွင် ဖြစ်ပေါ်လာသင့်ပြီဖြစ်ပါသည်။ အမှုအကျင့်ဟောင်းများကို မစွန့်လွှတ်နိုင်ခြင်းကြောင့် လက်ရှိရင်ဆိုင်နေရသည့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ ပိုမိုကြီးထွားလာမည်ကို သတိပြုသင့်ပါသည်။ အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သော ပတ်ဝန်းကျင်ထိခိုက်မှုကို မျှော်တွေးကြည့်သင့်သည်။ Intergovernmental Panel of Climate Change (IPCC)၏ ခန့်မှန်းချက်များအရ ၂၁ ရာစုကုန်တွင် ကမ္ဘာ့လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုဒ်သည် နှစ်ပေါင်း ၆၅၀၀၀၀ အတွင်း အမြင့်ဆုံးအခြေအနေကို ရောက်ရှိလာမည်ဖြစ်ပါသည်။ ကမ္ဘာ့အပူချိန်သည် ၁. ၄ ဒီဂရီ စင်တီဂရိတ်မှ ၅. ၈ ဒီဂရီ စင်တီဂရိတ်ထိ မြင့်တက်လာနိုင်ပါသည်။ ရေထုအပူချိန်မြင့်တက်လာမှုကြောင့် မုန်တိုင်းတိုက်ခတ်မှု အကြိမ်ပိုများလာပြီး ပြင်းအားပိုမိုလာပါမည်။ ၂၁ ရာစု၏ ဒုတိယပိုင်းတွင် အာတိတ်ဒေသ၏ နွေရာသီ၌ရေခဲများ လုံးဝပျောက်ကွယ်သွားဖွယ်ရှိပါသည်။ ပင်လယ်သမုဒ္ဒရာအတွင်း အက်ဆစ်လွန်ကဲမှုကြောင့် သန္တာကျောက်တန်းများ ပျက်စီးသွားဖွယ်ရှိပါသည်။ ပင်လယ်ရေပြင်သည် ၂၁၀၀ ပြည့်နှစ်တွင် ၁၉၈၀ - ၁၉၉၉ ပျမ်းမျှရေပြင်ထက် ၂၈ မှ ၄၃ စင်တီမီတာအထိမြင့်တက်လာနိုင်ပါသည်။ အအေးပိုင်းရှိ စဉ့်ခဲဒေသများ အရည်ပျော်မှုကြောင့် ၎င်းအောက်ရှိ ကာဗွန်ဒိုင်အောက်ဆိုဒ်များ လွတ်ထွက်လာဖွယ်ရှိပါသည်။ မိုးခေါင်မှုအကြိမ် ပိုများလာမည်ဖြစ်ပါသည်။ အပင်နှင့်သတ္တဝါမျိုးစိတ်များ၏ ၄ ပုံ ၁ ပုံနှင့်ညီမျှသည့် မျိုးစိတ်ပေါင်း ၁ သန်း မျိုးသုဉ်းပျောက်ကွယ်သွားမည်ဖြစ်ပါသည်။ အရင်းအမြစ်အားလုံး၏ ပဲ့ကိုင်ရှင်လူသားပင်လျှင် မျိုးသုဉ်းပျောက်ကွယ်သွားနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောဆိုလာကြပြီဖြစ်ပါသည်။ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးလျှင် ၎င်းအပေါ်မှီခိုသူ လူသားသည်လည်း ထိခိုက်ပျက်စီးရလိမ့်မည်မှာ သဘာဝကျသောဖြစ်ရပ်ပင် ဖြစ်ပါသည်။

ကမ္ဘာကြီးကို ထိန်းသိမ်းစောင့်ရှောက်ရန် ကမ္ဘာ့ခေါင်းဆောင်များက ညီလာခံများ၊ ဆွေးနွေးပွဲများအကြိမ်ကြိမ်ပြုလုပ်ပြီး နည်းလမ်းရှာဖွေလာကြပြီဖြစ်သကဲ့သို့ ကမ္ဘာသူကမ္ဘာသားအားလုံးသည်လည်း ဒေသအလိုက်၊ အစုအဖွဲ့အလိုက်၊ တစ်ဦးချင်းအလိုက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိအမြင်များ ပျိုးထောင်ပြီး ကမ္ဘာကြီးကိုတတ်စွမ်းသမျှ ထိန်းသိမ်းစောင့်ရှောက်သင့်ပါသည်။ လူအမျိုးမျိုး၊ နည်းလမ်းအသွယ်သွယ်ဖြစ်သော်လည်း အဓိကလိုရင်းအချက်မှာ အနည်းငယ်မျှသာဖြစ်ပါသည်။ "Think Globally, Act Locally" ဟူသော ဆောင်ပုဒ်နှင့်အညီ ကမ္ဘာနှင့်ချီသည့် ကြီးမားသောကိစ္စပင်ဖြစ်လင့် ကစားတတ်နိုင်သလောက် ပါဝင်ဆောင်ရွက်သင့်ပါသည်။

အတိတ်ကာလက "ဖွံ့ဖြိုးမှုသာအဓိက၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဒုတိယ"ဟူသည့် အတွေးအခေါ်များဖြင့် စဉ်းစားတွေးခေါ် လုပ်ကိုင်ခဲ့ခြင်းကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးခဲ့ရပါသည်။ သက်တမ်းရာချီနေသော သစ်ပင်ကြီးများကို စက္ကူလုပ်ရန်၊ ဘီရိုပြုလုပ်ရန် ခုတ်လှဲခြင်းသည် သင့်လျော်

မှုမရှိကြောင်း တွေးဆနိုင်ရန်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင် ဖြစ်နေရန်မလိုအပ်ပါ။ တစ်ဦးချင်းစီ၏ အသိတရားဖြင့် ဆောင်ရွက်သွားရမည့်ကိစ္စပင် ဖြစ်ပါသည်။ ရေတိုအဆင်ပြေမှုကိုသာ စဉ်းစားတတ်သည့် Short-term Thinking အလေ့အထကို ပြုပြင်ရပါမည်။

လက်ရှိစွမ်းအင်သုံးစွဲမှုပုံစံကို ပြန်လည်ဆန်းစစ်ရန် လိုအပ်ပါသည်။ လက်ရှိအခြေအနေတွင် ကမ္ဘာ့လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၏ သုံးပုံနှစ်ပုံခန့်သည် ကျောက်မီးသွေးစက်ရုံများမှ ရရှိပါသည်။ တစ်ကမ္ဘာလုံးမှထွက်သည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ပမာဏ၏ လေးပုံတစ်ပုံခန့်သည် ကျောက်မီးသွေးလောင်မြိုက်မှုမှ ထွက်ပေါ်လာပါသည်။ ထို့ကြောင့် စွမ်းအင်သုံးစွဲမှုပုံစံများကို ပြုပြင်ပြောင်းလဲရန်လိုအပ်ပါသည်။ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များဖြစ်သော နေရောင်စွမ်းအင်၊ လေစွမ်းအင်၊ ဘူမိအပူစွမ်းအင်နှင့် ရေစွမ်းအင်တို့ကို အစားထိုးအသုံးပြုရန်လိုပါသည်။

လူသားများသည် မိမိတို့၏ အခြေခံလိုအပ်ချက်များကို ပြည့်စုံအောင်ဖြည့်ဆည်းရာတွင် ဂေဟစနစ်၏ပံ့ပိုးဝန်ဆောင်မှုအပေါ် ကျယ်ကျယ်ပြန့်ပြန့် မှီခိုဆောင်ရွက်ခဲ့ကြပါသည်။ ခေတ်အဆက်ဆက် အရှိန်စွဲလာခဲ့သော သဘာဝသယံဇာတအခြေပြု ဖွံ့ဖြိုးမှုပုံစံသည် ယနေ့ခေတ်နှင့် အံမဝင်တော့သည့်အတွက် ပြန်လည်ဆန်းစစ်ရန် လိုအပ်မည်ဖြစ်ပါသည်။ မိမိတို့ဆောင်ရွက်နေသော စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများသည် ဂေဟစနစ် မပျက်ယွင်းစေဘဲ သဘာဝသယံဇာတများကို အကျိုးရှိထိရောက်စွာ အသုံးချသည့်လုပ်ငန်း များဖြစ်ရန် လိုအပ်ပါသည်။ တစ်နည်းအားဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုကို ရှေ့ရှုသည့် အစိမ်းရောင် စီးပွားရေးလမ်းကြောင်းပေါ် လျှောက်လှမ်းရမည်ဖြစ်ပါသည်။

Reduce, Reuse, Recycle လုပ်ငန်းစဉ်ကို အသုံးပြုရပါမည်။ ၎င်းသည် ကုန်ကျစရိတ်သက်သာစေရုံသာမက ပတ်ဝန်းကျင်အပေါ် ဝန်ထုပ်ဝန်ပိုး သက်ရောက်စေမှုကို များစွာ လျှော့ချပေးပါသည်။ လေ့လာမှုတစ်ရပ်က စက္ကူဟောင်းပေါင် ၂၀၀၀ ကို ပြန်လည်အသုံးပြုခြင်းဖြင့် ရေဂါလန် ၇၀၀၀ နှင့် ဆီဂါလန် ၄၀၀ ခန့်သက်သာစေကြောင်း ဖော်ပြပါသည်။ စက္ကူဟောင်းများကို ပြန်အသုံးချနိုင်လျှင် ချနိုင်သလောက် သစ်ပင်လျော့နည်းမှုကို လည်းသက်သာစေမည်ဖြစ်ပါသည်။ သံမဏိစက်ရုံများတွင် သံတိုသံစများဖြင့် ပြန်လည်ကျိုချက်ထုတ်လုပ်လျှင် လေထုညစ်ညမ်းမှုကို ၈၆ ရာခိုင်နှုန်းထိ လျော့ပါး သက်သာစေနိုင်ပါသည်။ ရေသန့်ဗူးအကြည်များကိုပင် Recycle ပြန်လုပ်၍ ပလတ်စတစ်ခြေသုတ်ဖုံများအဖြစ် အသုံးပြုနိုင်ပါသည်။

ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထုညစ်ညမ်းမှုကို လျော့နည်းစေပြီး စီးပွားရေး အကျိုးကျေးဇူးလည်း မထိခိုက်စေသော ခေတ်မီနည်းပညာများကို အသုံးပြုရပါမည်။ ဥပမာ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများတွင် Clean Coal Technology ခေါ် ညစ်ညမ်းဓာတ်ငွေ့ ထုတ်လွှတ်မှုကို လျှော့ချနိုင်မည့် အဆင့်မြင့်နည်းပညာများ၊ မော်တော်ကားကုမ္ပဏီများမှ အဆိပ်အတောက်နည်းစေသော ပစ္စည်းများဖြင့် ထုတ်လုပ်သည့် နည်းပညာများ စသည်တို့ကိုအသုံးပြုရမည်။ သို့ရာတွင် အဆိုပါနည်းပညာများ အသုံးပြုထုတ်လုပ်ထားသည့် ထုတ်ကုန်များသည် တန်ဖိုးကြီးမြင့်သဖြင့် လူတိုင်းလက်လှမ်းမီရန်မဖြစ်နိုင်သည့် ပြဿနာရှိနေပါသည်။ သို့ဖြစ်ရာ ဖွံ့ဖြိုးပြီးနိုင်ငံများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာနှင့် နည်းပညာများကိုဝေမျှပေးရန် တာဝန်ရှိပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားရန် ဓနအင်အားနှင့် နည်းပညာချို့တဲ့သဖြင့် ထိခိုက်မှုအများဆုံး ခံစားရလေ့ရှိပါသည်။ ကမ္ဘာကြီးတွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရေကြော၊ မြေကြောဆက်စပ်နေသည်ဖြစ်ရာ နိုင်ငံတစ်နိုင်ငံ၏ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာသည် ကမ္ဘာလုံးဆိုင်ရာ ပြဿနာပင်ဖြစ်ပါသည်။ ပတ်ဝန်းကျင်ထိခိုက်မှုပိုမိုခံစားရသူများအတွက် ထိခိုက်မှုအပေါ် ပိုမိုကောင်းမွန်စွာ စီမံကိုင်တွယ်နိုင်ရန်အတွက် ငွေကြေးအကူအညီ၊ နည်းပညာအကူအညီများဖြင့် စွမ်းရည်မြှင့်တင်ပေးသင့်ပါသည်။

ကမ္ဘာမြေကြီးကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည့် အခြားနည်းလမ်းတစ်ရပ်မှာ လူဦးရေကိုကန့်သတ်ခြင်းပင် ဖြစ်ပါသည်။ လူများလျှင် အမှိုက်များလာပါမည်။ လူများလျှင် ပဋိပက္ခများလာပါမည်။ လူဦးရေတိုးပွားခြင်းကြောင့် စားနပ်ရိက္ခာလိုအပ်ချက် မြင့်မားလာပါမည်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် မြေရှားပါးခြင်း၊ ရေရှားပါးခြင်း၏ အကျိုးဆက်အဖြစ် အရင်းအမြစ် ရှားပါးခြင်းကိုပါ ရင်ဆိုင်နေရပါသည်။ သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုကြောင့် သဘာဝအရင်းအမြစ်များ ပျက်စီးရပြီး အရင်းအမြစ်အပေါ် အခြေတည်ဖြစ်ပွားသည့် ပဋိပက္ခများ ဖြစ်ပေါ်လာရပါသည်။ ဆူဒန်နိုင်ငံတွင် ကာလရှည်ဖြစ်ပွားနေသော ဒါဖာစစ်ပွဲ၊ ဆီးရီးယားပြည်တွင်းစစ်၊ ဆိုမာလီပြည်တွင်းစစ်တို့သည် အသက်ကိုရင်းပြီး မြေလုခြင်း၊ ရေလုခြင်းတို့မှစ၍ အမှိုက်ကာစ ပြဿာဒ်မီးလောင် ဖြစ်ပွားခဲ့ရသော စစ်ပွဲများဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာကြီးကို ကာကွယ်စောင့်ရှောက်ရန် လူဦးရေအဆမတန် တိုးပွားလာခြင်းကို ထိန်းချုပ်သင့်ပါသည်။

ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများအတွက် အထက်တွင်ဖော်ပြခဲ့သော နည်းလမ်းများမှာ ပူးပေါင်းဆောင်ရွက်မှုပေါ်တွင်အခြေပြုသော နည်းလမ်းများဖြစ်ပြီး ယခုတင်ပြမည့် နည်းလမ်းမှာ တစ်ဦးချင်းကိုယ်စီအသိဖြင့် ဆောင်ရွက်နိုင်သည့် သေးငယ်သော်လည်း အရေးပါလှသည့်ကိစ္စရပ်များဖြစ်ပါသည်။ သဘာဝအလင်းရောင်ဖြင့် တတ်နိုင်သမျှ အလုပ်လုပ်သင့်ပါသည်။ အလင်းရောင်လိုအပ်လာပါက ရှေးယခင် အသုံးပြုခဲ့သည့် အပူစွမ်းအင်များများပေးပြီး အလင်းစွမ်းအင် နည်း

နည်းသာပေးသော မီးလုံးဝါများအစား အလင်းစွမ်းအင်များ များပေးသော စွမ်းအင်ချွေတာရေး မီးချောင်းများကို အစားထိုးအသုံးပြုသင့်ပါသည်။ အိမ်သုံးလျှပ်စစ်ပစ္စည်းများအနက် စွမ်းအင်အများဆုံး အသုံးပြုသော လေအေးပေးစက်အစား ၄င်းထက် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုများစွာ သက်သာသော ပန်ကာများကို အစားထိုး အသုံးပြုသင့်ပါသည်။ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များကိုလည်း စွမ်းအင်ချွေတာရေးစနစ် (Power Saving Function)ဖြင့် အသုံးပြုသင့်ပါသည်။ အိမ်ပတ်ဝန်းကျင်တွင် စိမ်းစိုသောအပင်များ စိုက်ပျိုးခြင်းဖြင့် စိမ်းလန်းသာယာစေနိုင်ပါသည်။ တစ်ခါသုံးပန်းကန်နှင့် ဗူးများအစား တစ်ပြန်တစ်လဲလဲ ပြန်လည်အသုံးပြုနိုင်သော ပန်းကန်နှင့် ဗူးများအသုံးပြုသင့်ပါသည်။ အဝတ်အိတ်များသုံး၍ ဈေးဝယ်ခြင်း၊ ပစ္စည်းသယ်ခြင်းဖြင့် ပလတ်စတစ်အိတ်အသုံးပြုမှုကို လျှော့ချနိုင်ပါသည်။ နေအိမ်မှ ရုံး၊ ကျောင်းစသည်တို့သို့သွားလျှင် တော်ရုံအကွာအဝေးအတွက် ကားမစီးဘဲ ခြေလျင်သွားသင့်ပါသည်။ ဝေးကွာသောနေရာများသို့သွားလျှင်လည်း အများသုံးယာဉ်များဖြင့်သာ သွားလာသင့်ပါသည်။ လိုအပ်သလောက်သာ ဝယ်ယူခြင်း၊ စားသုံးခြင်းဖြင့်လည်း အလေအလွင့်ကို လျှော့ချနိုင်ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမြင်ဖြင့် အသားစားသုံးခြင်းကို လျှော့ချသင့်ပါသည်။ ဖော်ပြခဲ့သည့်နည်းလမ်းများမှာ စွမ်းအင်ချွေတာရေးအတွက် လူတိုင်းပါဝင် ဆောင်ရွက်နိုင်သော နည်းလမ်းများစွာအနက် အချို့သာဖြစ်ပါသည်။ ခေတ်သစ်လူနေမှုစနစ်တွင် ဖော်ပြပါလုပ်ငန်းဆောင်တာများကဲ့သို့ ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများအတွက် ဆောင်ရွက်နိုင်သည့် နည်းလမ်းများစွာရှိသဖြင့် တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးခြင်းဖြင့် ကမ္ဘာကြီးကို စိမ်းလန်းစေနိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် ပတ်ဝန်းကျင်ဆိုင်ရာစိန်ခေါ်မှုများမှာ ဆယ်စုနှစ်အတွင်း အပူချိန် ၀.၀၈ ဒီဂရီစင်တီဂရိတ် မြင့်တက်လာခြင်း၊ အချို့နေရာများတွင် မိုးရွာသွန်းမှုပိုလာပြီး အချို့နေရာများတွင် မိုးရွာသွန်းမှုလျော့နည်းလာခြင်း၊ အနောက်တောင် မုတ်သုံလေဝင်ရောက်ချိန်နောက်ကျ၍ ထွက်ခွာချိန်စောသဖြင့် မုတ်သုံကာလတိုတောင်းလာခြင်း၊ ဆိုင်ကလုန်း၊ ရေကြီးခြင်း၊ အပူလွန်ကဲခြင်း၊ ခရမ်းလွန်ရောင်ခြည် ညွှန်းကိန်းမြင့်မားလာခြင်း၊ မိုးခေါင်ခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်ခြင်း၊ သစ်တောပြုန်းတီးခြင်း၊ စိုက်ပျိုးမြေများ၏ အပေါ်ယံမြေဆီလွှာပြုန်းတီးခြင်း စသည်တို့ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များတွင် ဒေသတွင်းနိုင်ငံများ၊ အာဆီယံအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။ မူဝါဒပိုင်းဆိုင်ရာဆောင်ရွက်ချက်များအဖြစ် ၂၀၀၉ ခုနှစ်တွင် အမျိုးသားအဆင့်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (National Sustainable Development Strategy)ကို ချမှတ်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကို ပြဌာန်းခဲ့ပါသည်။ ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက်တွင် ဆင်းရဲမှုပပျောက်ရေး (End Poverty)သည် ထိပ်ဆုံးမှပါဝင်နေသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆင်းရဲနွမ်းပါးမှုပပျောက်ရေးစီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကြောင့် ဖွံ့ဖြိုးမှုအရှိန်အဟုန်များ နှောင့်နှေးမသွားစေရေး ဆောင်ရွက်ချက်များကို ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး မဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ်မှတ်ယူ၍ အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု(Environmental Impact)နှင့် လူမှုဘဝဆိုင်ရာထိခိုက်မှုများ (Social Impact)များကို အထူးအလေးအနက်ထားဆောင်ရွက်လျက်ရှိပါသည်။ ဤနေရာတွင် ပွင့်လင်းမြင်သာမှု (Transparany)ရှိရန် အရေးကြီးပါသည်။ မည်သည့် စီမံကိန်းမဆို ပတ်ဝန်းကျင်၏ နဂိုရှိရင်းစွဲအခြေအနေကို အနည်းနှင့်အများ ထိခိုက်စေပြီးမှ ဆောင်ရွက်ရသည်ကို အသိဉာဏ်ပွင့်လင်းလာသော ပြည်သူလူထုက နားလည်သဘောပေါက်ကြပါသည်။ ထို့ကြောင့် စီမံကိန်းသည် သဘာဝပတ်ဝန်းကျင်အပေါ် မည်သည့်အတိုင်းအတာထိ ထိခိုက်နိုင်ကြောင်း၊ လျော့ပါးသက်သာစေရန် မည်သို့ဆောင်ရွက်နိုင်ကြောင်း ပြည်သူလူထုသို့ ပွင့်လင်းမြင်သာစွာချပြပြီး ပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၂၁ ရာစုကမ္ဘာ၏ ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်မည့်သူမှာ ယနေ့ကမ္ဘာ့လူသားများသာဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ရေရှည်တည်တံ့မှုကို ဦးတည်ခြင်းမရှိသော သုံးစွဲမှုများကြောင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကိုခံစားရသည့် ပထမဦးဆုံးမျိုးဆက်ဖြစ်ပြီး ၄င်းပြဿနာကိုအဖြေရှာရမည့် နောက်ဆုံးမျိုးဆက်လည်း ဖြစ်နေပါသည်။ လှပသောကမ္ဘာမြေကြီးကို သားစဉ်မြေးဆက်အတွက် လက်ဆင့်ကမ်းနိုင်ရန်အတွက် အသိ၊ သတိဖြင့် ယှဉ်တွဲဆောင်ရွက်ရန် မီးမောင်းထိုးပြနေသည့် ၂၀၁၅ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို **"Seven Billion Dreams. One Planet. Consume with Care"** **"လူသားသန်း ၇၀၀၀ ရဲ့ မျှော်မှန်းချက်တွေပြည့်ဝဖို့ တို့ကမ္ဘာကြီးကို ထိန်းသိမ်းစောင့်ရှောက်စို့"** ဟူသော ကြွေးကြော်သံနှင့်အတူ ဂုဏ်ပြုကြိုဆိုလိုက်ရပါသည်။

**ပုဇွန်အဆုံးအမဖြင့်**
**သဘာဝပတ်ဝန်းကျင်ကို**
**ထိန်းသိမ်းကြပါစို့ - - - ။**







ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း အင်းတော်ကြီးကန်ဒေသ ဇီဝအဝန်းနယ်မြေ အဆိုပြုသတ်မှတ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (၁၀-၇-၂၀၁၅)





ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း နိုင်ငံအဆင့် သစ်တောကာဗွန်ထုတ်လွှတ်မှု ရည်ညွှန်းပမာဏ သတ်မှတ်ခြင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ အဖွင့်အမှာစကားပြောကြားစဉ်။ (၂၁-၇-၂၀၁၅)





ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ၂၀၁၅ ခုနှစ်၊ အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးနှစ် နှင့် ဒုတိယအကြိမ်အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ညီညွတ်သောကျောင်းဆုချီးမြှင့်ပွဲဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ အဖွင့်အမှာစကားပြောကြားစဉ်။ (၂၉-၇-၂၀၁၅)





ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ခရိုင်သစ်တောအရာရှိများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်တင်ရေး သင်တန်းအမှတ်စဉ်(၃)
သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (၆-၇-၂၀၁၅)





ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် မြန်မာ-ကိုရီးယား ဇီဝအခြေခံစီးပွားရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (၂၂-၇-၂၀၁၅)




အစိမ်းရောင် စီးပွားရေး မူဝါဒနှင့် မဟာဗျူဟာမူဘောင်ရေးဆွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Inception Workshop on Developing a Green Economy Policy and Strategic Framework for Myanmar) ဖွင့်ပွဲအခမ်းအနားတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်။ (၂-၇-၂၀၁၅)





ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် ခရိုင်သစ်တောအရာရှိများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (၁၇-၇-၂၀၁၅)





ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် ရှမ်းပြည်နယ် နှင့် ကယားပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးစဉ်။ (၁၃၊ ၁၄- ၇-၂၀၁၅)




မြန်မာနိုင်ငံဇီဝမျိုးစုံမျိုးကွဲ အချက်အလက်များ ဖြန့်ချိဖလှယ်ရေးစနစ် ရေးဆွဲအကောင်အထည်ဖော်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်လာကြသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်။ (၁၅-၇-၂၀၁၅)

# သစ်တောဦးစီးဌာနမှ ၂၀၁၅ ခုနှစ်၊ မိုးရာသီလူထုဖြန့်ပျိုးပင်များအား ပြည်သူများသို့ အခမဲ့တိုက်ရိုက်ဖြန့်ဝေမှု မှတ်တမ်းဓာတ်ပုံများ



စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်



ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမြို့နယ်



ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်



မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်



ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်



ကရင်ပြည်နယ်၊ ဘားအံမြို့နယ်

# ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးများမှ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်များ ဇွန်၊ ဇူလိုင်လအတွင်း ကျင်းပပြုလုပ်




ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ ဘောဂလိမြို့၊ သပြေညွန့်ကျေးရွာအုပ်စု၊ သပြေညွန့်ကျေးရွာ၌ စုပေါင်းသစ်ပင်စိုက်ပျိုးနေစဉ်။(၅-၆-၂၀၁၅)



ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကော့ကရိတ်မြို့နယ် ၊ မြို့မဘိနယ်၊ အမှတ်(၇)ရပ်ကွက်၊ ကွက်သစ်စာသင်ကျောင်းလျာထားမြေနေရာအတွင်း မြန်မာအမျိုးသမီးများနေ့ အထိမ်း အမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးနေစဉ်။ (၃-၇-၂၀၁၅)

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ သစ်တောဦးစီးဌာန၊ ကျိုင်းတုံမြို့နယ်၊ကျိုင်းတုံ-တောင်ကြီးကားလမ်း မိုင်တိုင် အမှတ် (၃၈၄/၇)၊ ပန်ကြူရေတံခွန်ရေဝေရေလဲဧရိယာအတွင်း သစ်ပင်စိုက်ပျိုးနေစဉ်။ (၁၇-၇-၂၀၁၅)





ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့တွင်အများပိုင် စိုက်ခင်း(၁၁)ကေ ခန့်ဖော်ထုတ်၍ Mr. Shingo Onishi (Chief Researcher) ၊ ဂျပန်နိုင်ငံ မဂ်လာပါကာလပ် အဖွဲ့ဝင်များ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လှော်ကျွင့်ရေးသစ်တောအတွင်းရှိ ဒေသခံ ပြည်သူ အစုအဖွဲ့ဝင်များ ချစ်ကြည်ရင်းနှီးစွာ သစ်ပင်စိုက်ပျိုးနေစဉ်။ (၃-၇-၁၅)မှ (၅-၇-၁၅)ရက်နေ့အထိ




မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့နယ်၊ သစ်တောဦးစီးဌာန၊အုန်းကိုင်းကျေးရွာ အ.မ.က(၁၇)ကျောင်း၌ စုပေါင်းသစ်ပင်စိုက်ပျိုးနေစဉ်။(၇-၇-၂၀၁၅)

## လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင် ကြယ်လိပ်များ ပေါက်ဖွားလျက်ရှိခြင်း



လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင် ထိန်းသိမ်းမွေးမြူထားသော ကြယ်လိပ်အရွယ်စုံ(အထီး-၁၁၄၊ အမ-၉၉၊ ခွဲခြားမရ-၁၆၄၂)၊ စုစုပေါင်း (၁၈၅၅)ကောင်အနက် အရွယ်ရောက်ကြယ်လိပ်မ(၈၇)ကောင်မှ ၁၆. ၉. ၂၀၁၄ ရက်နေ့မှ ၁၁. ၃. ၂၀၁၅ ရက်နေ့ထိ ဥကျင်း(၂၃၉)ကျင်းတွင် ဥလုံးရေ(၁၆၅၄)လုံး ဥအုထားခဲ့ပြီး ၁၉. ၅. ၂၀၁၅ရက်နေ့မှ ၃၀. ၆. ၂၀၁၅ ရက်နေ့ထိ ကြယ်လိပ်ကောင်ရေ(၁၁၂၅) ကောင် ပေါက်ဖွားခဲ့ပြီး ပေါက်ဖွားနှုန်းမှာ ၆၈ ရာခိုင်နှုန်းဖြစ်ပါသည်။ လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင် စတင်မွေးမြူခဲ့သည့် ၂၀၀၁ ခုနှစ်မှ၂၀၁၅ ခုနှစ်ထိ (၁၄)နှစ်အတွင်း ယခုနှစ်သည် ဥအများဆုံးနှင့် ပေါက်ဖွားမှုရာခိုင်နှုန်းအများဆုံးဖြစ်ပြီး စတင်မွေးမြူစဉ်က ကြယ်လိပ်(၈၂)ကောင်ဖြစ်ပြီး ယခုအခါ အရွယ်စုံကြယ်လိပ်(၂၉၈၀)ကောင်ရှိလာပြီး လိပ်သားပေါက်ကလေးများကိုလည်း ဂရုတစိုက်စောင့်ရှောက်လျက်ရှိပါသည်။ ရွှေစက်တော်ဘေးမဲ့တောတွင် (၃၈၂)ကောင်၊မင်းစုံတောင်ဘေးမဲ့တောတွင် (၂၀၂၈)ကောင်နှင့် လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင် (၂၉၈၀)ကောင် စုစုပေါင်းကြယ်လိပ် (၅၃၉၀)ကောင်ရှိကြောင်းသိရှိရပါသည်။

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေးအသိပညာပေးဟောပြောပွဲများကျင်းပပြုလုပ်



နတ်မတောင်အမျိုးသားဥယျာဉ်(ဧပြီလနှင့် မေလအတွင်း)



ပိတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ နန်းကျင်ကျေးရွာ(၁၇-၆-၁၅)



အလောင်းတော်ကဿပအမျိုးသားဥယျာဉ်၊ ယင်းမာပင်မြို့နယ်၊ ကပိုင်ကျေးရွာ (၁၈-၆-၁၅)



ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ကင်းချောင်းရွာ၊ အ-ထ-က(ခွဲ)ဘက်ကျောင်း(၂၃-၆-၁၅)



တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်း၊ ကလိန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်း(၁၇-၇-၁၅)



အင်းလေးကန်ဘေးမဲ့တော၊ ငါးဖယ်ချောင်းကျေးရွာ၊ ဘုန်းတော်ကြီးကျောင်း(၂၀-၇-၁၅)

# သစ်တောသမားများ ခရီးသွား




၂၀၁၅ ခုနှစ် ဇန်နဝါရီလ(၁၉)ရက်နေ့ နံနက်စောစောပဲ ဟံသာဝတီမင်းနေပြည်တော်ဖြစ်ခဲ့တဲ့ ပဲခူးမြို့ကနေပြီး ကျွန်တော်တို့ လင်းမယား(၂)ယောက်ရယ်၊ သားဖြစ်သူရယ် ကားကလေးတစ်စီးနဲ့ ဒီနေ့စီးပွားရေးမြို့တော်ဖြစ်တဲ့ ရန်ကုန်မြို့သို့ တက်လာခဲ့ပါတယ်၊ မင်္ဂလာဒုံလေဆိပ်အဝင် လမ်းပေါ်မှာ စောင့်ကြိုနေတဲ့ သူငယ်ချင်းများဖြစ်ကြတဲ့ ကိုသန်းထွန်း၊ ကိုထွန်းစော၊ ကိုကျော်ဆန်းတို့နဲ့ဆုံပြီးနောက် လေဆိပ်အဝင်နားက အစားအသောက်ကောင်းတယ်ဆိုတဲ့ ဆိုင်တစ်ဆိုင်မှာ စားမယ်ဆိုပြီး ဆက်မောင်းခဲ့ကြတာ လေဆိပ်အဝင်ဝမှာ အဆောက်အဦတွေဆောက်ဖို့ မြေနေရာရှင်းလင်းနေတဲ့ စက်ကြီးတွေ၊ မြေသယ်ကားကြီးတွေကိုပဲ တွေ့လိုက်ရပြီး သူငယ်ချင်းတွေပြောတဲ့ စားသောက်ဆိုင်မှာ ကြက်ပျောက်၊ ငှက်ပျောက် ပျောက်ကွယ်သွားပါပြီ ဒါနဲ့လေဆိပ်လာတဲ့လမ်းအတိုင်း ဆက်သွားပြီး တော်တော်လေးဆက်သွားပြီးမှ ညာဘက်ချိုးပြီး တွေ့တဲ့ဆိုင်လေးတစ်ဆိုင်မှာ Breakfast လည်းမဟုတ် Lunch လည်းမဟုတ် Brunch လို့ခေါ်ရမလား၊ အဲဒီဆိုင်မှာပဲ စားခဲ့ကြရပါတယ်၊

စားသောက်ပြီး လေဆိပ်ကို စောစောရောက်တာပဲကောင်းပါတယ်ဆိုပြီး လေဆိပ်ဘက်ကိုပဲ ပြန်လှည့်ခဲ့ကြတယ်၊ လေဆိပ်ထဲရောက်တော့ သူလိုကိုယ်လို ဗုဒ္ဓဂါယာဘုရားဖူးသွားမဲ့ကြီးကြီး၊ ငယ်ငယ်၊ ရွယ်ရွယ်၊ လတ်လတ်ပုဂ္ဂိုလ်များ တော်တော်လေးရောက်နေကြတာတွေ့ရပါတယ်၊ ခဏနေတော့ အောင်ချမ်းသာ ဘုရားဖူးအဖွဲ့က တာဝန်ရှိတဲ့ ဝန်ထမ်းများက ကျွန်တော်တို့ကို ဦးထုပ်အဝါကလေးတွေ လိုက်ဝေပေးပါတယ်။

လေဆိပ်ဧည့်ခန်းကနေ Check in လုပ်ဖို့ တန်းစီပြီး ဝင်ခါနီးမှာ ဗီဒီယိုမှတ်တမ်းတင်ပါတယ်၊ ကျွန်တော့်ကို သာသနာ့အလံကိုင်ပြီး ရှေ့ဆုံးကနေသွားဖို့ မေတ္တာရပ်ခံခဲ့တာကြောင့် ကျွန်တော်လည်း သာသနာ့အလံကိုင်ပြီး ရှေ့ဆုံးကနေဝင်ခဲ့ပါတယ်၊ Immigration ကောင်တာနဲ့ လုံခြုံရေးကောင်တာတွေကို ဖြတ်သန်းပြီးတဲ့နောက် အတွင်းဧည့်ခန်းမမှာ လေယာဉ်အလာကို စောင့်နေကြရပါတယ်၊ အဲဒီနေ့က လေယာဉ်နောက်ကျပါတယ်။ လေယာဉ်စောင့်ရင်းနဲ့ ဒေါ်သဇင်မြင့်အောင်က လေယာဉ်ပေါ်မှာ သတိထားရမဲ့အချက်တွေကို အသံစာစာနဲ့ ရှင်းပြနေပါတယ်၊ မမူးမအန်ရအောင် ဆေးသောက်ထားဖို့ ဆေးပြားသေးသေးလေးတွေလည်း ပေးပါတယ်။

ဟိုရှေးရှေးတုန်းက ပြောကြတဲ့ "လက်ဝါးပြရင် လျက်ဆားရတယ်"ဆိုတဲ့ စကားကို တွင်တွင်ပြောရင်းနဲ့ ဇာတိဝက်ဆိုတဲ့ အစာကြော၊ အစာဖျက်ဆေးကိုလည်း လိုက်ပေးပါတယ်၊ ကြော်ငြာလည်းကြော်ငြာ၊ ဒါနလည်း ဒါနလို့သာ မှတ်လိုက်ပါတယ်၊

တစ်ချို့ဘုရားဖူးအဖွဲ့ဝင်တွေကတော့ အကယ်ဒမီမင်းသမီးနဲ့ဆုံတုန်း အမှတ်တရဓါတ်ပုံတွေ ရိုက်ကြပါတယ်၊ ကျွန်တော်က သိပ်မရိုက်ချင်ပေမဲ့ အိမ်သူက အတင်းဆွဲခေါ်နေတာကြောင့် အကယ်ဒမီမင်းသမီးနဲ့ ကျွန်တော်တို့လင်မယားတွဲပြီး အမှတ်တရဓါတ်ပုံလေး တစ်ပုံနှစ်ပုံလောက် ရိုက်ခဲ့ပါတယ် Digital Camera ဆိုပေမဲ့ Model Out နေတဲ့ကိုယ့် Camera လေးနဲ့ ရိုက်ပေးပါဆိုတာ ရိုက်တဲ့ကလေးမ (ဒေါ်သဇင်မြင့်အောင်နဲ့ သမီးဘုတ်ဘုတ်)က မလုပ်တတ်လို့ ကျွန်တော်မှာပြေးပြီးပြရသေးတယ်၊ ဘာပဲပြောပြော ကျွန်တော်တို့ Camera အိုအိုလေးနဲ့ရိုက်တဲ့ ကျွန်တော်တို့ ပင်စင်စားလူအိုအဘိုးကြီး/အဘွားကြီးပုံတွေကို မင်းသမီးချောချောနဲ့ တွဲလျက် ပုံကောင်းကောင်းလေးတွေတော့ ထွက်ခဲ့ပါတယ်၊

လေယာဉ်ပေါ်တက်တော့ လေဆိပ်အပေါ်ထပ်ကနေ လေယာဉ်အဝင်ပေါက်အထိ ဆက်သွယ်ထားတဲ့ မိုးလုံလေလုံ တံတားအရှင် (Air Conditioned Air Bridge)နဲ့ တက်ကြရတယ်၊ အပြန်ကျမှ ရိုးရိုးလှေခါးနဲ့ဆင်း Airport Bus ကားကြီးတွေနဲ့ လေဆိပ်ထဲဝင်ခဲ့ကြတာ၊ လေကြောင်းလိုင်းတွေရဲ့ အသွားနဲ့အပြန် Treat လုပ်တာတွေမတူဘူးလို့ စာတွေထဲမှ ဖတ်ဖူးတာရှိပါတယ် အခုတော့ကိုယ်တွေ့ပါပဲ။

လေယာဉ်ကတော့ Air Bus အမျိုးအစားပါပဲ။ အလယ်မှာ လူသွားလမ်းရှိပြီး ဝဲယာဘက်စီမှာ ထိုင်ခုံ(၃)ခုံစီရင်ဘောင်တန်းစီထားပါတယ်၊ လေယာဉ်တစ်စီးလုံးမှာ ကျွန်တော်တို့ ဘုရားဖူးအဖွဲ့ရယ် ဆရာတော် အရှင်ဆေက်န္ဒ စီစဉ်စေလွှတ်ခဲ့တဲ့ သံဃာတော်အပါး(၃၀)ကျော်ရယ် သီလရှင်နည်းနည်းရယ် မဇ္ဈိမတိုင်းသားနဲ့ နိုင်ငံခြားသား အနည်းငယ်ရယ်ပဲပါပါတယ်၊လေယာဉ်မယ်ကတော့ (၄)ယောက်ထဲပဲ တွေ့ပါတယ်၊ ရှေ့ပိုင်းမှာ Trolley နဲ့ အစားအသောက်တွေလိုက်ပေးတဲ့(၂)ယောက်၊ နောက်ပိုင်းမှာ(၂)ယောက် ဒါပဲတွေ့တယ်၊ Air India ရဲ့ လေယာဉ်မယ်တွေက Thai Airways ရဲ့ လေယာဉ်မယ်တွေလောက် မမိုက်ဘူး၊မချောဘူး မျက်နှာထားတွေကလည်း ခပ်တည်တည်ပဲ Thai Airways ကဆို လေယာဉ်မယ်တွေက ပြုံးချိုနေတာပဲ လန်းဆန်းသွက်လက်တက်ကြွနေတာပဲ။

လေယာဉ်စတက်ပြီး ခဏနေတော့ မြေပဲလှော်ကို Packing သပ်သပ်ရပ်ရပ်နဲ့ထုပ်ထားတဲ့ အထုပ်ကလေးရယ် Pepsi, Coca Cola, Sprite တို့ ဗူးကြီးနဲ့ ထည့်ထားတာ Plastic ခွက်ကလေးတွေနဲ့လိုက်ဝေတယ်၊ တော်တော်ကြီးကြာမှ ကိုယ့်အလှည့်ရောက်တယ်၊ နှေးတုံ့နှေးတုံ့နဲ့ လိုက်ဝေနေကြတာလေ။ ကိုယ်ကပဲ စိတ်မရှည်လို့လားမသိပါဘူးဗျာ၊

ခရီးစဉ် Itenarary မှာ လေယာဉ်ပေါ်မှာ Lunch ကျွေးမယ်လို့ပါတယ်။ ဒါပေမဲ့ လေယာဉ်ပေါ်ရောက်တော့ နေ့လယ် ၃ နာရီကျော်သွားလို့ ကျွေးမှာမဟုတ်တော့ဘူး မြေပဲလှော်နဲ့ အအေးတစ်ခွက်နဲ့ ပြီးတော့မှာပဲလို့ စိတ်ထဲထင်မိပါတယ်၊ ဒါပေမဲ့ ကွမ်းတစ်ယာ ညက်လောက် ကြာတဲ့အချိန်မှာ မဆလာနံ့ ဟင်းနံ့တွေသင်းလာလို့ စူးစမ်းလေ့လာလိုက်တော့ ထမင်းဗူးတွေ လိုက်ဝေတာ တွေ့လိုက်ပါတယ်။ ထုံးစံအတိုင်း တော်တော်လေးသည်းခံပြီး စောင့်လိုက်မှ ကိုယ့်အလှည့် ရောက်ပါတော့တယ်။

ထမင်း၊ ကြက်သားဟင်း၊ အသီးရွက်ကြော်၊ ဒိန်ချဉ်၊ အချိုတည်းရန် မုန့်တွေပါတဲ့ Lunch box လာပေးတယ်၊ ပြီးရင် Coffee (သို့) Tea သောက်ဖို့ သကြား၊ နို့မှုန့်အထုပ် စတာလေးတွေပါတယ်၊ မဆိုးပါဘူး- ဒါပေမဲ့ Thai Airways လောက်တော့ ဧည့်ဝတ်ပျူငှာမှုမရှိဘူးလို့ထင်ပါတယ်၊ အရင်က ကျွန်တော်ဝန်ထမ်းဘဝမှာ လူကြီးတွေစေလွှတ်လို့ နိုင်ငံခြား(၄)ခေါက်လောက် ရောက်ဖူးတာ Thai Airways နဲ့ ချည်းကိုး ၊ ဒါကြောင့်ထင်ပါရဲ့- တချို့နောင်တော်ကြီးတွေလို တစ်ခြား Air Line အကောင်းစားကြီးတွေလဲ မစီးဖူးတာကြောင့် ကိုယ်စီးဖူးတာလေးနဲ့ နှိုင်းယှဉ်ကြည့်မိတာပေါ့ဗျာ၊ သိတဂူဆရာတော်ကြီး မကြာခဏ ပြောလေ့ရှိတဲ့ comparative study ပေါ့ဗျာ။

ဂါယာလေဆိပ်ရောက်တော့ မိုးမချုပ်သေးပေမဲ့ မြူနှင်းတွေကျပြီး မှောင်နေတယ်၊ လေဆိပ်ထဲမှာလည်း မီးက ခပ်မှိန်မှိန်ပဲ- အပြင်ရောက်လို့ ပတ်ဝန်းကျင်ကြည့်လိုက်တော့ လေဆိပ်ဝန်းကျင်က စိမ်းလန်းစိုပြည်မှု သန့်ရှင်းသာယာမှု သိပ်မရှိဘူး၊ အဆောက်အဦဟောင်း၊ အပြိုအပျက်တွေနဲ့ အမှိုက်တွေနဲ့ ညစ်ပတ်နေတယ်။ကျွန်တော်တို့စီးရမဲ့ Bus ကားကြီးတွေကတော့ ကောင်းပါတယ်။ အစိမ်းနုရောင်ကားကြီးတွေဖြစ်ပြီး နဖူးမှာတော့ Tourist လို့ အင်္ဂလိပ်စာလုံးကြီးတွေကပ်ထားတယ်၊ ကားကြီး ၂ စီးတွေ့ရတယ်။ တစ်စီးက (၁၂)ရက်ခရီးစဉ် ဘုရားဖူးများအတွက်ဖြစ်ပြီး နောက်တစ်စီးက (၇)ရက်ခရီးစဉ် ဘုရားဖူးများအတွက်ဖြစ်ပါတယ်။ အသက်ကြီးတဲ့လူတွေနဲ့ ဆရာတော်တွေကို ရှေ့ပိုင်းမှာနေရာပေးပြီး အသက်ငယ်သူတွေကိုတော့ နောက်ပိုင်းမှာနေရာချထားပေးပါတယ်။

ထုံးစံတိုင်းကတော့ ဗုဒ္ဓဂါယာရောက်ရောက်ချင်း မဟာဗောဓိစေတီကြီးကို သွားရောက်ဦးတိုက်ကြပါတယ်၊ ဒါနဲ့ ကျွန်တော်တို့လည်း တည်းခိုရမဲ့ ဗောဓိမဏ္ဍိုင်သာကျောင်းမှာ ညနေစာစားကြပြီး မဟာဗောဓိစေတီတော်ကြီးဆီကိုသွားခဲ့ကြပါတယ်။ ညမှောင်မှောင်မှာ မီးတွေဆလိုက်တွေ ထိန်ထိန်ငြီးအောင် ထွန်းထားလို့ မဟာဗောဓိစေတီတော်ကြီးကို အဝေးကဖူးမြင်နိုင်ပါတယ်။ အနားရောက်တော့ လူတွေကြိတ်ကြိတ်တိုးစည်ကားလိုက်တာ ကျွန်တော်တို့ အလုပ်ဝင်ခါစ ၁၉၈၀ ပြည့်နှစ် ပတ်ဝန်းကျင်လောက်က ပျဉ်းမနားမြို့ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲလှည့်ရာမှာ လူတွေတိုးမပေါက်သလိုပါပဲ - ပြည့်ကြပ်ညပ်နေတာပဲ၊

လွန်ခဲ့တဲ့ သုံးလေးနှစ်လောက်က ဘုရားဝင်းထဲမှာ ဗုံးခွဲခံခဲ့ရတာကြောင့် လုံခြုံရေးကို (၂)ထပ်၊ (၃)ထပ် အကြိမ်ကြိမ်ပြန်စစ်ပါတယ်၊ ကင်မရာတွေ၊ ဖုန်းတွေလုံးဝမယူရဘူးလို့ သိရပါတယ်၊ ဘုရားဝင်းထဲရောက်ပြီဆိုကတည်းက အများဆုံးတွေ့ရတာကတော့ တိဗက်ဘုန်းကြီးတွေနဲ့ တိဗက်ဘုရားဖူးအဖွဲ့တွေ ပဲဖြစ်ပါတယ်၊ သူတို့က တိဗက်ပြည်မှာ အရမ်းအေးလို့ မနေနိုင်လောက်အောင် အေးတာကြောင့် Migratory Birds တွေလိုပဲ ဗုဒ္ဓဂါယာမှာ ဆောင်းလာခိုကြတာလို့ အကြောင်းသိတဲ့သူတွေက ပြောကြတာကြားရပါတယ်၊ လူတစ်ယောက်ဝမ်းလျားထိုးပြီး ဘုရားဖူးနိုင်တဲ့ ကွပ်ပျစ်အနိမ့်လေးတွေကိုလည်း စီကာရီကာတွေ့ရပါတယ်၊ မီးမှိန်မှိန်အောက်မှာ မြင်မြင်ချင်းတော့ ဘာတွေပါလိမ့်လို့ ရင်ထဲမှာ ဒိတ်ကနဲ ဖြစ်သွားပါသေးတယ်၊ မိတ်ဆွေတစ်ဦးကပြောတာတော့ ကျွန်တော်တို့ဘုရားလောင်း သုမေဓါရှင်ရသေ့ ဖျာဒိတ်ပန်းဆင်မြန်းစဉ်က မြေပြင်မှာ ဝမ်းလျားမှောက်ပြီး အဲဒီအချိန်က ဒီပင်္ကရာမြတ်စွာဘုရားကို ဦးခိုက်ခဲ့တာကို အစွဲပြုပြီး တိဗက်တွေက ဒီလိုဝမ်းလျားထိုးကန်တော့ကြတာလို့ ပြောကြပါတယ်၊ ဖြစ်နိုင်ပါတယ်၊ တိဗက်တွေဆိုတာက ယောက်ျားအားလုံး ဘုရားဆုပန်တဲ့ ဗောဓိသတ္တဘုရားလောင်းတွေလို့ ကြားဖူးတာနဲ့ ဆက်စပ်ကြည့်လိုက်တော့ ဟုတ်သလိုလိုပါပဲ။ ဒါပေမဲ့ တိဗက်မိန်းမတွေလည်း ဒီလိုပဲကန်တော့တာတွေ့ခဲ့ရပါတယ်၊ ယောက်ျား၊ မိန်းမတန်းတူရင် ဘောင်တန်းတဲ့ခေတ်မို့လားမသိဘူး။ ရန်ကုန်မှာတုန်းကတော့ ဒီအချိန်မှာ ရာသီဥတုကအေးတော့ ဘုရားဖူးအဖွဲ့တွေနည်းတယ်၊ အေးအေးဆေးဆေးဖူးကြတာပေါ့လို့ ဒေါ်သဇင်ကပြောခဲ့တာ အခုတော့ တိဗက်တွေနဲ့ ပြည့်ကြပ်နေတာပါပဲ။

ကျွန်တော်တို့အဖွဲ့လည်း မဟာဗောဓိစေတီတော်ကြီးနဲ့ စေတီတော်ကြီးအတွင်းလိုဏ်ထဲမှာ စံပွဲယ်နေတဲ့ရုပ်ပွားတော်ကြီးကို ဝင်ဖူးဖို့တန်းစီနေကြရပါတယ်၊ ရုပ်ပွားတော်ကြီးရှေ့မှာ တိဗက်ဘုရားဖူးအဖွဲ့တစ်ဖွဲ့က နေရာယူပြီးရွတ်ဖတ်နေတာကြောင့် တော်တော်ကြာကြာစောင့်ပြီးမှ ကျွန်တော်တို့ဖူးရပါတယ်၊ ဘုရားကြီးကို ထိခြင်းငါးပါးနဲ့ ရှိခိုးဖို့နေရာမရှိတာရယ်၊ တန်းစီနေတဲ့ နောက်ကလူတွေကို ကိုယ်ချင်းစာရတာကြောင့်ရယ်၊ နတ်သားတွေဘုရားရှိခိုးသလိုပဲ မတ်တပ်ရပ်ဦးချပြီး ပြန်လှည့်ခဲ့ရပါတယ်။

နောက်ပြီး ကျွန်တော်တို့အဖွဲ့ဟာ ဗောဓိပင်နဲ့ ရွှေပလ္လင်ကို သွားရောက်ဖူးမျှော်ကြပါတယ်၊ အဲဒီနေရာမှာ ဒု-သမ္ဗုတ ဒေါက်တာစိုင်းမောက်ခမ်းလှူသွားတဲ့ စကျင်ကျောက် ဖြူဖြူရုပ်ပွားတော်တစ်ဆူကို ဦးဦးဖျားဖျား ဖူးခဲ့ရပါတယ်၊ အဲဒီနေရာမှာ ဘုရားဖူးနေကြတုန်းဖြုန်းကနဲ မီးပျက်သွားပါတော့တယ်၊ ပါလာတဲ့ လျှပ်စစ်ဓါတ်မီးလေးတွေ ကိုယ်စီထွန်းပြီး အလင်းလျှုကြသလို ကြိုတင်ပြင်ဆင်ယူဆောင်လာတဲ့ ဖယောင်းတိုင်တွေထွန်းပြီးတော့လည်း အလင်းလှူကြပါတယ်၊ (၅)မိနစ်လောက်ကြာမှ မီးပြန်လာပါတယ်၊ ဒီလိုနေရာမျိုးမှာတောင် တို့ဆီမှာလိုပဲ မီးကပျက်တတ်ပါလားလို့

ဗဟုသုတ ရခဲ့ပါတယ်၊ ဒါတောင် ဗွီအိုင်ပီ ခရီးစဉ်ရှိတဲ့နေ့နော်၊ တခြားနေ့တွေဆို ရင်တော့ မပြောတတ်တော့ဘူး။

အဲဒီနောက် ဗုံးဖောက်ခွဲခံခဲ့ရတဲ့ ရတနာယရရွှေစံအိမ် (စတုတ္တသတ္တဟ)



ကိုသွားရောက်ပြီး ဆီမီးပူဇော်ကန်တော့ ပြီး မှောင်လည်းမှောင်နေတာကြောင့် တည်းခိုရာ ဘုန်းကြီးကျောင်းကို ပြန်ခဲ့ ကြပါတယ်၊ ဘုရားကြီးကို ဦးတိုက်တဲ့ အစီအစဉ် ဒီလောက်နဲ့ပဲ ပြီးဆုံးခဲ့ပါတယ်။

**သာဓကမာဝေစ္ဆ ဥရုဝေလ**

၂၀၁၅ ခုနှစ် ဇန်နဝါရီ(၂၀) ရက် မနက်စောစောပဲ ကားကြီးတွေနဲ့ သွားခဲ့ကြပါတယ် တောင်ခြေကနေ ခြေလျှင်လမ်းအတိုင်း တောင်ပေါ်ကိုတက် ခဲ့ကြပါတယ်၊ မော်တော်ဆိုင်ကယ်နဲ့ တက်ရင် အန္တရာယ်ရှိတယ်လို့ ဒေါ်သဇင် ကပြောလို့ ဘယ်သူမှ အငှားမော်တော် ဆိုင်ကယ်ကို မစီးကြပါဘူး။ တချို့ကျန်း မာရေးသိပ်မကောင်းတဲ့သူတွေနဲ့ အသက် ကြီးတဲ့သူတွေကတော့ အထမ်းနဲ့တက် ကြတယ်။ သူတို့အထမ်းက ကျိုက်ထီးရိုး ကအထမ်းလိုမဟုတ်ဘူး။ လူတစ်ယောက် ခြေဆန့်ပြီးထိုင်လို့ရအောင် လုပ်ထားတဲ့ လေးထောင့်ကွပ်ပျစ်ကလေးကို ကြိုးလေး ချောင်းနဲ့ဆိုင်းပြီး လူနှစ်ယောက်ထမ်း တာပါပဲ။ မြေကြီးကနေ တစ်တောင် လောက်ပဲမြင့်ပြီး စီးတဲ့လူက ဆိုင်းကြိုး လေးကို ကိုင်ပြီးလိုက်လို့ရတယ်။

ကျွန်တော်တို့ကတော့ သစ် တောသမားပီပီ ခြေလျင်ပဲပေါ့။ သိပ်မ မြင့်ပါဘူး၊ ဖြည်းဖြည်းတက်တာတောင် မိနစ် ၂၀ လောက်ပဲကြာပါတယ်။

တောင်ပေါ်ရောက်တော့ တိဗက်ဘုန်းကြီးကျောင်းနဲ့ တိဗက်ဘုရားစေတီကို ဖူးရပါတယ်။ တိဗက်ဘုန်းကြီးတွေက တည်ခင်းတဲ့ ဥသျှစ်ရေနွေးကြမ်း မွှေးမွှေး လေးကို သောက်ခဲ့ရပါတယ်။ ဥသျှစ်ပွင့်၊ ဥသျှစ်ရွက်တွေနဲ့ လွှက်ခြောက်ခပ်သလိုမျိုး ခပ်ထားတာလို့ဆိုပါတယ်။ ဒီတော့မှ သတိထားကြည့်မိပါတယ်။ တောင်ပေါ်မှာ ဥသျှစ်ပင်တွေ တော်တော်များများရှိပါတယ်။ တောင်ပေါ်တက်လမ်း တစ်ဖက်တစ် ချက်မှာ စီတန်းစိုက်ထားတဲ့ Auri ရှား၊ Mangium ရှားပင်တွေလည်း တွေ့ရပါတယ်။ တစ်ခြားအပင်တွေလည်း တွေ့ပါတယ်။ စိုက်ထားတဲ့ သစ်ပင်တွေကိုတော့ ကျွဲ၊ နွား၊ ဆိတ်၊ သိုးတို့ရန်ကကင်းဝေးအောင် အုတ်ခဲတွေနဲ့ ကွက်ကြားစီပြီး tree guard လုပ်ထားတာလည်းမြင်ရပါတယ်။ အုတ်နဲ့ဘိလပ်မြေဈေး ပေါသလားတော့မသိဘူး။ ဝါးချင်းနဲ့ ကာထားတာနဲ့နဲပဲတွေ့ရပြီး အုတ်ကွက်ကြားနဲ့ ကာထားတာ နေရာတော် တော်များများမှာ တွေ့ခဲ့ရပါတယ်။တောင်ပေါ်က လှိုဏ်ဂူထဲမှာတော့ ဒုက္ကရစရိယာ ကျင့်တော်မူပုံ ရုပ်ပွားတော်ကိုဖူးတွေ့ခဲ့ရပါတယ်။ ဥရုဝေလတောဆိုပြီး ကြားဖူးခဲ့တာ ကြာခဲ့ပါပြီ။ ဆရာတော်တွေ တရားဟောတိုင်း တော်တော်များများ ကြားဖူးခဲ့တာပါ။

ဗုဒ္ဓဂါယာဘုရားဖူးပြန်လာပြီးမှ သီတဂူဆရာတော်ကြီး ဟောတဲ့တရားတွေ ကိုနာရတာပိုပြီး အရသာရှိပါတယ်။ ဥရုဝေလတောမှာ ဘယ်လို၊ မိဂဒါဝုန်မှာ ဘယ် လို၊ သာဝတ္ထိဇေတဝန်ကျောင်းမှာဘယ်လို၊ အဲ့ဒီလိုတွေ ပြောလိုက်တိုင်း မျက်စိထဲမှာ ပြေးပြေးမြင်မိပါတယ်။

"တက္ကသိုလ်ကျောင်းက ငွေလမင်းသီချင်း"ကို နားဆင်ကြတဲ့သူအချင်းချင်း ရန်ကုန်တက္ကသိုလ်မှာ (ယခင်က ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်ရန်ကုန်) ၆နှစ်၆မိုးတက်ခဲ့တဲ့ ကျွန်တော့်တို့ သစ်တောကျောင်းသားဟောင်းများကပိုပြီး heart ထိမယ်ထင်ပါတယ်။ တချို့ကျောင်းပျော်တဲ့ နောင်တော်များဆို တစ်တန်းကို နှစ်နှစ်နှုန်းနဲ့တက်ကြတဲ့ လူတွေ ဆိုပိုပြီး heart ထိမလားမသိဘူးနော်။ ဒီသဘောလေးကို ကျွန်တော်ပြောချင်တာပါ။ ကိုယ်ရောက်ဖူးနေဖူးမှ ခံစားနားလည်နိုင်မှာလေ။ ကျွန်တော့်တက္ကသိုလ်ဆရာ တစ်ဦးကတော့ မင်းတို့ international exposure ရတုန်းယူထားကြလို့ ပြောဖူးပါ တယ်။ ကျွန်တော့်ကိုယ်တိုင်အကြောင်း မညီညွတ်လို့ Msc. Ph.D တွေကို နိုင်ငံခြား တိုင်းပြည်များမှာ သွားမယူခဲ့နိုင်ပေမဲ့ သွားနိုင်ခဲ့တဲ့ ညီငယ်၊ ညီမငယ်၊ သားငယ်၊ သမီးငယ်များအတွက်တော့ အမြဲမုဒိတာပွားလျက်ပါ။ သွားကြဖို့ကို တိုက်တွန်းပါ တယ်။ အားပေးပါတယ်။ သွားကြပါ။ ဥရုဝေလခရီးတို့ကို ပြန်ဆက်ရရင် Incredible India လို့ပြောနေကြတဲ့ India နိုင်ငံနဲ့ အဆင်းရဲဆုံးပြည်နယ်ဖြစ်တဲ့ ဗီဟာပြည်နယ်ရဲ့ မြင်ကွင်းများကို ပြောပြချင်ပါတယ်။ လမ်းတစ်လျှောက်မှာ ဆင်းရဲတဲ့ ပြည်သူများ၊ ခြေလက်မသန်စွမ်းသော ဒုက္ခိတများ ရောဂါရသူများ မျိုးစုံကိုတွေ့ခဲ့ရပါတယ်။ အမြီး ကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစားဆိုသလိုနေထိုင်ကြတော့ သူတို့နဲ့ စကားမ

ပြောရတာ၊ အငြင်းမပွားရတာအကောင်းဆုံးပါပဲ။ ကိုယ်ကစေတနာနဲ့ နဲနဲပါးပါး စွန့်ကြဲပေးကမ်းလိုက်ရင် စုပြုံတိုးခွေ့လို့ ထိခိုက်ဒဏ်ရာရသွားရင် ငွေပေးဝေတဲ့ လူက ဆေးဖိုးပါထပ်ပေးရတတ်တယ်တဲ့။ အရင်ကရောက်ဖူးခဲ့တဲ့လူတွေကပြောတာ ကြားခဲ့ရပါတယ်။ guide တွေက လည်း ပြောကြပါတယ်။

အပြန်လမ်းမှာ ဖြတ်လမ်းက ပြန်လာတာတဲ့။ လမ်းပေါ်မှာ ဈေးခင်းရောင်းနေတဲ့ ဗျက်တိုးဈေးသည်တွေရဲ့ကြားကနေ ကျွန်တော်တို့ tourist ကားကြီးက ပွတ်ကာသီကာ ကျွမ်းကျင်လိမ်မာစွာ ဖြတ်သန်းပြီး တည်းခိုရာကျောင်းကို ပြန်ရောက်ခဲ့ပါတယ်။ ဘယ်နေရာမှာ ဘယ်ဈေးဘန်းကို ချိတ်မိနင်းမိမလဲလို့ ရင်တမမနဲ့ စီးခဲ့ရတာပါ။ ကုလားကားဆရာ ကျွမ်းကျင်ချက်ကတော့ လက်ဖျားခါလောက်ပါတယ်။

## သတ္တသတ္တာဟသို့

ဗောဓိမဏ္ဍိုင်သာကျောင်းမှာ နေ့လယ်စာစား၊ နေ့လယ်ခင်းပိုင်း ခေတ္တအနားယူပြီး ညနေစောင်းမှာ သတ္တသတ္တာဟရှိရာသို့ ဒုတိယအကြိမ် ထပ်မံသွားရောက်ကြပါတယ်။ ပထမဆုံး မဟာဗောဓိစေတီတော်ကြီးအတွင်းမှာ စံပွါယ်တော်မူတဲ့ ရုပ်ပွားတော်ကြီးကို အရင်ဆုံးဖူးကြပါတယ်။ လူတွေကများတော့များတယ်။ မနေ့ညကလောက်တော့ မများတော့ဘူး။ မနေ့ညကလိုပဲ နတ်သားကန်တော့နည်းနဲ့ ကန်တော့ခဲ့ရပါတယ်။ အချိန်လေးနည်းနည်းပိုယူပြီး ဖူးမျှော်ကြည်ညိုခွင့်ရခဲ့ပါတယ်။ ကျွန်တော်တို့အဖွဲ့က သင်္ကန်းတော်များ လှူဒါန်းခဲ့ပါတယ်။

ရုပ်ပွားတော်ဆိုပေမဲ့ သက်ရှိထင်ရှားမြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကို ဖူးတွေ့ရသလိုပါပဲ။ ကိုယ်လုံးတော်ကို ပိုးသင်္ကန်းထင်ပါတယ်။ ရစ်ပတ်ပူဇော်ထားပါတယ်။ သင်္ကန်းတော်မှာ ရွှေဝါရောင်ဝင်းနေပြီး ဗောဓိညောင်ရွက်ပုံလေးတွေကို သင်္ကန်းတော်ပေါ်မှာ လှပစွာ ဒီဇိုင်းပုံဖော်ထားပါတယ်။ လက်မောင်းတော်ကလည်း ရွှေရောင်ဝင်းအိပြီး လုံးဝန်းချောမွတ်နေပါတယ်။ ဦးခေါင်းတော်၊ မျက်နှာတော်ကလည်း လွန်စွာအချိုးကျနပြီး သပ္ပါယ်လှပါတယ်။ နှုတ်ခမ်းတော် နီတျာတျာက ပြုံးယောင်သန်းနေပါတယ်။

ကျွန်တော် ထူးခြားစွာသတိပြုမိတာကတော့ မျက်လုံးတော်များပါပဲ စက္ခုအိန္ဒြေချထားတဲ့ မျက်လုံးတော်များရဲ့ထောင့်များမှာ ဆံခြည်မျှင်သွေးကြောများ ယှက်သန်းနေသလိုလို ပန်းနုရောင်များလွှမ်းနေပါတယ်။ သေသေချာချာ အာရုံစူးစိုက်ပြီး ဖူးရင်မြင်နိုင်ပါတယ်။ အဲ့ဒီရုပ်ပွားတော်ကြီးရဲ့ ရှေ့ကြမ်းပြင်မှာ သျှိုဝနတ်မင်းကြီးရဲ့ လိင်တန်ဆာနေရာရှိပြီး တစ်ခြားဘာသာကိုးကွယ်သူများက လာရောက်ဖူးမျှော်လှူဒါန်းကြပါတယ်။ Donation box ဆိုတာလဲရှိပါတယ်။ သီးခြားအကာအရံ နိမ့်နိမ့်နဲ့ ကာရံထားပါတယ်။ ဗုဒ္ဓဘာသာဝင်များနဲ့ ဘာမှမဆိုင်ပါဘူး။ ဗုဒ္ဓဘာသာဝင်ဘုရားဖူးများ သတိထားရှောင်ရှားနိုင်အောင်လို့ ပြောပြတာပါ။ မြင်မြင်သမျှဦးချလို့တော့မဖြစ်ပါဘူး။ အဲ့ဒီနောက် ပထမသတ္တသတ္တာဟဖြစ်တဲ့ ဗောဓိပင်နဲ့ ရွှေပလ္လင်ကို သွားကြပါတယ်။ ဘုရားဖြစ်တော်မူရာ ပလ္လင်ဘေးမှာနေရာယူကြပြီးတော့ ဘုရားကိုအာရုံပြုပြီး အနေကဇာတိသံသာရံ အစချီသော ဂါထာများ၊ မေတ္တာသုတ်ပရိတ်တရားတော်များရွတ်ဖတ်ပူဇော်ခြင်း၊ ပန်းဆီမီးရေချမ်းများပူဇော်ခြင်း၊ ရွှေသင်္ကန်းများ ကပ်လှူခြင်းများ ဆောင်ရွက်ပါတယ်။

ဘုရားရှိခိုးပြီး ရွတ်ဖတ်သရဇ္ဈာယ်နေချိန် ကျွန်တော့်ရင်ထဲ ဝမ်းသာပီတိဖြစ်လွန်းလို့ထင်ပါတယ်။ ကြက်သီးမွေးညှင်းများလည်းထပါတယ်။ မျက်ရည်များရစ်ဝဲပြီးစီးကျမတတ်ပါပဲ။ ငါတော့လူဖြစ်ကျိုးနပ်ပြီလို့တွေးပြီး ရင်ထဲမှာလှိုက်လှိုက်ပြီး ခံစားရပါတယ်။ ဘဒ္ဒကမ္ဘာမှာ ဒီနေရာမှာပဲ ရှေးဘုရား(၃)ဆူဖြစ်တဲ့ ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရားများပွင့်ခဲ့ပြီး ဂေါတမမြတ်စွာဘုရားက စတုတ္ထမြောက်ဘုရားအဖြစ်ပွင့်ခဲ့တာလို့ မှတ်သားခဲ့ရပါတယ်။ အရိမေတ္တေယျမြတ်စွာ ဘုရားကလည်း ဒီနေရာမှာပဲ ပဥ္စမမြောက် ဘုရားအဖြစ် ပွင့်ဦးမှာဖြစ်ပြီး ဗောဓိပင်တွေကတော့ ဘုရားတစ်ဆူနဲ့ တစ်ဆူမတူကြပါဘူး၊ အရိမေတ္တေယျဘုရားရဲ့ ဗောဓိပင်ကတော့ ကံ့ကော်ပင်လို့သိရပါတယ်။ ပြီးတော့ ကျွန်တော်တို့ တတိယသတ္တာဟဖြစ်တဲ့ ရတနာစင်္ကြံတော်ကို သွားရောက်ကြည်ညိုကြပါတယ်၊ စင်္ကြံတော်တစ်လျှောက်မှာ ပန်းမျိုးစုံနဲ့ဘုရားကိုပူဇော်ထားကြပါတယ်၊ ကုလားတွေကြိုက်တဲ့ Marigold လို ပန်းမျိုးကတော့ အများဆုံးပါပဲ၊ ကျွန်တော် အမည်မသိတဲ့ ပန်းတွေလည်းပါရဲ့ ထူးခြားတာတစ်ခုကတော့ ကြောင်လျှာပင် အသီးထဲက ကြောင်လျှာစေ့များကို ပန်းခိုင်သဖွယ်ပြုလုပ်စီစဉ်ပြီးပူဇော်ထားတာကိုတွေ့ခဲ့ရပါတယ်၊ တချို့ဘုရားဖူးများက ဘာလေးတွေပါလိမ့် အံ့ပါရဲ့ လှပါရဲ့လို့ ပြောနေလို့ ကျွန်တော်က အဲ့ဒါ ကြောင်လျှာ သီးအစေ့တွေကို ပန်းဖြစ်အောင် လုပ်ထားတာဗျလို့ ပြောခဲ့ပါသေးတယ်၊ လှတာကတော့ အမှန်ပဲဗျ။

အဲဒီနောက် ကျွန်တော်တို့အဖွဲ့ စတုတ္ထသတ္တာဟဖြစ်တဲ့ ရတနဃရရွှေအိမ်တော်ကိုသွားကြပါတယ် အဆောက်အဦကတော့ ပုံးခွဲခံထားရလို့ မလှမပဖြစ်နေပေမဲ့အတွင်းက ရုပ်ပွားတော်ကတော့ ရွှေရောင်တဝင်းဝင်းနဲ့ သပ္ပါယ်ပါတယ်၊ အမဲရောင်လွှမ်းနေတဲ့ အဆောက်အဦကို ကွက်တိကွက်ကြား ရွှေသင်္ကန်းများကပ်လှူထားတာ တွေ့ရပါတယ်၊ ဒီနေရာမှာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ပဋ္ဌာန်းဒေသနာတော်ကို ဆင်ခြင်ပြီးနောက် ရောင်ခြည်တော်များပေါ်ထွက် ကွန့်မြူးတော်မူခဲ့ရာ နေရာလို့မှတ်သားခဲ့ရပါတယ်။ ဒုတိယသတ္တာဟဖြစ်တဲ့ အနိမိသစေတီတော်နဲ့ ပဥ္စမသတ္တာဟဖြစ်တဲ့ ဆိတ်ကျောင်း ညောင်ပင်နေရာတို့ကိုဖူးပြီးနောက် ဆဋ္ဌမသတ္တာဟဖြစ်တဲ့ မုစလိန္ဒာအိုင်ကိုသွားရောက်ကြပါတယ်၊ နောက်ဆုံးသတ္တမသတ္တာဟဖြစ်တဲ့ လင်းလွန်းပင်နေရာကို သွားရောက်ပြီး လိုက်လံရှင်းလင်းပြသတဲ့ ဦးပဥ္စင်းကလေးက ရှင်းတော့နားထောင်ကြပါတယ်၊ လင်းလွန်းပင်ကတော့ အရွက်တွေကြွေပြီး ပုရစ်ဖူးကလေးတွေစီတုန်း မြင်ခဲ့ရပါတယ်၊ သတ္တသတ္တာဟလည်းစုံ မိုးလည်းချုပ်အချိန်လည်းကုန်ပြီမို့ တည်းခိုရာ ဗောဓိမဏ္ဍိုင်သာကျောင်းကိုပြန်ပြီးနားခဲ့ကြပါတယ်။

ရှေ့လဆက်လက်ဖော်ပြပေးပါဦးမည်--

ဒေါက်တာမောင်မောင်သန်း

## ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုဟုဆိုရာဝယ် - - ၅

(ရှင်းလင်းခိုင်မာတဲ့မြေယာလုပ်ပိုင်ခွင့်များရှိရန်လိုအပ်ခြင်း)

ယခင်အပတ်များက ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ(Community Forestry-CF)အောင်မြင်ဖို့အတွက် အရည်အသွေးရှိတဲ့မြေနှင့် တောတွေကို လုပ်ပိုင်ခွင့်ပေးဖို့နှင့် မူဝါဒနှင့်ဥပဒေရေးရာကူညီပံ့ ပိုးပေးမှုများ ရေးသားတင်ပြခဲ့ပါတယ်။ ယခုအပတ်မှာတော့ အောင်မြင်ရေးအတွက် နောက်ထပ်သော့ချက်တစ်ခုဖြစ်တဲ့ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ အောင်မြင်ဖို့ ထိရောက်ကောင်းမွန်တဲ့စီမံအုပ်ချုပ်မှု(Effective Governance)လိုအပ်တယ်ဆိုတဲ့အကြောင်းကို တင်ပြသွားချင်ပါတယ်။

ယနေ့ခေတ်သစ်မှာသုံးနေကြတဲ့ စီမံအုပ်ချုပ်မှု (Governance)ဆိုတဲ့စကားရပ်ရဲ့ အတွေးအမြင်ဒသနဟာ (၁၇)ရာစုနှောင်းပိုင်းလောက်ကတည်းက ပေါ်ပေါက်ခဲ့ပါတယ်။ ဥရောပနဲ့ အင်္ဂလန်နိုင်ငံများမှာရှိတဲ့ နိုင်ငံရေးနှင့် ဒသနိကပညာရှင်များက အစိုးရနဲ့နိုင်ငံသားများကြားမှာရှိတဲ့ ဆက်နွယ်ပတ်သက်မှုများကို လေ့လာခွဲခြမ်းစိတ်ဖြာခဲ့ကြပါတယ်။ ဒီလိုလေ့လာသုံးသပ်မှုများဟာ ရာစုနှစ်တစ်ခုပြီးတစ်ခု ဆင့်ကဲပြောင်းလဲတိုးတက်ခဲ့ပါတယ်။ ပင်မအဓိပ္ပါယ်မပြောင်းလဲခဲ့ပေမယ့် အစိုးရနှင့်နိုင်ငံသားများကြား အပြန်အလှန်ထိတွေ့ဆက်ဆံအကျိုးသက်ရောက်မှုရှိနေခြင်းကိုတော့ ပိုမိုအလေးထားလာခဲ့တာကို တွေ့ရပါတယ်။

စီမံအုပ်ချုပ်မှု (Governance)နဲ့ပတ်သက်ပြီး အဖွဲ့အစည်းအမျိုးမျိုးက ကွဲပြားခြားနားတဲ့ အဓိပ္ပါယ်များကိုဖွင့်ဆိုနေတာကိုတွေ့ရပါတယ်။ အချို့ကတော့ အခွင့်အာဏာနဲ့လုပ်ပိုင်ခွင့်အသုံးပြုမှု ဟုဆိုကြပါတယ်။ အချို့ကတော့ ဆုံးဖြတ်ချက်များချမှတ်ခြင်းနည်းလမ်းအဆင့်ဆင့် လို့ပြောကြပြန်ပါတယ်။ တချို့ကလည်း အစိုးရနဲ့စီမံအုပ်ချုပ်မှုဆိုတာ အတူတူပဲလို့ဆိုကြပါတယ်။ အစိုးရတစ်ရပ်တည်းအနေနဲ့ ဆုံးဖြတ်ချက်များချမှတ်ဖို့ရော၊ အကောင်အထည်ဖော်ဖို့ရောဟာ အလွန်မလွယ်လှပါဘူး။ စီမံအုပ်ချုပ်မှုလို့ ပြောလိုက်ရင်တော့ဖြင့် နိုင်ငံသူနိုင်ငံသားအားလုံးရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှု ဆိုတာအကျုံးဝင်သွားပါတယ်လို့ဆိုကြပါတယ်။

၂၀၀၂ ခုနှစ်က ကျင်းပခဲ့တဲ့ ရေရှည်ဖွံ့ဖြိုးမှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးညီလာခံမှာ နိုင်ငံအစိုးရများဟာ သယံဇာတစီမံအုပ်ချုပ်မှု အားကောင်းလာစေရန် ကတိကဝတ်များပြုခဲ့ကြပါတယ်။ အာရှဒေသတစ်လွှားမှာ အလျင်အမြန်ပြောင်းလဲနေတဲ့ လူထုရေးရာနဲ့စီးပွါးရေးရာကဏ္ဍများဟာ သဘာဝသယံဇာတများနဲ့ ပတ်သက်တဲ့စီမံအုပ်ချုပ်မှုမှာ ဆုံးဖြတ်ချက်ချမှတ်ခြင်းနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်စဉ်များကိုအခြေခံအားဖြင့် ပြောင်းလဲစေခဲ့ပါတယ်။ အောက်ခြေအဖွဲ့အစည်းများကို စီမံအုပ်ချုပ်မှုဆိုင်ရာ အခွင့်အာဏာများ ပိုမိုပေးအပ်လာခြင်းက သယံဇာတများအား စီမံအုပ်ချုပ်မှုကို အကျိုးသက်ရောက်စေခဲ့ပါတယ်။

သဘာဝသယံဇာတများအား စီမံအုပ်ချုပ်မှုဟုဆိုရာမှာ အထူးသဖြင့် သစ်တောသယံဇာတများကို စီမံအုပ်ချုပ်တဲ့နေရာမှာ သမိုင်းတစ်လျှောက်လုံးထိန်းသိမ်းကာကွယ်ရေးရှုထောင့်ကိုသာ အလေးထားပြီး ဗဟိုကချုပ်ကိုင်တဲ့ ဗဟိုဦးစီးစနစ်ဖြင့်သာ လုပ်ကိုင်ခဲ့ကြတာကို လေ့လာတွေ့ရှိနိုင်ပါတယ်။ သစ်တောစီမံအုပ်ချုပ်မှုမှာ တစ်ကယ့်ကိုသယံဇာတတွေကို နေ့စဉ်ထိတွေ့ပြီး မိရိုးဖလာအစဉ်အလာတွေကို အခြေပြုလုပ်ကိုင်သုံးစွဲနေကြရတဲ့ ကျေးလက်ပြည်သူများရဲ့အခန်းကဏ္ဍကတော့ အသိအမှတ်ပြုမှုအင်မတန်နည်းပါးနေတာကို တွေ့ရမှာဖြစ်ပါတယ်။ သူတို့ကိုကူညီပံ့ပိုးပေးမှုဆိုတာကလည်း မဖြစ်စလောက်အနေအထားသာ ဖြစ်ပါတယ်။ စဉ်ဆက်မပြတ်သဘာဝသယံဇာတများကို သုံးစွဲသွားနိုင်ဖို့အတွက် စီမံအုပ်ချုပ်မှုဟာ အရေးကြီးတဲ့အရာဖြစ်တယ်ဆိုတာ အားလုံးကလက်ခံကြရမှာဖြစ်ပါတယ်။

တဖြည်းဖြည်းနဲ့ အာရှပစိဖိတ်ဒေသ နိုင်ငံအတော်များများမှာ ဒေသခံပြည်သူတွေကို သစ်တောစီမံအုပ်ချုပ်မှုမှာလုပ်ပိုင်ခွင့်အချို့ပေးလာတာကို တွေ့လာရပါတယ်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများမှ အကောင်းဆုံးအကျိုးကျေးဇူးများ ရရှိနိုင်စေရန်အတွက် ထိရောက်ကောင်းမွန်တဲ့ စီမံအုပ်ချုပ်မှုဟာ မဖြစ်မနေလိုအပ်ချက်တစ်ခုဖြစ်ပါတယ်။ ထိရောက်ကောင်းမွန်တဲ့ စီမံအုပ်ချုပ်မှုလို့ပြောလိုက်တဲ့အခါမှာ ကျွန်တော်တို့ဟာ ဓလေ့ထုံးတမ်းအစဉ်အလာနှင့် ပြဋ္ဌာန်းဥပဒေများက ချမှတ်ထားတဲ့ မူဝါဒ၊ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းတွေ၊ ဆောင်ရွက်ပုံနည်းလမ်းများနဲ့ ပါဝင်ဆောင်ရွက်နေကြတဲ့ အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေအပါအဝင် လွှမ်းခြုံရှုမြင်သုံးသပ်ဖို့လိုအပ်ပါတယ်။ သဘာဝသယံဇာတ (သစ်တောများအပါအဝင်)တွေကို စီမံခန့်ခွဲဖို့အတွက် ဆုံးဖြတ်ချက်တွေချတဲ့နေရာမှာ ကျွန်တော်တို့လူ့အဖွဲ့အစည်းမှာ အခွင့်အာဏာကို ဘယ်လိုခွဲဝေသုံးစွဲကြသလဲ။ တာဝန်ဝတ္တရားတွေဘယ်လိုသတ်မှတ်ကြသလဲဆိုတာ ရှင်းလင်းပြတ်သားဖို့လိုပါတယ်။ သယံဇာတတွေကို စီမံခန့်ခွဲဖို့ဆုံးဖြတ်ချက်ပေးသူတွေ၊ စီမံခန့်ခွဲနေသူတွေနှင့် သုံးစွဲနေသူတွေအားလုံးဟာ တာဝန်ယူတတ်တဲ့သူ/ တာဝန် ခံတတ်တဲ့သူတွေဖြစ်ဖို့ဟာ အဓိကသော့ချက်ကျပါတယ်။

ထိရောက်ကောင်းမွန်သည့် စီမံအုပ်ချုပ်မှုလို့ပြော

မယ်ဆိုရင် တာဝန်ယူမှု/တာဝန်ခံမှု၊ ထဲထဲဝင်ဝင်ပူးပေါင်းဆောင်ရွက်မှု၊ ပွင့်လင်းမြင်သာမှုနှင့် တရားဥပဒေစိုးမိုးမှုဆိုတဲ့အကြောင်းအခြင်းရာများကို ထည့်သွင်းစဉ်းစားချိန်ထိုးရှုမြင်ရပါမယ်။ ကျေးလက်ဒေသအဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်၊ နိုင်ငံအဆင့်နှင့် ဒေသဆိုင်ရာအဆင့်များတွင် သယံဇာတတွေအသုံးပြုမှုနဲ့ ပတ်သက်ပြီးချမှတ်တဲ့ ဆုံးဖြတ်ချက်များဟာ သယံဇာတများကိုအသုံးပြုနေရတဲ့ ကျေးလက်နေပြည်သူများကို စနစ်တကျသတင်းအချက်အလက်များ ဖြန့်ဝေဖို့နဲ့ မျှမျှတတဆောင်ရွက်ပေးဖို့ဟာ စီမံအုပ်ချုပ်မှုမှာ အရေးကြီးပါတယ်။ သယံဇာတတွေကိုအသုံးပြုမှုနဲ့ ပတ်သက်တဲ့ဆုံးဖြတ်ချက်ချတဲ့ဖြစ်စဉ်များမှာ အကျိုးဆက်စပ်ပါဝင်ပတ်သက်နေသူများအားလုံး ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိတယ်ဆိုတာကို အသိအမှတ်ပြုဖို့လိုပါတယ်။

လက်တွေ့ဘဝမှာ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများ ဆောင်ရွက်ရာမှာ စီမံအုပ်ချုပ်မှု(Governance)နဲ့ပတ်သက်ပြီး ကောင်းကောင်းမွန်မွန်ဆောင်ရွက်နိုင်မှုအားနည်းနေသေးတာကို တွေ့ရပါတယ်။ ဥပမာ-သစ်တောအသုံးပြုသူများအဖွဲ့ကို ဘယ်လိုဖွဲ့စည်းသလဲ။ စည်းမျဉ်းစည်းကမ်းနဲ့ ညီညွတ်ရဲ့လား။ တကယ့်ကျေးလက်နေ သစ်တောကိုအမှန်တကယ်အသုံးပြုနေသူများနဲ့ ဖွဲ့စည်းသလား။ သစ်တောအသုံးပြုသူများအဖွဲ့ရဲ့ စီမံအုပ်ချုပ်မှုကော်မတီမှာပါဝင်တဲ့ပုဂ္ဂိုလ်များကိုကော ရွေးချယ်ဖို့ ဘယ်သူတွေဆုံးဖြတ်ခဲ့ကြသလဲ။ ဆုံးဖြတ်တဲ့နေရာမှာကော ဘယ်လိုနည်းတွေအသုံးပြုခဲ့ကြသလဲ။ အမျိုးသား၊ အမျိုးသမီးပါဝင်မှုကရော အချိုးညီမှုရှိရဲ့လား။ အခြားလူမှုရေးရှုထောင့်များကရော အချို့ပုဂ္ဂိုလ်များကိုဖယ်ကြဉ်ထားလားစသည်ဖြင့် လေ့လာရှုမြင်ဖို့လိုအပ်ပါတယ်။ သစ်တောအသုံးပြုသူအဖွဲ့တစ်ခုရဲ့ အဖွဲ့ဝင်အများစုက သဘောမတူပဲ ဗဟိုဦးစီးစနစ်နဲ့ တစ်စုံတစ်ယောက်ကို ဥက္ကဋ္ဌအဖြစ်ရွေးချယ်ပြီးဦးဆောင်စေခဲ့ရင် ရွာသားအများစုရဲ့ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို ရဖို့ခက်ခဲနိုင်ပါတယ်။

စီမံအုပ်ချုပ်မှုကော်မတီဟာ အသုံးပြုသူများအဖွဲ့ကိုတာဝန်ခံရဲ့လား။ မိမိတို့ကော်မတီရဲ့ဆောင်ရွက်ချက်များကိုဘယ်လိုနည်းလမ်းတွေနဲ့အဖွဲ့ကို ပြန်လည်တင်ပြကြသလဲ။ အဖွဲ့မှာသင်းဖွဲ့စည်းမျဉ်းရှိလား။ ရှိရင်လည်း သင်းဖွဲ့စည်းမျဉ်းအတိုင်း ဆောင်ရွက်နေကြသလား။ စီမံဆောင်ရွက်မှု အမှားအယွင်းများရှိရင်လည်း ရဲရဲတင်းတင်းတာဝန်ယူသလား။ အဖွဲ့အတွင်းမှာ လုပ်ပိုင်ခွင့်နဲ့ပတ်သက်ပြီး အပြန်အလှန်ထိန်းကျောင်းမှုစနစ်ရှိသလား။ ဆုံးဖြတ်ချက်ချတဲ့နေရာမှာ ဥက္ကဋ္ဌတစ်ယောက်ထဲဆုံးဖြတ်လား။ အဖွဲ့နှင့်တိုင်ပင်ပြီး စည်းမျဉ်းစည်းကမ်းနဲ့အညီဆုံးဖြတ်လား။ အရေးယူရမယ့်ကိစ္စများရှိရင်လည်း ကျောသားရင်သားမခွဲခြားပဲ ဆောင်ရွက်သလား။ အကျိုးအမြတ်ဆိုင်ရာခွဲဝေမှုများမှာကော ပွင့်လင်းမြင်သာမှုရှိရဲ့လား။ သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများကော သတ်မှတ်ထားသလားစသည်ဖြင့်ဆောင်ရွက်သည့်လုပ်ငန်းစဉ်များအား လေ့လာသုံးသပ်ကြည့်လျှင် အဆိုပါအဖွဲ့၏ စီမံအုပ်ချုပ်မှုကို အထိုက်အလျောက်တိုင်းတာနိုင်ပါတယ်။

တာဝန်ယူမှု/တာဝန်ခံမှုရှိသည့် အသုံးပြုသူများအဖွဲ့ ဆောင်ရွက်ပုံအဆင့်ဆင့်တိုင်း ပွင့်လင်းမြင်သာမှုရှိသည့် အသုံးပြုသူများအဖွဲ့၊ စည်းမျဉ်းစည်းကမ်းများကို စနစ်တကျလိုက်နာသည့် အသုံးပြုသူများအဖွဲ့တွင် အဖွဲ့ဝင်များ၏ ပူးပေါင်းဆောင်ရွက်မှုကားကြီးမားသော အတိုင်းအတာတစ်ခုထိ ရှိနေမှာကတော့ မြေကြီးလက်ခတ်မလွဲပါဘူး။ ထိရောက်သည့် စီမံအုပ်ချုပ်မှုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုမရှိသည့် အကြောင်းများကြောင့် သစ်တောအသုံးပြုသူအဖွဲ့ဝင်များ အချင်းချင်းကြားတွင်လည်းကောင်း၊ အသုံးပြုသူအဖွဲ့များနှင့် တာဝန်ရှိသည့် အစိုးရဌာနကြားတွင်လည်းကောင်း ဆက်ဆံရေးများပျက်ပြားကာ အချို့သစ်တောအသုံးပြုသူများစာရွက်ပေါ်တွင်သာရှိတော့ပြီး အောက်ခြေတွင်လုပ်ငန်းဆောင်ရွက်မှုများရပ်ဆိုင်းနေကြသည်ကို တွေ့ရပါတယ်။ အချို့အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများကို ပြန်လည်သိမ်းဆည်းအရေးယူနေရခြင်းများကိုလည်း ဝမ်းနည်းစွာနဲ့တွေ့မြင်နိုင်ပါတယ်။

ဒါကြောင့်မို့ ထိရောက်သော စီမံအုပ်ချုပ်မှုကို ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ရာမှာ အလေးထားဆောင်ရွက်သင့်ကြောင်းတင်ပြအပ်ပါသည်။








## ပီရူးနိုင်ငံသွားတောလားနှင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံ အတွေ့အကြုံများ

ဒေါက်တာညွန့်နိုင်
လက်ထောက်ကထိက၊
သစ်တောတက္ကသိုလ်
(ရေဆင်း)

ပီရူးနိုင်ငံသည် တောင်အမေရိကတိုက် အနောက်ဘက်ကမ်းခြေတွင်တည်ရှိပြီး တောင်အမေရိကတိုက်တွင် တတိယအကြီးဆုံးနှင့် ကမ္ဘာပေါ်တွင်တစ်ဆယ့်ကိုးနိုင်ငံမြောက် အကြီးဆုံးနိုင်ငံတစ်ခုဖြစ်ပါသည်။ ပီရူးနိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာကိုမျက်နှာမူနေသော ကမ်းရိုးတန်းရှိပြီး အီကွေဒေါနိုင်ငံ၊ ကိုလံဘီယာနိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ ဘိုလီးဗီးယားနိုင်ငံ၊ ချီလီနိုင်ငံများနှင့် နယ်နိမိတ်ထိစပ်လျက်ရှိပါသည်။ ပီရူးနိုင်ငံသည် တောင်ကုန်းတောင်တန်း ထူထပ်ပေါများပြီး ကမ္ဘာကျော်အင်ဒီးစ်တောင်တန်းကြီး၊ ရှည်လျားသော ကမ်းရိုးတန်း၊ ခြောက်သွေ့သော သဲကန္တာရများမှ အမေဇုန်မိုးသစ်တော၊ တီတီကာကာရေအိုင်ကြီးအစရှိသဖြင့် ပထဝီဝင်အနေအထားအရ ထူးခြားဆန်းကျယ်သောနိုင်ငံဖြစ်ပါသည်။

လီမာမြို့သည် ပီရူးသမ္မတနိုင်ငံ၏မြို့တော်ဖြစ်ပါသည်။ မြို့တော်လီမာသည် ပီရူးနိုင်ငံ၏အကြီးဆုံးမြို့ဖြစ်ပြီး အနောက်ဘက်ကမ်းခြေတွင်တည်ရှိပါသည်။ ပီရူးနိုင်ငံသည် တောင်အမေရိကတိုက်ရှိ မူလတိုင်းရင်းသားလူမျိုးစုများ အများဆုံးနေထိုင်ရာ နေရာတစ်ခုဖြစ်ပါသည်။ မူလတိုင်းရင်းသားလူမျိုးစုများနှင့် စပိန်မျိုးနွယ်ဖွားများ၊ ဥရောပနွယ်ဖွားများလည်းနေထိုင်ကြပြီး စပိန်ဘာသာစကား၊ မူလတိုင်းရင်းသားလူမျိုးစုများ၏ ဘာသာစကားနှင့် အမာရာဘာသာစကားများသည် နိုင်ငံအတွင်းအများဆုံး အသုံးပြုသော ဘာသာစကားများဖြစ်ကြပါသည်။

ယခုပီရူးနိုင်ငံဟုခေါ်ဆိုသောနေရာတွင် လွန်ခဲ့သောနှစ်ပေါင်း ၁၂၀၀၀ ခန့်လောက်မှစတင်၍ လူသားများနေထိုင်ခဲ့ကြသည်ဟု မနုဿဗေဒပညာရှင်များက ယုံကြည်ကြပါသည်။ လက်ရှိပီရူးနိုင်ငံတွင် လူဦးရေ (၂၈. ၄)မီလီယံရှိပြီး ၂၀၅၀ ပြည့်နှစ်တွင် (၄၃)မီလီယံအထိရှိလာမည်ဟု ခန့်မှန်းထားပါသည်။ ပီရူးနိုင်ငံတွင် လူဦးရေအများစုသည် မြို့ပြများတွင် နေထိုင်ကြပြီး စုစုပေါင်းလူဦးရေ၏ ၇၂% မှာ မြို့တော် လီမာနှင့် အခြားမြို့ကြီးများတွင် နေထိုင်ကြပါသည်။ လူအများစုသည် နွေးထွေးဖော်ရွေကြပါသည်။ မြို့တော်လီမာ၏ မြင်ကွင်းကို သေနတ်လွတ်ကိုင် ရဲဝန်ထမ်းများ၊ ကားလမ်းမပေါ်အပြည့် ကားလမ်းပိတ်စေသောကားများ၊ ရပ်ကွက်တိုင်းတွင်တွေ့ရသော ပန်းခြံငယ်လေးများ၊ ဈေးကျသော အဆောက်အအုံများအစရှိသည်တို့က ပုံဖော်ပေးနေကြပါသည်။ မြို့တော်လီမာသို့ရောက်ရှိလျှင် အထူးသတိထားရမည့် အချက်မှာ မိမိပိုင်ပစ္စည်းပစ္စယများအား ဂရုတစိုက်ထိန်းသိမ်းရန်၊ တက္ကစီငှားစီးလျှင် သတိရှိရန်နှင့် ဈေးဝယ်စင်တာများသွားလျှင် မိမိပိုက်ဆံအိတ်ကို သတိထားရန် အထူးအရေးကြီးပါသည်။

အကြိမ်(၂၀)မြောက် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံကြီးမှ ရရှိခဲ့သော အတွေ့အကြုံများအကြောင်းမပြောခင် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အသုံးအနှုန်းအချို့၏ အဓိပ္ပါယ်အား ထုတ်နုတ်တင်ပြလိုပါသည်။ "ရာသီဥတု-Climate"ဆိုသည်မှာ ဒေသတစ်ခု၏မိုးလေဝသ (Weather) အခြေအနေများကို ရှည်လျားသော ကာလအပိုင်းအခြား (ယေဘုယျအားဖြင့်- ၃၀ နှစ်)ဖြင့် စုစည်းဖော်ပြခြင်း ဖြစ်ပါသည်။ "ရာသီဥတုပြောင်းလဲခြင်း- Climate change"ဟူသည်မှာ ရှည်လျားသော အချိန်ကာလအပိုင်းအခြား နှစ်ခုအတွင်းတိုင်းတာရရှိသော အပူချိန်၊ မိုးရေချိန်၊ လေထုစိုထိုင်းစ အစရှိသည့် မိုးလေဝသဆိုင်ရာ ပျှမ်းမျှတန်ဖိုးများပြောင်းလဲလာခြင်းပင်ဖြစ်ပါသည်။

ကမ္ဘာ့ရာသီဥတုသည် ကမ္ဘာဦးကာလကပင် သဘာဝအားဖြင့် ပုံလိုက်အေးလိုက် တစ်လှည့်စီဖြစ်ပေါ်လေ့ရှိရာ- Ice age ဟုခေါ်ဆိုသော ရေခဲဖုံးလွှမ်းသော ကာလနှင့် ရေခဲအရည်ပျော်သောကာလမှာ တစ်လှည့်စီ ဖြစ်ပေါ်လေ့ရှိသည်ကို- သမိုင်းမှတ်တမ်းများတွင် ထင်ထင်ရှားရှား တွေ့မြင်နိုင်ပါသည်။ သို့ဖြစ်ရာ လူသားများ၏ အပြုအမူကြောင့်ဖြစ်ပေါ်လာသော ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုဆိုသည်မှာ အဘယ်နည်း--?။ ရာသီဥတုပြောင်းလဲလာမှုကို မည်သည့်အချိန်မှစတင်၍ သတိပြုမိလာခဲ့ကြပါသနည်း-. . ?။ ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုဖြစ်စဉ်သည် အမှန်တကယ်ဖြစ်ပျက်သော အဖြစ်အပျက်တစ်ခုဟုတ်ပါရဲ့လား-. . ?။

လူသားများ၏ အပြုအမူကြောင့် ဖြစ်ပေါ်လာသော ကမ္ဘာ့ရာသီဥတုပြောင်းလဲလာခြင်း၏ သမိုင်းကြောင်းနှင့် စတင်သတိပြုမိခဲ့သောအချိန်ကာလမှစ၍ ပထမဆုံးအကြိမ် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံကြီးကျင်းပဖြစ်ခဲ့သည့် အကြောင်းအရာများအား လေ့လာကြည့်လျှင်-

- ၁၈၂၄-ခုနှစ်တွင် ပြင်သစ်ရူပဗေဒပညာရှင် Joseph Fourier မှ ကမ္ဘာကြီး၏ သဘာဝမှန်လုံအိမ် အကျိုးသက်ရောက်မှုကို ဖော်ထုတ်ပြသနိုင်ခဲ့ပါသည်။ Joseph Fourier မှအလင်းတန်းပုံစံဖြင့် ဝင်ရောက်လာသော အပူစွမ်းအင်သည် ကမ္ဘာ့လေထုအတွင်း ထိုးဖောက်ဝင်ရောက်ရန်လွယ်ကူသော်လည်း ကမ္ဘာ့လေထုအား ဖြတ်သန်း၍ပြန်လည်ဖြာထွက်ရန် ခက်ခဲကြောင်းတွေ့ရှိခဲ့ပါသည်။
- ၁၈၆၁-ခုနှစ်တွင် အိုင်းရစ်ရူပဗေဒပညာရှင် John Tyndall မှ မှန်လုံအိမ်အကျိုးသက်ရောက်မှုကို ဖြစ်စေသော ရေနွေးငွေ့အပါအဝင် ဓါတ်ငွေ့အချို့ကိုရှာဖွေတွေ့ရှိခဲ့ပါသည်။
- ၁၈၉၆- ခုနှစ် ဆွီဒင်ဓာတုဗေဒပညာရှင် Svante Arrhenius မှ စက်မှုတော်လှန်ရေး ခေတ်ကျောက်မီးသွေးလောင်စာအသုံးပြုခြင်းသည် ကမ္ဘာ့သဘာဝမှန်လုံအိမ်အကျိုးသက်ရောက်မှုဖြစ်စဉ်ကို ပိုမိုတွန်းအားပေးလာ

နိုင်ကြောင်းစတင်တွေ့ရှိခဲ့သည်မှအစပြု၍- ရုပ်ကြွင်းလောင်စာအသုံးပြုခြင်းအားဖြင့် ကမ္ဘာ့လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ် ဓါတ်ငွေ့ထုတ်လွှတ်မှုသည် (၁၉၂၇)-ခုနှစ်တွင် ၁ နှစ်လျှင် ၁ ဘီလီယံတန်နှုန်းရှိကြောင်းဆက်လက်လေ့လာဖော်ထုတ်နိုင်ခဲ့ပါသည်။

- ၁၉၃၈-ခုနှစ်တွင် ကမ္ဘာ့အပူချိန်သည် ယခင်ရာစုနှစ်ထက် ပိုမိုပူပြင်းလာကြောင်း ဗြိတိသျှအင်ဂျင်နီယာ Guy Callendar က မိုးလေဝသစခန်း(၁၄၇)ခုမှ တိုင်းတာရရှိသည့် မှတ်တမ်းများအရတွေ့ရှိခဲ့ပြီး၊ ၄င်းမှပင် အဆိုပါကာလအတွင်း ကမ္ဘာ့လေထုအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုဒ် ဓါတ်ငွေ့တိုးပွားလာသည့် ပမာဏလည်းများပြားလာကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါသည်။
- ၁၉၅၅-ခုနှစ်တွင် အမေရိကန်သုတေသနပညာရှင် Gilbert Plass က ကမ္ဘာ့လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ပါဝင်မှုနှုန်းဆ မြင့်တက်လာခြင်းဖြင့် ကမ္ဘာ့အပူချိန် ၃-၄ ံC အထိတိုးမြင့်လာနိုင်ကြောင်း ထောက်ပြခဲ့ပါသည်။
- ၁၉၆၅-ခုနှစ်တွင် အမေရိကန်သမ္မတ အကြံပေးကော်မတီအဖွဲ့မှ မှန်လုံအိမ်အကျိုးသက်ရောက်မှုသည် အမှန်တစ်ကယ်အရေးကြီး ဖြေရှင်းရမည့် ကိစ္စတစ်ခုဖြစ်ကြောင်း သတိပေးပြောကြားခဲ့ပါသည်။
- ၁၉၇၂- ခုနှစ်တွင် ပထမဆုံးအကြိမ် ကမ္ဘာ့ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ညီလာခံကို ဆွီဒင်နိုင်ငံ၊ စတော့ဟုမ်းမြို့တွင်ကျင်းပနိုင်ခဲ့ပြီး၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခြင်းမပြုနိုင်သေးသော်လည်း၊ UNEP- United Nations Environmental Programme ကမ္ဘာ့ကုလသမဂ္ဂသဘာဝပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့အစည်းကို ဖွဲ့စည်းနိုင်ခဲ့ပါသည်။
- ၁၉၇၅- ခုနှစ်တွင် အမေရိကန်သိပ္ပံပညာရှင် Wallace Broecker မှ "ကမ္ဘာကြီးပူနွေးခြင်း- Global warming" ဟူသော ဝေါဟာရအသုံးအနှုန်းအား သိပ္ပံပညာရပ်ဆိုင်ရာ စာတမ်းမှတစ်ဆင့် အများပြည်သူသို့ ရေးသားဖော်ပြခဲ့ပါသည်။
- ၁၉၈၈-ခုနှစ်တွင် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အထောက်အထားများ စုစည်းကောက်နုတ်တန်ဖိုး ဖြတ်နိုင်ရန် အပြည်ပြည်ဆိုင်ရာအစိုးရများအဖွဲ့ (IPCC- Intergovernmental Panel on Climate Change)ဖွဲ့စည်းနိုင်ခဲ့ပြီး (၂)နှစ်တာကာလအတွင်း ၁၉၉၀-ခုနှစ်တွင် IPCC မှ ပထမဦးဆုံး အကဲဖြတ် အစီရင်ခံစာတင်သွင်းနိုင်ခဲ့ ပါသည်။
- ၁၉၉၀-ခုနှစ် IPCC အစီရင်ခံစာတွင် လွန်ခဲ့သောရာစုနှစ်အတွင်း ကမ္ဘာ့အပူချိန် ၀.၃-၀.၆ အထိမြင့်တက်ခဲ့ပြီး၊ လူသားတို့ကြောင့်ဖြစ်ပေါ်လာသော ကမ္ဘာ့လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ် ဓါတ်ငွေ့ပါဝင်မှုနှုန်းတိုးလာခြင်းသည် ကမ္ဘာကြီး၏ သဘာဝမှန်လုံအိမ်အကျိုးသက်ရောက်မှု ဖြစ်စဉ်အပေါ်တွင် ဆင့်ကဲတိုးပွားစေပြီး ပိုမိုပူနွေးလာစေကြောင်း ဖော်ပြခဲ့သည်မှ အစပြု၍ ၁၉၉၅-ခုနှစ်တွင် ပထမဆုံးအကြိမ် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံကြီးကို ဂျာမနီနိုင်ငံ၊ ဘာလင်မြို့တွင် တက်ရောက်သူ ကိုယ်စားလှယ်ပေါင်း (၄,၀၀၀)ဖြင့် စတင်ကျင်းပနိုင်ခဲ့ပါသည်။

သို့ဖြစ်ရာ ၁၉၉၀-ခုနှစ် နောက်ပိုင်းကာလမှစ၍ ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုသည် အမှန်တစ်ကယ်ဖြစ်ပျက်လာသော အဖြစ်အပျက်တစ်ခုအဖြစ် သိပ္ပံပညာရှင်အများစုမှ လက်ခံယုံကြည်လာကြပါသည်။ ၂၀၀၇-ခုနှစ်တွင် IPCC မှ ကမ္ဘာ့ရာသီဥတုပြောင်းလဲလာခြင်းသည် လူသားများ၏ အပြုအမူကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်းထုတ်ဖော်ပြောဆိုခဲ့ပြီး၊ Pittock (၂၀၀၉)၏ လေ့လာမှုများအရ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှု နှင့် ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များသည် မျှော်မှန်းထားသည်ထက် ပိုမိုမြန်ဆန်စွာအကျိုးသက်ရောက်လာနေကြောင်း ထိတ်လန့်ဖွယ်ရာ သိရှိလာခဲ့ပါသည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းဖြစ်စဉ်အား လူသားမျိုးနွယ်များနှင့် သဘာဝတရားကြီးအပေါ်တွင် မြင်သာသော

ဇယား - ၁။

**အကြိမ်(၂၀)မြောက် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံ တက်ရောက်လာသူများ**

| အကြောင်းအရာ | နိုင်ငံ/အဖွဲ့အစည်း | တက်ရောက်သူ |
|---|---|---|
| နိုင်ငံကိုယ်စားလှယ် | ၁၈၆ | ၆ ၂၉၁ |
| လေ့လာသူနိုင်ငံကိုယ်စားလှယ် | ၂ | ၅ |
| **စုစုပေါင်း** | **၁၈၈** | **၆ ၂၉၆** |
| ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးရုံးဝန်ထမ်းများ | ၃၀ | ၂၄၅ |
| အထူးကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ | ၁၉ | ၁၉၇ |
| အစိုးရအဖွဲ့အစည်းမှကိုယ်စားလှယ်များ | ၅၃ | ၄၃၉ |
| အစိုးရမဟုတ်သောအဖွဲ့အစည်းမှကိုယ်စားလှယ်များ | ၆၂၄ | ၃ ၁၀၄ |
| **စုစုပေါင်း** | **၇၂၆** | **၃ ၉၈၅** |
| စာနယ်ဇင်းဆိုင်ရာအဖွဲ့အစည်းများ | ၄၃၄ | ၉၀၄ |
| **ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံတက်ရောက်သူ စုစုပေါင်း** | | **၁၁ ၁၈၅** |

ဆိုးကျိုးများဖြင့် ကနဦးသက်ရောက်လျက်ရှိသော ခြိမ်းခြောက်မှုကြီးတစ်ရပ်အဖြစ်မြင်တွေ့နိုင်ပြီး (WBGU 2003)၊ ၂၁-ရာစုအတွက် အကြီးမားဆုံးသော၊ ဖြေရှင်းရန် ခက်ခဲသော စိန်ခေါ်မှုများထဲမှ တစ်ခုအဖြစ်သတ်မှတ်၍ရနိုင်ပါသည် (Anonymous 2001)။ ကမ္ဘာပေါ်တွင်ကြုံတွေ့နေရသော ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ စိန်ခေါ်မှုများအား ဖြေရှင်းနိုင်သည့် နည်းလမ်းများရှာဖွေရန် ရည်ရွယ်ချက်ဖြင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံအား ၁၉၉၅-ခုနှစ်မှစ၍ကျင်းပလာခဲ့ရာ အကြိမ်(၂၀)မြောက် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံကြီးကို ပထဝီဝင်အနေအထားအရ ထူးခြားဆန်းကျယ်သော ပီရူးနိုင်ငံ၊လီမာမြို့တွင် ၂၀၁၄- ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှ ၁၂ ရက်နေ့အထိ ကြီးကျယ်ခမ်းနားစွာ ကျင်းပနိုင်ခဲ့ပါသည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံကြီးတွင် တက်ရောက်လာသောနိုင်ငံပေါင်း(၁၉၀) ကျော်မှ ကိုယ်စားလှယ်များ၊ အဖွဲ့အစည်းများ၊ သတင်းဌာနများမှ စုစုပေါင်း(၁၁,၁၈၅)ဦး တက်ရောက်ခဲ့ပါသည်။

ကမ္ဘာ့နိုင်ငံများအလိုက်နှင့် အဖွဲ့အစည်းများမှတက်ရောက်သူများအား ဇယား(၁)ဖြင့် ဖော်ပြထားပါသည်။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံကြီးတွင် ကမ္ဘာ့နိုင်ငံအများအပြားမှကိုယ်စားလှယ်များစွာ အလေးထားတက်ရောက်ကြသည်ကို ကြည့်ခြင်းဖြင့် ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးသက်ရောက်မှုများ၏ အရေးကြီးပုံအား ခန့်မှန်းသိရှိနိုင်ပါသည်။ ပီရူးနိုင်ငံလီမာမြို့၌ သီတင်း ၂ ပတ်ကြာ ကျင်းပခဲ့သော ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ညီလာခံတွင် တက်ရောက်လာသော နိုင်ငံများမှ ပြောင်းလဲလာသော အခြေအနေများနှင့် လိုက်လျောညီထွေ နေထိုင်နိုင်ရေးလုပ်ငန်းစဉ်များအား ကမ္ဘာ့လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓါတ်ငွေ့ပါဝင်မှုနှုန်း လျှော့ချဖြတ်တောက်သည့် လုပ်ငန်းများနည်းတူ မြှင့်တင်ဆောင်ရွက်ရန်ဟူသော သိသာထင်ရှားသည့် တိုးတက်မှုတစ်ရပ်ကိုဖော်ဆောင်နိုင်ခဲ့ပါသည်။




အကြိမ်(၂၀)မြောက် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဆိုင်ရာညီလာခံကြီးမှ ရရှိခဲ့သော အတွေ့အကြုံများ

- တက်ရောက်လာသောကိုယ်စားလှယ် ၁၁,၁၈၅ ဦးနှင့် ညီလာခံ အစီအစဉ်ပေါင်းများစွာအတွက် အစည်းအဝေးခန်းမ ၃၀-ခု၊ လွှတ်တော်ခန်းမ ၂-ခု၊ စာနယ်ဇင်းညီလာခံခန်းမ ၂-ခု၊ အခြားသီးခြား အစီအစဉ်များအတွက် အခန်း၁၁-ခု၊ ကွန်ပျူတာအင်တာနက် အသုံးပြုနိုင်သော အခန်းနှင့် နည်းပညာကူညီသူဝန်ဆောင်မှု၊ စားသောက်ဆိုင်၊ သတင်းနှင့်ပြန်ကြားရေး၊ ဘဏ်၊ ကျန်းမာရေးဝန်ဆောင်မှု၊ သန့်ရှင်းရေးအစရှိသည့် အခြေခံအဆောက်အဦပြည့်စုံစွာ စီမံထားရှိနိုင်ခြင်း။
- ကြိုဆိုနေရာချထားရေးတွင် လုံခြုံရေးတင်းကျပ်ခြင်းနှင့် စည်းကမ်းတကျ ဆောင်ရွက်လေ့ရှိသော အလေ့အကျင့်ကောင်းများ။
- အစည်းအဝေးတက်ရောက်လာသူများ စိတ်ပျော်ရွှင်ချမ်းမြေ့စေမည့် ပတ်ဝန်းကျင်ဖန် တီးထားရှိပေးမှုနှင့် ရာသီဥတုပြောင်းလဲမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ သရုပ်ဖော်ဖျော်ဖြေပွဲငယ်များ ဖြည့်ဆည်းတင်ဆက်ပေးနိုင်မှု။
- လုပ်အားပေးကူညီလုပ်ဆောင်ပေးသူ လူငယ်များသည် ဒေသန္တရဗဟုသုတပြည့်ဝပြီး နိုင်ငံခြားဘာသာစကား (အင်္ဂလိပ်ဘာသာ)အတန်အသင့် ပြောဆိုနိုင်ခြင်းနှင့် ရင်းနှီးဖော်ရွေစွာ ဝန်ဆောင်မှုပေးခြင်း။
- ကမ္ဘာ့အရပ်ရပ်မှ ညီလာခံတက်ရောက်လာသူများအကြား ရာသီဥတုပြောင်းလဲမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ သဘောထားအမြင်များ၊ ပညာရပ်ဆိုင်ရာ အတွေ့အကြုံများ ဆွေးနွေးဖလှယ်နိုင်ပြီး ကမ္ဘာ့နိုင်ငံ အသီးသီးမှလာရောက်ကြသော ပညာရပ်နယ်ပယ်စုံပညာရှင်များနှင့် ခင်မင်ရင်းနှီးမှု တည်ဆောက်နိုင်စေခြင်း။
- ယနေ့ကမ္ဘာတွင်ကြုံတွေ့နေရသော ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ စိန်ခေါ်မှုများ အားဖြေရှင်းနိုင်သည့် နည်းလမ်းများအား ကမ္ဘာတစ်ဝန်းရှိနိုင်ငံများ ပူးပေါင်းရှာဖွေရာတွင် မိမိနိုင်ငံ၏ရပ်တည်ချက်၊ မိမိနိုင်ငံနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ လက်ရှိ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ အနာဂတ် အစီအမံများအကြောင်း တင်ပြဆွေးနွေးနိုင်ခြင်း အစရှိသည့်အကျိုးကျေးဇူးများစွာ ရရှိစေပါသည်။

## အကြိမ်(၂၀)မြောက် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံကြီးမှ ပေါ်ထွက်လာသောရလာဒ်များ

လီမာမြို့၌ကျင်းပသည့် အကြိမ်(၂၀)မြောက်ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံကြီး၏ အဓိကရည်ရွယ်ချက်မှာ ၂၀၁၅-ခုနှစ်တွင် ပြင်သစ်နိုင်ငံ၊ ပါရီမြို့၌ကျင်းပမည့် (၂၁) ကြိမ်မြောက် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ညီလာခံကြီးတွင် သက္ကရာဇ်(၂၀၂၀)နောက်ပိုင်း ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်ရယူရမည့် DAP- Durban Platform for Enhanced Action ခေါင်းစဉ်အောက်မှ အကြောင်းအရာများအား ကြိုတင်ညှိနှိုင်းဆွေးနွေးပြီး အတည်ပြုချက်ရယူရန်ဖြစ်ပါသည်။ ကမ္ဘာအရပ်ရပ်မှ နိုင်ငံပေါင်း ၁၉၄-နိုင်ငံမှ ကိုယ်စားလှယ်များသည် ၂၀၁၄-ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်မှ ၁၂ ရက်နေ့ ညဦးပိုင်းအထိ အကြိတ်အနယ်ဆွေးနွေးကြပြီးနောက် ဆုံးဖြတ်ချက်များချမှတ်ခဲ့ရာ အောက်ဖော်ပြပါ ဆုံးဖြတ်ချက်

များအား ကောက်နုတ်ဖော်ပြလိုပါသည်။

**(က) ရာသီဥတုဆိုင်ရာနှစ်ရှည် ရန်ပုံငွေကဏ္ဍ** (ဆုံးဖြတ်ချက်အမှတ်- FCCC/CP/2014/L.13)။

- နိုင်ငံ့ကိုယ်စားလှယ်များသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ရန်ပုံငွေနှင့် စုဆောင်းရရှိပြီးသော ရန်ပုံငွေများ ခွဲဝေပေးရေးတွင် ပူးပေါင်းညှိနှိုင်းလုပ်ဆောင်ကြရန်၊
- နော်ဝေနိုင်ငံ၊ ဩစတြီးယားနိုင်ငံ၊ ဘယ်လဂျီယံနိုင်ငံ၊ ပီရူးနိုင်ငံ၊ ကိုလံဘီယာနိုင်ငံနှင့် ဩစတြေးလျ နိုင်ငံ့ကိုယ်စားလှယ်များမှ အစိမ်းရောင်ရာသီဥတုဆိုင်ရာ ရန်ပုံငွေတွင် နိုင်ငံအလိုက်ထည့်ဝင်မည့် ပမာဏအား အတိအလင်းကတိကဝတ်ပြုကြပြီး အမေရိကန်ဒေါ်လာ ၁၀. ၂ ဘီလီယံပြည့်မီအောင်ထည့်သွင်းရန် ကတိကဝတ်ထားရှိခြင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများ ရာသီဥတုပြောင်းလဲမှုနှင့်အညီ လိုက်လျောညီထွေ နေထိုင်နိုင်ရေးဆိုင်ရာ ရန်ပုံငွေအတွက် ဂျာမနီနိုင်ငံမှ ယူရိုငွေ ၅၅ မီလီယံထည့်ဝင်ရန် ကတိကဝတ်ပြုခြင်း၊ တောင်အာရှ-တောင်အာဖရိက ပူးပေါင်းဆောင်ရွက်ရေးအတွက် တရုတ်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၁၀ မီလီယံနှင့် နောက်နှစ်တွင် ယခုပမာဏထက် နှစ်ဆထည့်ဝင်မည်ဖြစ်ကြောင်း ကတိကဝတ်ပြုခဲ့ခြင်း၊ ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်အတွက် အထောက်အပံ့အား (၆)ကြိမ်မြောက်ထပ်မံဖြည့်တင်းခြင်း၊
- ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ ထောက်ပံ့ရေး ရန်ပုံငွေထည့်ဝင်ခြင်းများ၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အထူးရန်ပုံငွေနှင့် ပြောင်းလဲလာသော ရာသီဥတုနှင့် လိုက်လျောညီထွေ နေထိုင်နိုင်ရေးဆိုင်ရာ ရန်ပုံငွေလက်ခံရရှိခြင်းများအားကြိုဆိုလိုက်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများမှ ရန်ပုံငွေထည့်ဝင်ခြင်းအား (၂)နှစ်တစ်ကြိမ်ထည့်ဝင်နိုင်ရန်၊ သက္ကရာဇ် (၂၀၁၄)မှ (၂၀၂၀)အတွင်း ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ရန်ပုံငွေအပြည့်အဝ လက်ခံရရှိစေရေးထိရောက်သောနည်းလမ်းများဖြင့် ဆောင်ရွက်ရန်နှင့် ရန်ပုံငွေထည့်ဝင်ခြင်းမရှိသေးသော ဖွံ့ဖြိုးပြီးနိုင်ငံများအား တိုက်တွန်းနှိုးဆော်သွားရန်၊

**(ခ)စွမ်းဆောင်ရည်မြှင့် တင်ခြင်းကဏ္ဍ** (ဆုံးဖြတ်ချက်အမှတ်- FCCC/SBI/2014/L.40)။

- တက်ရောက်လာသောနိုင်ငံများအား လေးကြိမ်မြောက် အစည်းအဝေးဖြစ်သော ဒါဘန်းလွှတ်တော်၌ ဆွေးနွေးနိုင်ရန် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်အောက်တွင် စွမ်းဆောင်ရည်မြှင့်တင်ရေး အဖွဲ့အစည်း ဖွဲ့စည်းခြင်းနှင့်ပတ်သတ်၍ ၎င်းတို့၏အမြင်များနှင့် သတ်သတ်မှတ်မှတ်ရှိသော အဓိကဆွေးနွေးလိုသည့် အကြောင်းအရာများအား ၂၀၁၅-ခုနှစ်၊ ဖေဖော်ဝါရီလ(၁၈) ရက်နေ့ နောက်ဆုံးထားတင်သွင်းရန်၊
- ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက်ချမှတ်ထားသော မူဘောင်အား လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို တတိယအကြိမ် ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်သုံးသပ်ရမည့် သဘောတူညီချက်များနှင့် ပတ်သက်၍ တက်ရောက်လာသူနိုင်ငံများ၏အမြင်များကို ၂၀၁၅-ခုနှစ်၊ ဖေဖော်ဝါရီလ (၁၈)ရက်နေ့ နောက်ဆုံးထားတင်သွင်းရန်၊
- တက်ရောက်လာသူနိုင်ငံများမှ လေးကြိမ်မြောက်အစည်းအဝေးဖြစ်သော ဒါဘန်းလွှတ်တော် အစည်းအဝေး ဆုံးဖြတ်ချက်များအား ပြင်သစ်နိုင်ငံ၌ ၂၀၁၅-ခုနှစ်တွင် ကျင်းပမည့် COP 21- (၂၁)ကြိမ်မြောက် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ညီလာခံကြီးတွင် ဆုံးဖြတ်ချက်ချရမည့် ဆုံးဖြတ်ချက်မူကြမ်းအဖြစ်တင်သွင်းရန် သဘောတူညီခဲ့ပါသည်။

**(ဂ) အမျိုးသမီးများနှင့် ရာသီဥတုပြောင်းလဲခြင်း** (ဆုံးဖြတ်ချက်အမှတ်- FCCC/SBI /2014/L.43/Rev.1)။

- ကိုယ်စားလှယ်များအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်အောက်၌ ဖွဲ့စည်းတည်ထောင်သည့် အသင်းအဖွဲ့များတွင် အမျိုးသမီးများပါဝင်မှုမြှင့်တင်ရန် တက်ရောက်လာသူနိုင်ငံများမှ ထပ်မံကြိုးပမ်း အားထုတ်မှုများပြုလုပ်ရန်၊
- ကျား-မတန်းတူညီမျှရှိမှု အားပေးရန်နှင့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်အောက်၌ ဖွဲ့စည်းတည်ထောင်သည့်အသင်းအဖွဲ့များတွင် အမျိုးသမီးများ ထိရောက်စွာပါဝင်မှုအား လမ်းညွှန်ရန် ရည်ရွယ်ချက်များဖြင့် ရေးဆွဲထားသော ကျား-မ တန်းတူညီမျှပါဝင်သည့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ မူဝါဒပေါ်ထွက်လာစေရေး ၂-နှစ် လုပ်ငန်းအစီအစဉ်အား ဖော်ဆောင်ရန်၊
- လက်ရှိလုပ်ဆောင်လျက်ရှိသည့် ကျား-မ မရွေးသာတူညီမျှရှိစေရန် ဆောင်ရွက်သည့် လုပ်ငန်းများအားမြှင့်တင်ပေးရန်၊

**(ဃ) REDD+အတွက် နည်းပညာလမ်းညွှန်ချက်** (ဆုံးဖြတ်ချက်အမှတ်- FCCC/SBSTA/2014/INF. 13 and MISC.6 and 7)။

- သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းမှ ကာဗွန်ထုတ်လုပ်မှု လျှော့ချခြင်း Reducing Emission from Deforestation and forest Degradation-REDD+ အကောင်အထည် ဖော်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ထိခိုက်နစ်နာမှုများ ကာကွယ်သည့် အရံအတားများအား ထပ်မံ၍လမ်းညွှန်ချက်များ ဖြည့်စွက်ရန် လိုအပ်နေသည်ဟု သိပ္ပံပညာရပ်ဆိုင်ရာနှင့် နည်းပညာဆိုင်ရာ အကြံပြုသည့်အဖွဲ့အစည်း၏ ဆက်သွယ်ရန် အဖွဲ့မှစဉ်းစားခဲ့ပါသည်။

- အာဖရိကန်အဖွဲ့၊ ဂါယားနား၊ အပူပိုင်းမိုးသစ်တောနိုင်ငံများမဟာမိတ်အဖွဲ့၊ အိန္ဒိယ၊ ဖီဂျီ၊ အင်ဒိုနီးရှား၊ ဘရာဇီးနှင့် တရုတ်နိုင်ငံများမှ REDD+ အကာအကွယ်များအား အလောတကြီး ထမ်းဖြည့်စွက်ရန် အလေးထားကြသော်လည်း ဥရောပသမဂ္ဂ၊ အမေရိကန်နှင့် နော်ဝေနိုင်ငံများက အဖွဲ့မှသုံးသပ်ရန် တိကျသော ဆုံးဖြတ်ချက် ဝေါဟာရ စကားအသုံးအနှုန်းများ ဖြစ်လာစေရေး တွဲဖက်သဘာပတိများမှဆောင်ရွက်သင့်ကြောင်း အဆိုပြုပါသည်။

နိဂုံးချုပ် တင်ပြရပါလျှင် အကြိမ်(၂၀)မြောက်ကျင်းပသော ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံကြီးတွင် ကမ္ဘာကြီးနှင့် ကမ္ဘာ့လူသားများအား ခြိမ်းခြောက်နေသော၊ ၂၁-ရာစုအတွက် ဖြေရှင်းရန်ခက်ခဲသည့် အကြီးမားဆုံးသော စိန်ခေါ်မှုတစ်ခုအား လူသားများကောင်းကျိုးအတွက် နိုင်ငံအများ၏ပေါင်းစည်း ညီညွတ်ခြင်း၊ စိတ်အားထက်သန်ခြင်းများဖြင့် ကြိုးစားအဖြေရှာနေကြကြောင်း မှတ်တမ်းတင်ရေးသားလိုက်ပါသည်။

## ကျေးဇူးတင်လွှာ

ဤဆောင်းပါးဖြစ်မြောက်ရေးအတွက် COP 20 တက်ရောက်နိုင်ရေး ခွင့်ပြုပေးခဲ့သော MOECAF မှ အကြီးအကဲများ၊ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန၊ အမေရိကန်သံရုံးတို့နှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား ကျေးဇူးအထူးတင်ရှိပါကြောင်း ဤဆောင်းပါးဖြင့် ဂုဏ်ပြုဖော်ပြအပ်ပါသည်။

ကျမ်းကိုး-


- Anonymous 2001. Climate Change Science: An analysis of some key questions. Committee on the Science of Climate Change, Division on Earth and Life Studies, National Research Council, National Academy Press, Washington, D.C. 42 pp

- Pittock, A.B., 2009. Climate Change: The science, impacts and solutions. CSIRO Publishing, Collingwood, 350 pp.

- WBGU, 2003. Climate Protection Strategies for the 21st Century: Kyoto and beyond. Special Report 2003. WBGU (German Advisory Council on Global Change), Berlin.


## ကိုယ်ကျိုးမဖက် လူမျိုးအတွက်



- မြန်မာတို့ရဲ့ဂုဏ်ထူးဆောင် တိုက်ကြီးမြို့တဲ့မောင်
  မယုံမရှိအကုန်သိ AEON စိုက်ခင်းရှိ
  ချစ်ကြည်ရေးအတွက်စိုက်ပျိုးမယ် ဝန်ထမ်းအားလုံးကွယ်
  အတွဲညီညီလက်တွဲစို့ လူသားအားလုံးဖို့ ။
- သစ်ပင်စိုက်လို့ ရင်းနှီးမှုဖလှယ်
  မြန်မာတို့ရဲ့ စိတ်ဓာတ်ပြကြမယ်
  ကိုယ်ကျိုးမဖက် လူမျိုးအတွက်
  ဂျူလိုင်လလေးရဲ့ နံနက် ။
- ဖူးကြီး၊ ဖောင်ကြီး လမ်းနှစ်သွယ်
  တိုက်ကြီးမြို့နယ် အတွင်းဝယ်
  စိမ်းစိမ်းစိုစို ဖြစ်စေဖို့
  ဝန်ထမ်းအားလုံး စိုက်ကြစို့။
- နံနက်ခင်းအတွက် မင်္ဂလာပါ
  သစ်ပင်၊ ပန်းပင်လေးတွေ စိုက်ကြတာ
  အမုန်းမဖက် အပြုံးတစ်သက်
  မင်္ဂလာနံနက်ခင်းလေးရဲ့ မနက် ။
- မနက်ဖြန်များစွာထဲမှ နေ့တစ်ထူးလေးဟာ
  (၂၀၁၄-၂၀၁၅) ဂျူလိုင်လလေးပါ
  အပြောမကျယ် တကယ်လက်တွေ့ပြစေဖို့
  တိုက်ကြီးဝန်ထမ်းများ အားလုံးကြိုးစားကာကွယ်စိုက်ကြစို့ ။



(၁၈-၇-၂၀၁၅) ရက်နေ့ ဂျပန်ချစ်ကြည်ရေး သစ်ပင်စိုက်ပွဲတော်အတွက်ဂုဏ်ပြုရေးသားပါသည်။

ယုယမင်းသူ

# REDD- PLUS INFORMATION-23.

## Free, Prior and Informed Consent in REDD+

By

U Sein Thet, Project Coordinator, ITTO-REDD+ Project.

Parties of UN Framework Convention on Climate Change (UNFCCC) have adopted the agenda of reducing emissions from deforestation and forest degradation (REDD+). The COP adopted a decision that the developing countries' capacity for REDD+ should be developed further in order for the REDD+ scheme to operate effectively. The REDD is a concept proposed to provide financial incentives for developing countries to voluntarily reduce emissions from deforestation and forest degradation by curbing deforestation and enhancing sustainable forest management.

The Forest Carbon Partnership Facility is a global partnership of governments, businesses, civil society, and Indigenous Peoples focused on reducing emissions from deforestation and forest degradation, forest carbon stock conservation, the sustainable management of forests, and the enhancement of forest carbon stocks in developing countries (activities commonly referred to as REDD+). Nowadays, the intensive management and huge pressure from human population have become a great challenge for one another for the efficient forest management. The dependence of local people on the surrounding forest is increasing with the poverty. But lack of awareness and participation of local people can lead to deforestation and such kinds of cases have been found during the recent years. Under these circumstances, most of the rural people have relied solely on forest resources for their survival. However, unsystematic uses of forest resources without having environmental knowledge and awareness will lead to deforestation and forest degradation. So, upgrading environmental awareness of forest dependent community is crucial for sustainable forest management in Myanmar.

A common and important problem that indigenous peoples encounter is the violation of their rights to lands, territories and natural resources. This problem is getting more and more serious as natural resource extraction is expanding into even the remotest areas, and it is particularly bad in countries where there are no national laws recognizing indigenous peoples' land rights. What's more, in many countries not even the existence of indigenous peoples is recognized in laws and policies. The denial of the right to land and resources, as well as the right to their use and management, is one of the causes of biodiversity loss among indigenous peoples, and it leads to tremendous hardship among many indigenous communities.

Free, prior and informed consent (FPIC) can be summarized as the recognition of the right to self-determination. When development or infrastructure projects are planned and implemented, FPIC provides a locally and culturally specific process to guarantee the rights of local people. Thus, FPIC is a process that is advantageous for all stakeholders involved in the proposed project, especially if it is carried out before investments are made on such projects.

Free' in FPIC means that the decisions made in the FPIC process should be free from coercion, i.e., free from any pressure, force, manipulation or intimidation by any party (from any individual, company, organization or government). A free decision is dependent on the choice of the individuals involved as well as the circumstances in question. For example, in order to facilitate a 'free' decision, the minimum that must be done is to ensure that local meetings are at a time suitable for both men and women, and the decision-making venue is accessible to everyone, without putting women in any danger, and enabling maximum participation in the decision-making process.

'Prior' in FPIC refers to a situation in which consent has been sought sufficiently in advance of any project authorization and before any resources, such as finances, equipment or lab our, are allocated to the project. 'Prior' also refers to the need to take into consideration the time required for every agreement that is

sought. Local people need sufficient time to consider information and to undergo the agreed-upon decision-making process. Allowing enough time for local people to analyze and seek additional information is crucial. An agreement on the timeline of the decision-making process and milestones is another essential aspect of this step.

'Informed' in the context of FPIC means that local people are given complete, correct and clear information in their preferred language(s). Relevant information can include the scope, objectives, duration, human and financial resources involved in the proposed project, the land area to be affected and the FPIC process to be followed.

Everyone who is involved in the decision-making process should understand the various aspects of the proposed project. Ideally, local people should be aware of the social, economic and environmental impacts of the proposed project, and benefits of and challenges to all the different sub-groups of the community, before a decision can be made. Impacts on land ownership, natural resources and livelihoods, including possible mitigation/compensation measures, are among the most important factors to be considered during the information sharing process.

The local people have the right to accept or reject a proposed project. They have the right to enter into agreements for a proposed project or reject it at any of the various stages of a project, according to their chosen decision-making process. In other words, they can give or withhold their consent. The full participation of local people, especially those who will be affected by the proposed project, is required to attain the consent and support of the local people. However, the form of consent and who gives it may vary depending on the project activity's stage and different sub-groups of local communities impacted by the different stages of project implementation. The form of consent may include written consent to satisfy the need for the documentation, but in view of cultural diversity, and in many cases low level of education particularly in rural settings, written consent may not be the most appropriate form of consent. In such a situation the project proponent needs to identify the community's preferred procedures and methods for obtaining consent. Adjustments to the form of consent should be made based on the periodic review of the locally-chosen decision-making institutions and processes, thus enabling greater participation and effectiveness for future decision making processes.

Many local communities and indigenous peoples depend on forest resources for collecting firewood, food, fodder, for cattle grazing, collecting medicinal plants, or for religious purposes. Hence, any project that may impact these traditional uses need to be approved by the local people. All these activities are often conducted under customary law. The right to FPIC is most crucial when the statutory law and regulatory use of forests is weak or lacking. Therefore, FPIC needs to be applied to ensure a fair development process for all stakeholders.

As seen in the examples given in the Philippines and Vietnam, there are several challenges when it comes to putting FPIC into practice at local level with regards to REDD+. The most important ones are as follows:

- The local community needs to provide substantial time to participate in FPIC, for which they are adequately compensated.
- It is preferable that the same community members participate consistently in decision making and consent process. In this manner, continuity can be ensured and participants can remain informed about all relevant aspects of the project and FPIC.
- All mutually agreed deadlines must be kept by all parties.
- Given that the FPIC process can be complicated it is imperative that the agreements are binding at local, regional and national levels.

- Customary and legal land ownership needs to be considered and respected in the FPIC process; this requires a lot of time.
- The capacity of all stakeholders should be enhanced in order for them to engage effectively in the FPIC process, especially since the proposed project is most likely new to the local communities and indigenous communities.
- Enough time needs to be allowed, especially for comprehensive information gathering, proper representation of all sub groups of local community and indigenous peoples, and for building trust among all parties involved in the process.
- It is challenging to convey the entire project's information in the local language to the local communities and indigenous peoples, in a culturally appropriate way. Thus, it is most efficient to hire local facilitators jointly, together with the project proponent and the local community members. Before the facilitators visit the communities and indigenous peoples for the first time, they need to be fully informed about the project and their capacity should be enhanced to best convey the information to the community.
- If no one speaks the language of the local communities and indigenous people then a qualified translator must be appointed.
- A grievance mechanism must be in place for submitting complaints and avoiding "bigger" conflicts.
- The information provided should be non-biased and complete.
- A completely independent verification process should be in place.
- With respect to REDD+, there is no uniform application of the term 'consent' among donors and supporters of REDD+. This adds to the challenge of implementing FPIC on the ground.
- In order to avoid manipulation by the project proponents FPIC needs to be conducted in good faith by not indulging in forceful acts for obtaining consent, such as coercion, bribery, threatening, or putting political and social pressures.

Human resource development, institutional strengthening and rural development and livelihood improvement activities are involved as integral parts of the ITTO-REDD-PLUS Project. In order to implement REDD+ mechanisms and activities successfully and sustainably, capacity building and awareness raining for forest staff who are currently working for forest conservation and forest management activities and who usually deal with local and indigenous people to implement those mentioned activities is crucially important. In this context, knowledge and techniques for FPIC (Free, Prior and Informed Consent) is essential to be thoroughly understood by forest staff as well as local and Indigenous people to be ensured for social and environmental safeguards for successful implementation of REDD+ projects. To fulfill these needs, the training course had been organized as a training of trainers for improving extension capacity of forest staff in REDD+, FPIC concept and techniques and development of Social and Environmental safeguards in REDD+.

Objectives of the Training are:-

(a) To understand concepts of REDD+ and Development of Social and Environmental Safeguards in REDD+ in Myanmar

(b) To clearly understand FPIC procedures and techniques and to be able to apply practically in the field

(c) To support successful implementation of REDD+ and people –centered forest conservation activities in the context sustainable forest management.

Free, Prior and Informed Consent (FPIC) is the principle that a community has the right to give or withhold its consent to proposed projects that may affect the lands they customarily own, occupy or otherwise use. It is a key principle in international law and jurisprudence related to indigenous peoples, however in Myanmar as with other UN-REDD

countries, FPIC would be applied broadly to all affected local communities). The right to be fully informed and consulted before activities are implemented, but also to withhold consent from these activities altogether. This does not imply that forest-dependent people hold a veto over all aspects of a national REDD+ program me. As suggested by the UN-REDD Draft Guidelines on FPIC, topics which will trigger local level FPIC will include without being restricted to:

- Activities or decisions involving relocation;
- Activities or decisions involving occupation or damage of forest land;
- Decisions on location and design of pilot REDD+ activities;
- Decisions on access to forest lands, and enforcement of such regulations.

Although there is as yet no internationally agreed upon process that would ensure that the principles of FPIC are upheld, a number of detailed guidelines for conducting FPIC exist. These include guidelines developed by UN-REDD, RECOFTC, AIPP and OXFAM. While FPIC has yet to be applied in Myanmar, there is already considerable existing capacity and familiarity with FPIC, the AIPP FPIC Guidelines already having been translated by SPECTRUM and a number of trainings conducted. This will constitute the basis for the development of National REDD+ FPIC Guidelines which will the triggers, roles and responsibilities for FPIC. The Stakeholder Consultation and Safeguards TWG will be responsible for commissioning a study into traditional decision-making systems and the negotiation and communication mechanisms around them, to inform the development of these National FPIC Guidelines.

*References:-*

*Free, Prior and Informed Consent in REDD+ A handbook for grassroots facilitators RECOFTC, January 2014.

*Fifth Bi-Annual Progress Report, ITTO-REDD+ Project, January 2015.

ဇမ္ဗူဒီပါလက်ျာတောင်ကျွန်းပေါ်က
ခွဲရဲ့ထွင်းတဲ့ရာဇဝင်

➢ ငါ့ရှင်
အကျွန်ုပ်တို့ဦးမှာ
ငွဲစိတ်ဓာတ်ကို
အလံတော်ကို လွှင့်ထူခဲ့ပြီ
➢ ချပ်ဝတ်တန်ဆာလို
ခန္ဓာကိုယ်မှာ ဆင်မြန်းထားခဲ့ပြီ
လက်သုံးတော်ဓါးလိုလည်း
ကိုယ်နှင့်မခွဲ ဆောင်ထားခဲ့ပြီ
➢ အကျွန်ုပ်ဦးထိပ်ထက်မှာလည်း
ငွဲစိတ်ဓာတ်တို့တလွင်လွင်
➢ အကျွန်ုပ်နှလုံးရပ်ဝန်းမှာကား
ကျင့်ဝတ်စည်းကမ်းတို့နဲ့ တခမ်းတနား
➢ ပတ္တမြားကျောက်စီဓါးနဲ့
ရင်ကြားကိုထောက်ပြီး
ဒီတစ်နှစ်ခွဲကို ကြောက်ရမယ်လို့
ဘယ်သူကမှ သစ္စာရေသောက်ခိုင်းမထားခဲ့ဘူး
➢ ဆူးမကြောက်တဲ့
ခြေထောက်တွေမို့
နောက်ပြန်ခေါက်ဖို့ဆိုတာ
အရေးအရာမှ မဟုတ်ဘဲ
➢ ငွဲစိတ်ဓါတ်ကို ကိုင်စွဲ
လုပ်ငန်းခွင်ထဲသွားတဲ့ သစ်တောဝန်ထမ်းဟာ
မြန်မာနိုင်ငံတစ်ဝန်းလုံး
တောဟုန်းဟုန်းထ
စိမ်းလန်းစေရပါ့မယ်အရှင် ။

(၂၀၀၄-၂၀၀၆ အခြေခံသစ်တောပညာ ၁ နှစ်ခွဲသင်တန်းသို့)

ကြည်ဦး(တောအုပ်ကြီး)
အင်းတော်ကြီးဘေးမဲ့တော

# သဘာဝဘေးအန္တရာယ်များ



မိုးသည်းထန်စွာ ရွာသွန်းခဲ့၍ မန္တလေး-တွင်းငယ်-မိုးမိတ် လမ်းတစ်လျှောက်ရှိ တံတားများပျက်စီးသွားစဉ်။(၂၇-၇-၂၀၁၅)



ဇူလိုင်(၂၄)ရက်ညပိုင်းမှ ဇူလိုင်(၂၅)ရက်အထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရှမ်းပြည်နယ်၊ သီပေါမြို့
ပေ(၁၇၀)ခန့်ရှည်ပြီး သက်တမ်းနှစ်(၁၀၀)ခန့်ရှိ ကွန်ကရစ်တံတားတစ်စင်းကျိုးကျစဉ်။



ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့တွင် ဇူလိုင်လ(၂၅)ရက်နေ့ နံနက် ၅:၀၀ နာရီအချိန်က နမ့်မိတ်ချောင်း၊
နမ့်ပေါင်းချောင်း နှင့် မြန်နွာကန်တို့မှ ရေကြီးရေလျှံမှုဖြစ်နေစဉ်။



ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့ ရေကြီးမှုဖြစ်နေစဉ်။(၂၆-၇-၂၀၁၅)

# သဘာဝဘေးအန္တရာယ်များ



မိုးများအဆက်မပြတ် ရွာသွန်းမှုကြောင့် ချင်းပြည်နယ်အတွင်း ဟားခါး-ဖလမ်းကားလမ်း မိုင်တိုင်အမှတ်(၁၀၇/၀)နေရာ၌ တောင်ကျရေတိုက်စား၍ ကားလမ်းအက်ကွဲပြီး မြေပြိုမှုများဆက်လက်ဖြစ်ပွားခဲ့စဉ်။ (၃၀-၇-၂၀၁၅)



ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ပြီး ကျောင်းနှင့်လူနေအိမ်အချို့ပျက်စီးမှုများဖြစ်ပေါ်ခဲ့စဉ်။ (၂၅-၇-၂၀၁၅)



မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ်တွင် ရေကြီးရေလျှံမှုဖြစ်နေစဉ်။(၃၀-၇-၂၀၁၅)



ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ရေကြီးမှုဖြစ်နေစဉ်။(၃၀-၇-၂၀၁၅)

## ဆီအုန်းစိုက်ခင်းများကြောင့် အပူပိုင်းဒေသသစ်ဆွေးမြေများမှ ကာဗွန်ဆုံးရှုံးမှုသည် ခန့်မှန်းထားသည်ထက်ပိုမိုများပြားခြင်း



သစ်ဆွေးမြေများသည် လွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာကပင် ကာဗွန်သိုလှောင်သည့် စနစ်များအဖြစ် ဖွံ့ဖြိုးလာခဲ့ပါသည်။ အရှေ့တောင်အာရှတွင် သစ်ဆွေးမြေနွံတောများသည် ဧရိယာအားဖြင့် ၂၅၀၀၀၀ စတုရန်းကီလိုမီတာရှိပြီး ၎င်းအကျယ်အဝန်းသည် အမေရိကန်ပြည်ထောင်စု၊ မီချီဂန်ပြည်နယ်၏ အကျယ်အဝန်းနီးပါးရှိပါသည်။ လေ့လာမှု အသစ်တစ်ခုအရ ဆီအုန်းစိုက်ခင်းများအတွက် အပူပိုင်းဒေသ သစ်ဆွေးမြေများတွင် ရေနုတ်မြောင်းဖောက်လုပ်မှုမှ ကာဗွန်ထုတ်လွှတ်မှုသည် တရားဝင်ခန့်မှန်းထားသည်ထက် ၂ ဆနီးပါးပိုမိုများပြားကြောင်းကို ဇူလိုင်လ(၉)ရက်နေ့ အင်တာနက်သတင်းအရ သိရှိရပါသည်။ ဆီအုန်းစိုက်ခင်းများနှင့် သစ်ပါးလွှာထုတ်လုပ်ရန် စိုက်ခင်းများအတွက် လွန်ခဲ့သော(၁၅)နှစ်အတွင်း သစ်ဆွေးမြေသစ်တောများသည် လျင်မြန်စွာ ခုတ်လှဲခြင်းခံခဲ့ရကြောင်း သိရှိရပါသည်။ ရေနုတ်မြောင်းဖောက်လုပ်ခြင်းသည် သစ်ဆွေးမြေအပေါ်ယံလွှာအား အောက်ဆီဂျင်နှင့်ထိတွေ့ပြီး ပြိုကွဲနှုန်းနှင့် မြေဆီလွှာအတွင်း ကာဗွန်ဆုံးရှုံးမှုကို မြင့်တက်စေကြောင်း သိရှိရပါသည်။ အဆိုပါကာဗွန်များသည် လေထုထဲသို့ရောက်ရှိပြီး ရာသီဥတုပြောင်းလဲမှုကို အရှိန်မြင့်စေပါသည်။

သုတေသီများဖြစ်သော Kimberly M.Carson၊ Lael K. Goodman နှင့် Calen C. May-Tobin တို့သည် အပူပိုင်းစိုက်ခင်းများအတွင်း မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုအကဲဖြတ်ရန်အတွက် သုတေသနတစ်ခုကိုပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။ ၎င်းတို့အနေဖြင့် သစ်ဆွေးမြေဒေသများရှိ စိုက်ခင်းများကြောင့် မြေဆီလွှာအတွင်းမှ ကာဗွန်ဆုံးရှုံးမှုအတွက် သစ်ဆွေးမြေများ၏ ရေထုထည်ကို စံတစ်ခုအနေဖြင့် အသုံးပြုနိုင်မည်လားဆိုသည်ကို သိရှိရန်ဖြစ်ကြောင်း သုတေသီ Carlson မှ ပြောကြားခဲ့ပါသည်။ သုတေသီများသည် သစ်ဆွေးမြေများ၏ ရေထုထည်နှင့် မြေဆီလွှာအတွင်းမှ ကာဗွန်ဆုံးရှုံးမှုနှုန်းတို့၏ ဆက်စပ်မှုကို တွေ့ရှိခဲ့ကြောင်း သိရှိရပါသည်။ အဆိုပါတွေ့ရှိချက်အရ သစ်ဆွေးမြေများ၏ ရေထုထည်ကို စောင့်ကြည့်လေ့လာခြင်းအားဖြင့် ၎င်းတို့၏ ကာဗွန်ထုတ်လွှတ်မှုပမာဏကို ပိုမိုတိကျစွာ တိုင်းတာနိုင်မည်ဖြစ်ကြောင်းသိရှိရပါသည်။

သုတေသီများသည် သစ်ဆွေးမြေများရေ ဆုံးရှုံးမှုကြောင့်နိမ့်ကျမှုနှင့် ဖြိုထုညီမျှမှုစသည့် ကာဗွန်ဆုံးရှုံးမှုတိုင်းတာနည်း ၂ ခုကို နှိုင်းယှဉ်လေ့လာခဲ့ကြောင်း သိရှိရပါသည်။ သစ်ဆွေးမြေများ ရေဆုံးရှုံးမှုကြောင့် နိမ့်ကျမှုနှုန်းကိုရှာဖွေရန် သိပ္ပံပညာရှင်များသည် အချိန်နှင့်အမျှ မြေမည်မျှနိမ့်ကျသွားသည်နှင့် ကာဗွန်မည်မျှ သိုလှောင်ထားသည်တို့ကို တိုင်းတာခဲ့ကြောင်း သိရှိရပါသည်။ သစ်ဆွေးမြေများရေဆုံးရှုံးမှုကြောင့် နိမ့်ကျမှုတိုင်းတာချက် တစ်ခုတည်းဖြင့် ကာဗွန်ထုတ်လွှတ်မှုကြောင့် နောက်ဆက်တွဲကမ္ဘာကြီးပူနွေးလာမှု အလားအလာကို မခန့်မှန်းနိုင်ကြောင်းလည်း သိရှိရပါသည်။ ဖြိုထုညီမျှမှုပုံစံသည် သစ်ရွက်များပြိုကွဲ ပျက်စီးခြင်းမှ ကာဗွန်သိုလှောင်မှုနှင့် မြေဆီလွှာအတွင်းမှ ကာဗွန်ထုတ်လွှတ်မှုစသည်တို့မှ အသားတင်ကာဗွန်ထုတ်လွှတ်မှုကို ခန့်မှန်းနိုင်ကြောင်း သိရှိရပါသည်။ အဆိုပါနည်းလမ်းဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် မီသိန်းဓာတ်ငွေ့တို့ကို တိုင်းတာနိုင်ကြောင်းလည်း သိရှိရပါသည်။ ဆီအုန်းစိုက်ခင်းများတွင် တိုင်းတာမှုပုံစံ ၂ မျိုးမှ ကာဗွန်ဆုံးရှုံးမှု တွက်ချက်ရာတွင် အတော်ပင်ကွဲပြားကြောင်း သိရှိရပါသည်။

ရေနုတ်မြောင်းအနက် ၇၀ စင်တီမီတာ ရှိသော စိုက်ခင်းများတွင် သစ်ဆွေးမြေများ ရေဆုံးရှုံးမှုကြောင့် နိမ့်ကျမှု တိုင်းတာချက်နည်းလမ်းဖြင့် တိုင်းတာရာတွင် ကာဗွန်ဆုံးရှုံးမှုမှာ (၁)နှစ်လျှင်တန်(၂၀)ရှိပြီး အဆိုပါတိုင်းတာချက်သည် IPCC ၏ ဆီအုန်းစိုက်ခင်းများအတွက် တွက်ချက်မှုဖြစ်သော တစ်နှစ်လျှင် ကာဗွန်ဆုံးရှုံးမှု(၁၂)တန်ထက် ၂ ဆနီးပါးဖြစ်နေပါသည်။ သုတေသီများအနေဖြင့် ခန့်မှန်းတွက်ချက်မှုများ ပိုမိုခိုင်မာစေရန် နောက်ထပ်ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ရမည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။

သုတေသီများ၏ အဓိကရှာဖွေတွေ့ရှိမှု (၂)ခုမှာ သစ်ဆွေးမြေ၏ ရေပါဝင်မှုထုထည်နည်းလေ ကာဗွန်ဆုံးရှုံးမှုများပြားလေဖြစ်ခြင်းနှင့် သစ်ဆွေးမြေရေနုတ်မြောင်း ဖောက်လုပ်မှုကြောင့် ကမ္ဘာကြီးပူနွေးလာမှု အလားအလာကို လျှော့ချရန် အပူပိုင်းသစ်ဆွေးမြေများရှိ စိုက်ခင်းများအား ပိုမိုလေ့လာရန် လိုအပ်ခြင်းတို့ပင်ဖြစ်ကြောင်း သိရှိရပါသည်။

## တစ်ကမ္ဘာလုံးအတိုင်းအတာအရ ပင်လယ်ငှက်များ၏ အကောင်ရေသည် ၁၉၅၀ ခုနှစ်ကတည်းမှစ၍ ၇၀ ရာခိုင်နှုန်း အထိကျဆင်းနေခြင်း

သုတေသနအသစ်တစ်ခုအရ တစ်ကမ္ဘာလုံး အတိုင်းအတာအရ ပင်လယ်ငှက် အကောင်ရေသည် ၁၉၅၀ ခုနှစ်ကတည်းမှစ၍ ၇၀ ရာခိုင်နှုန်းအထိ လျော့ကျနေကြောင်းကို ဇူလိုင်လ(၉)ရက်နေ့ အင်တာနက်သတင်းအရ သိရှိရပါသည်။

British Columbia တက္ကသိုလ်မှ မဟာသိပ္ပံသင်တန်းတက်ရောက်နေသူ Michelle Paleczny နှင့် သုတေသီအဖွဲ့သည် ကမ္ဘာတစ်ဝန်းမှ ပင်လယ်ငှက်မျိုး ၅၀၀ ခန့်အားစုဆောင်းလေ့လာခဲ့ပြီး အဆိုပါလေ့လာမှုသည် ကမ္ဘာ့ပင်လယ်ငှက်မျိုးများ၏ ၁၉%ကို ကိုယ်စားပြုကြောင်း သိရှိရပါသည်။ ၄င်းတို့၏လေ့လာတွေ့ရှိမှုအရ ပယ်လယ်ငှက်ကောင်ရေသည် နှစ်ပေါင်း(၆၀)အတွင်း အကောင်ရေ(၂၃၀)သန်းခန့်ဆုံးရှုံးခဲ့ပြီး ၄င်းပမာဏသည် စုစုပေါင်းကောင်ရေ၏(၆၉. ၆)%ရှိကြောင်း သိရှိရပါသည်။ Paleczny ၏ ပြောကြားချက်အရ ပင်လယ်ငှက်များသည် အထူးသဖြင့် ကောင်းမွန်သော အဏ္ဏဝါဂေဟစနစ်များအတွက် စံညွှန်းတစ်ခုပင်ဖြစ်ကြောင်းသိရှိရပါသည်။ ယခုလောက်အထိ ပင်လယ်ငှက်ကောင်ရေ လျော့ကျခြင်းကိုကြည့်ခြင်းအားဖြင့် အဏ္ဏဝါဂေဟစနစ်များနှင့်ပတ်သက်၍ တစ်စုံတစ်ခုမှားယွင်းနေသည်ကို သိရှိနိုင်ကြောင်း ၄င်းမှဆက်လက်ပြောကြားခဲ့ပါသည်။

ယခုကဲ့သို့ ပင်လယ်ငှက်ကောင်ရေ ရုတ်တရက်လျော့ကျလာခြင်းသည် ပင်လယ်ငှက်များ အစားအစာအတွက် အဓိကမှီခိုနေသော ငါးများအား အလွန်အကျွံဖမ်းဆီးခြင်း အပါအဝင် ပလတ်စတစ်အမှိုက်များနှင့် ဆီယိုဖိတ်မှုကြောင့် ညစ်ညမ်းခြင်း၊ ပင်လယ်ငှက်အုပ်စုများအတွင်းနေရင်းမျိုးစိတ်မဟုတ်သော အသားစားမျိုးစိတ်များ ဝင်ရောက်ခြင်း၊ ပင်လယ်ငှက်များ၏နေရင်းဒေသများ ပျက်စီးလာခြင်းနှင့် ရွှေ့ပြောင်းခြင်း၊ ရာသီဥတုပြောင်းလဲခြင်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ပြောင်းလဲခြင်း စသည့်အချက်များကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။



ပင်လယ်ငှက်များသည် ၄င်းတို့၏ဘဝသက်တမ်းတစ်လျှောက်တွင် အစားအစာရှာဖွေရန်အတွက် ကမ္ဘာ့သမုဒ္ဒရာများအတွင်း ခရီးရှည်သွားလာကျက်စားကြပြီးသား ပေါက်ရန်အတွက် ၄င်းတို့၏နေရင်းဒေသများသို့ ပြန်လည်ထွက်ခွာကြောင်း သိရှိရပါသည်။ ပင်လယ်ငှက်အုပ်စုအတွင်း အကောင်ရေတည်ရှိမှုကို ကြည့်ခြင်းအားဖြင့် ၄င်းတို့၏နေရင်းဒေသဖြစ်သော သမုဒ္ဒရာများ၏ တည်ငြိမ်ကောင်းမွန်မှုကို သိပ္ပံပညာရှင်များအနေဖြင့် ခန့်မှန်းနိုင်ကြောင်းလည်း သိရှိရပါသည်။ သုတေသီများသည် လေ့လာမှု၏အစိတ်အပိုင်းတစ်ခုဖြစ်သော စံပင်လယ်ငှက်မျိုးစိတ်ဖြစ်သည့် Albatross ငှက်မျိုးအားလေ့လာခဲ့ရာတွင် အကောင်ရေလျော့ကျမှုများပြားကြောင်းသိရှိရပါသည်။ Paleczny ၏ပြောကြားချက်အရ အဆိုပါငှက်မျိုးများသည် ၄င်းတို့သွားလာရာ လမ်းကြောင်းတစ်လျှောက် အန္တရာယ်များ ရင်ဆိုင်ကြုံတွေ့ရသော်လည်း ကြာရှည်စွာ ရှင်သန်နေထိုင်နိုင်ကြောင်း သိရှိရပါသည်။ Albatross ငှက်မျိုးများအတွက် အဓိကခြိမ်းခြောက်မှုတစ်ခုမှာ နှစ်စဉ်ပင်လယ်ငှက်ထောင်ပေါင်းများစွာ သေစေသည့် အဓိကပြဿနာတစ်ခုဖြစ်သော ငါးဖမ်းပိုက်များအတွင်း ဖမ်းမိခြင်းနှင့် ရေနစ်သေဆုံးခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ယခု သုတေသနတွေ့ရှိချက်အရ တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ပင်လယ်ငှက်ထိန်းသိမ်းရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းလည်း Paleczny မှ ပြောကြားခဲ့ပါသည်။



## ကမ္ဘာကြီးပူနွေးမှုအနည်းငယ်တိုးလာရုံမျှနှင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှု ၆ မီတာနှင့် အထက် တက်ခဲ့ခြင်း



Oregon ပြည်နယ်တက္ကသိုလ်မှ သုတေသီများသည် ဝင်ရိုးစွန်းရေခဲပြင် အရည်ပျော်မှု၏ သမိုင်းတစ်လျှောက်အကျိုးသက်ရောက်မှုများကို ဆယ်စုနှစ်သုံးစုကြာ သုတေသန ပြုလုပ်ခဲ့ပြီး ဆန်းစစ်သုံးသပ်မှု အသစ်တစ်ခုပြုလုပ်ခဲ့ကြရာ ပင်လယ်ရေမျက်နှာပြင်သည် ပြီးခဲ့သောနှစ်ပေါင်း(၃)သန်း ကျော်ကာလအတွင်း အခြေအနေအမျိုးမျိုး၌ လက်ရှိပမာဏထက်အနည်းဆုံး (၆) မီတာသို့ ပေ(၂၀)အထိမြင့်တက်ခဲ့ကြောင်း ဇူလိုင်လ(၉)ရက်နေ့ အင်တာနက်သတင်းအရ သိရှိရပါသည်။

သိပ္ပံပညာရှင်များ၏ ပြောကြားချက်အရ စိုးရိမ်ဖွယ်အကောင်းဆုံးအချက်မှာ အဆိုပါရေခဲပြင်အရည်ပျော်မှုသည် ကမ္ဘာ့ပျမ်းမျှအပူချိန် ၁° (သို့)၂°C တိုးရုံဖြင့်ဖြစ်ပွားခဲ့ခြင်းပင်ဖြစ်သည်။ ခေတ်သစ်ကာလ ပင်လယ်ရေမျက်နှာပြင် ထက်ပို၍မြင့်တက်ခဲ့သော ဤမြင့်တက်မှုသည် Greenland နှင့် အန္တာတိက ရေခဲပြင်တို့တွင် သိသိသာသာ ဖြစ်ပေါ်ခဲ့ကြောင်း၊ Oregon ပြည်နယ်တက္ကသိုလ်မှ glacial geologist-Anders Carlson ကပြောကြားခဲ့ပါသည်။ ခေတ်သစ်လေထု ကာဗွန်ဒိုင်အောက်ဆိုဒ်ပမာဏသည် ယနေ့အချိန်တွင် လွန်ခဲ့သောနှစ်ပေါင်း(၃)သန်းခန့်က လေထု$CO_2$ ပမာဏနှင့် ညီမျှနေပါသည်။ လွန်ခဲ့သည့်နှစ်ပေါင်း(၃)သန်းကာလတွင် ရေခဲပြင်များ အရည်ပျော်ကျမှုများပြားခဲ့သဖြင့် ပင်လယ်ရေမျက်နှာပြင်သည် အနည်းဆုံး(၆)မီတာ ပိုမိုမြင့်မားခဲ့ပါသည်။ ပူနွေးမှုကြောင့် ရေခဲပြင်များကို တဖြည်းဖြည်းလျော့ပါး ပျောက်ကွယ်သွားရန်အတွက် အချိန်ကြာမည်ဖြစ်သော်လည်း အမြဲတမ်း ဤအခြေအနေအတိုင်း အချိန်ကြာမည်ဟု ယူဆ၍မရနိုင်ကြောင်း သုတေသီ Carlson ကပြောကြားခဲ့ ပါသည်။ ယခုအချိန်မှာပင်ဖြစ်ပွားပြီး ရေခဲပြင်များလျော့နည်းသွားနိုင်သည့် အထောက်အထားများလည်းရှိကြောင်း ၄င်းကပြောကြားခဲ့ပါသည်။ လက်ရှိ $CO_2$ ပမာဏသည် လွန်ခဲ့သည့်နှစ်ပေါင်း(၃)သန်းက ပမာဏကဲ့သို့ပင်မြင့်တက်နေသောကြောင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုပမာဏတချို့မှာ ကျွန်ုပ်တို့ကြောင့်ဖြစ်ရခြင်းဖြစ်ကြောင်း Paleoclimatologist Peter ကပြောကြားခဲ့ပါသည်။ ဤအခြေအနေတွင် အဓိကခြိမ်းခြောက်မှုမှာ $CO_2$ ပမာဏသည် ဆက်လက်မြင့်တက်လျက်ရှိပြီး ကျွန်ုပ်တို့အနေဖြင့် မြေပုံပေးမထားသောနယ်မြေသို့ဝင်ရောက်ရခြင်းနှင့်တူနေပါသည်။ အချိန်ကာလအတတ်သည် ကျွန်ုပ်တို့ ကန့်သတ်ချုပ်ချယ်ခွင့်မရနိုင်ပေ။ ကျွန်ုပ်တို့အနေဖြင့် ရေခဲပြင်များ အရည်ပျော်ခြင်း၏ ဆိုးကျိုးကိုအပြည့်အဝသိရှိနိုင်ရန်အတွက် ထောင်စုနှစ်အနည်းငယ် အထိကြာအောင် လေ့လာဆွေးနွေးနေရဦးမည်ဖြစ်ကြောင်း သုတေသီ Clarkm ဆက်လက်ပြောကြားခဲ့ပါသည်။

ယခုဆန်းစစ်မှုတွင် အတိတ်ကာလ၌ ရေခဲပြင်များနှင့် ပင်လယ်ရေမျက်နှာပြင်တို့တွင် ဖြစ်ပေါ်ခဲ့သော အပြောင်းအလဲများကို နှစ်(၃၀)ကျော် သုတေသနပြုလုပ်ခဲ့ခြင်းကို သုံးသပ်ချက်အရ ကမ္ဘာ့ရာသီဥတုအပြောင်းအလဲများနှင့် ပင်လယ်ရေမျက်နှာပြင်တို့သည် နီးကပ်စွာဆက်စပ်လျက်ရှိပြီး ပူနွေးမှုပမာဏ အနည်းငယ်ဖြင့်ပင်လျှင် ပင်လယ်ရေမျက်နှာပြင်ကို သိသာထင်ရှားသော အကျိုးသက်ရောက်မှု ဖြစ်စေကြောင်း သိရပါသည်။ ပင်လယ်ရေမျက်နှာပြင် (၆)မီတာ (ပေ ၂၀ခန့်) မြင့်တက်ခြင်းသည် များသည်ဟုမဆိုနိုင်ပါ။ သို့ရာတွင် ကမ္ဘာတစ်ဝန်းရှိ ကမ်းရိုးတန်းမြို့ကြီးများ၌ ပြီးခဲ့သောရာစုနှစ်(၂)ခုအတွင်း လူဦးရေတိုးတက်ခြင်း၊ အခြေခံအဆောက်အအုံ အများအပြားတိုးတက်လာခဲ့ခြင်းတို့ကြောင့် ကမ္ဘာ့ပျမ်းမျှပင်လယ်ရေမျက်နှာပြင်(၁၀)ပေမှ ပေ(၂၀)အထိ မြင့်တက်ခြင်းသည် အဆိုပါကမ်းရိုးတန်းဇုန်များ၌ နေထိုင်သောလူသန်းပေါင်းများစွာအတွက် ဘေးအန္တရာယ် ဖြစ်နိုင်ပါသည်။

ဖလော်ရီဒါပြည်နယ်၏နေရာအများစုသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ(၅၀)နှင့်အောက်တွင်ရှိပြီး Miami မြို့သည် ပျမ်းမျှ elevation (၆)ပေရှိပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒါကာမြို့သည် ကမ္ဘာ့လူဦးရေအထူထပ်ဆုံးမြို့ (၁၀)မြို့တွင်ပါဝင်ပြီး ၄င်းမြို့တွင် နေထိုင်သူ(၁၄. ၄)သန်းရှိပြီး၊ ထိုလူအားလုံးမှာ အနိမ့်ပိုင်းနေရာများတွင် နေထိုင်နေကြပါသည်၊ တိုကျိုနှင့် စင်္ကာပူတို့သည်လည်း ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုဒဏ် အလွန်ထိခိုက်ခံစားလွယ်သော နေရာများထဲတွင် ပါဝင်နေပါသည်။ သမုဒ္ဒရာမျက်နှာပြင် မြင့်တက်ခြင်း၏ လွှမ်းမိုးမှုသည် ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှု စုစုပေါင်းပမာဏထက်ပင် ပို၍ကြီးမားပါသည်။ သမုဒ္ဒရာမျက်နှာပြင်မြင့်တက်မှုတွင် မုန်တိုင်းရုတ်တရက်ဝင်ရောက်ခြင်း၊ ရေတိုက်စားခြင်း၊ ရေကြီးရေလျှံခြင်းတို့ကြောင့် ၄င်း၏ဆိုးကျိုးမှာ ကြီးမားနိုင်ပါသည်။

PALSEA 2 (Paleo constraints on sea level rise) ဟုအမည်ပေးထားသည့် လုပ်ငန်းအဖွဲ့သည် ဒေသအလိုက်ပင်လယ်ရေမျက်နှာပြင် ပြောင်းလဲမှုဆိုင်ရာ အတိတ်ကာလမှတ်တမ်းများကိုအသုံးပြုခဲ့ပါသည်။ Crust ၏ ရေခဲပြင်အား တင်ဆောင်ထားမှု အပြောင်းအလဲများ၊ ပင်လယ်ရေမျက်နှာပြင်ပေါ်တွင်သက်ရောက်သော ကမ္ဘာ့မြေဆွဲအားအပြောင်းအလဲများ စသည်တို့ကြောင့် ကမ္ဘာမြေမျက်နှာပြင် ပုံစံပျက်ယွင်းမှုကို ခန့်မှန်းခဲ့ကြပါသည်။ အခြားသီးခြားလေ့လာမှုတစ်ခုအနေဖြင့် ယခင်အနီးဆုံးကာလများက သမုဒ္ဒရာနှန်းအနည်အနှစ်မှတ်တမ်းများနှင့် ရေခဲပြင်model များကိုလေ့လာကာ၊ Greenland နှင့် အန္တာတိကရေခဲပြင်ထုထည်များကို ခန့်မှန်းခဲ့ကြပါသည်။

ဇစ်မြစ်---- အင်တာနက်

## ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ် မေလနှင့် ဇွန်လ
## ကျွန်းသစ်လုံး အတန်းအစားအလိုက် ပျမ်းမျှဈေးနှုန်းနှင့် ဝင်ငွေအခြေအနေ
## (တင်ဒါ)

(အမေရိကန်ဒေါ်လာ)

| စဉ် | အတန်းအစား | ၂၀၁၅ ခုနှစ်၊ မေလ | | ၂၀၁၅ ခုနှစ်၊ ဇွန်လ | | |
|---|---|---|---|---|---|---|
| | | တန်ချိန် | ပျမ်းမျှ တစ်တန်နှုန်း | တန်ချိန် | ပျမ်းမျှ တစ်တန်နှုန်း | တိုးတက်မှု ရာခိုင်နှုန်း |
| ၁ | သစ်ပါးလွှာပထမတန်း (First Quality) | - | - | - | - | - |
| ၂ | သစ်ပါးလွှာဒုတိယတန်း (Second Quality) | - | - | - | - | - |
| ၃ | သစ်ပါးလွှာတတိယတန်း (Third Quality) | - | - | - | - | - |
| ၄ | သစ်ပါးလွှာစတုတ္ထတန်း (Fourth Quality) | - | - | - | - | - |
| ၅ | စက်ခွဲအတန်းအစား(၁) (Sawing Grade-1) | ၂၄ | ၅၃၈၅ | ၁၀ | ၅၄၈၉ | (+) ၁.၉၃ |
| ၆ | စက်ခွဲအတန်းအစား(၂) (Sawing Grade-2) | ၁၅ | ၄၈၈၉ | ၁၉ | ၄၁၂၀ | (-) ၁၅.၇၃ |
| ၇ | စက်ခွဲအတန်းအစား(၄) (Sawing Grade-4) | ၂၈၃ | ၃၂၈၆ | ၁၇၁ | ၃၄၅၀ | (+) ၄.၉၉ |
| ၈ | စက်ခွဲအတန်းအစား(၅) (Sawing Grade-5) | ၈၃ | ၂၇၁၃ | ၁၃၉ | ၂၇၄၀ | (+) ၁.၀၀ |
| ၉ | စက်ခွဲအတန်းအစား(၆) (Sawing Grade-6) | ၇၁ | ၂၄၅၄ | ၇၃ | ၂၃၃၁ | (-) ၅.၀၁ |
| ၁၀ | စက်ခွဲအတန်းအစား(၇) (Sawing Grade-7) | ၂၅ | ၁၇၅၆ | ၃၉ | ၁၅၆၀ | (-) ၁၁.၁၆ |
| | စုစုပေါင်း ရောင်းချတန် | ၅၀၁ | | ၄၅၁ | | |
| | စုစုပေါင်း ဝင်ငွေ (အမေရိကန်ဒေါ်လာသန်း) | | ၁.၅၇၇ | | ၁.၃၃၄ | |

## ၂၀၀၃- ၂၀၀၄ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်
## ကျွန်းသစ်လုံး အတန်းအစားအလိုက် ပျမ်းမျှတစ်တန်ဈေးနှုန်းနှင့် ဝင်ငွေအခြေအနေ
## (တင်ဒါ)

(အမေရိကန်ဒေါ်လာ)

| စဉ် | အတန်းအစား | ၂၀၀၃-၀၄ | ၂၀၀၄-၀၅ | ၂၀၀၅-၀၆ | ၂၀၀၆-၀၇ | ၂၀၀၇-၀၈ | ၂၀၀၈-၀၉ | ၂၀၀၉-၁၀ | ၂၀၁၀-၁၁ | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ | ၂၀၁၃-၁၄ | ၂၀၁၄-၁၅ | ၂၀၁၅-၂၀၁၆ တင်ဒါ ( ၂ )လ ပျမ်းမျှတစ်တန်နှုန်း | ၂၀၁၅-၂၀၁၆ တင်ဒါ ( ၃ )လ ပျမ်းမျှတစ်တန်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | သစ်ပါးလွှာပထမတန်း (First Quality) | | | ၄၇၉၃ | | | - | - | - | - | - | | | | - |
| ၂ | သစ်ပါးလွှာဒုတိယတန်း (Second Quality) | ၆၉၃၂ | ၅၄၀၀ | ၆၉၄၇ | ၅၇၇၈ | ၇၂၄၃ | ၇၈၀၂ | - | - | - | - | - | | - | - |
| ၃ | သစ်ပါးလွှာတတိယတန်း (Third Quality) | ၄၇၃၅ | ၄၇၇၈ | ၄၅၄၂ | ၅၁၈၉ | ၆၈၈၆ | ၆၀၄၀ | - | - | ၇၅၅၆ | - | - | | - | - |
| ၄ | သစ်ပါးလွှာစတုတ္ထတန်း (Fourth Quality) | ၄၂၂၉ | ၄၂၄၃ | ၄၀၉၀ | ၄၅၅၅ | ၆၀၉၆ | ၄၉၂၆ | ၅၀၆၆ | ၆၂၄၃ | ၆၄၀၂ | ၆၀၃၆ | - | | | |
| ၅ | စက်ခွဲအတန်းအစား(၁) (Sawing Grade-1) | ၂၅၆၂ | ၂၅၆၆ | ၂၅၆၂ | ၃၀၄၄ | ၃၈၆၆ | ၃၆၈၆ | ၃၄၉၅ | ၄၀၆၂ | ၄၄၉၇ | ၄၃၂၈ | - | | | ၅၄၈၉ |
| ၆ | စက်ခွဲအတန်းအစား(၂) (Sawing Grade-2) | ၂၀၄၈ | ၂၀၀၀ | ၁၉၆၄ | ၂၃၀၉ | ၃၂၀၆ | ၂၉၇၀ | ၂၉၂၀ | ၃၃၃၇ | ၃၉၆၅ | ၃၆၉၀ | ၄၀၆၃ | ၄၀၈၉ | ၄၉၅၆ | ၄၁၂၀ |
| ၇ | စက်ခွဲအတန်းအစား(၄) (Sawing Grade-4) | ၁၂၀၉ | ၁၃၃၅ | ၁၃၈၂ | ၁၇၁၄ | ၂၀၄၉ | ၂၆၀၀ | ၂၄၁၀ | ၂၄၇၀ | ၂၉၄၆ | ၃၀၂၄ | ၃၂၂၆ | ၃၄၆၇ | ၃၄၃၇ | ၃၄၅၀ |
| ၈ | စက်ခွဲအတန်းအစား(၅) (Sawing Grade-5) | | | | | | | | | | | | ၂၈၂၆ | ၂၀၀၈ | ၂၇၄၀ |
| ၉ | စက်ခွဲအတန်းအစား(၆) (Sawing Grade-6) | | | | | | | | | | | | ၂၁၄၆ | ၂၅၀၇ | ၂၃၃၁ |
| ၁၀ | စက်ခွဲအတန်းအစား(၇) (Sawing Grade-7) | | | | | | | | | | | | ၁၆၀၀ | ၁၆၃၄ | ၁၅၆၀ |

မှတ်ချက်- ၂၀၁၅-၂၀၁၆ ခုနှစ်၊ ( ၂၀၁၅ခု၊ ဇွန်လ) စုစုပေါင်းရောင်းချတန်- ( ၄၅၁.၇၁၆ ) တန်
၂၀၁၅ -၂၀၁၆ခုနှစ်၊ ( ၂၀၁၅ခု၊ ဇွန်လ) စုစုပေါင်းဝင်ငွေ- (၁.၃၃၄)ကန်ဒေါ်လာသန်း

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

# ၂၀၁၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ







ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ ၂၀၁၅ခုနှစ်၊ မိုးရာသီ သစ်ပင်စိုက်ပွဲအခမ်းအနားကို (၂၃-၇-၂၀၁၅)ရက်နေ့ ၊ နံနက်(၈း၃၀)နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်တွင် တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော်အရှေ့ဘက် ဆင်ဖြူတော်ဆောင်အနီးတွင်ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့်ဇနီးဒေါ်ဆွေဆွေချစ်တို့တက်ရောက်၍ ကံ့ကော်ပင်ကို စိုက်ပျိုးပေးပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး(သစ်တော)နှင့်ဇနီးတို့က ပိတောက်ပင်ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး(ပတ်ဝန်းကျင်)က မဟော်ဂနီပင်ကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန်နှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့်ဇနီးများ၊ ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက သစ်ပင်များကိုအသီးသီးစိုက်ပျိုးကြပါသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများစုပေါင်း၍ အိုးစည်ဗုံမောင်းများဖြင့် တပျော်တပါး သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပါသည်။

သစ်ပင်စိုက်ပျိုးခြင်းဖြင့် ဥပ္ပါတသန္တိစေတီတော်ကြီး၏ ဝန်းကျင်အတွင်းစိမ်းလန်းစိုပြည်သာယာလှပစေပြီး ရေမြေရာသီဥတုနှင့် မြေဆီလွှာကာကွယ်ထိန်းသိမ်းနိုင်ခြင်းများအား အထောက်အပံ့ဖြစ်စေခြင်း၊ သစ်ပင်များ အောင်မြင်ဖြစ်ထွန်းလာသည်နှင့်အမျှ သားငှက်တိရစ္ဆာန်များနားခိုနေထိုင်ကျက်စားနိုင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရာတွင်လည်း အထောက်အကူဖြစ်စေခြင်း စသောအကျိုး ကျေးဇူးများရရှိမည် ဖြစ်ပါသည်။သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ကံ့ကော်၊ ပိတောက်၊ မဟော်ဂနီ၊ ပန်းမယ်ဇလီ၊ ခရေ၊ စိန်ပန်းကြီး၊ ယင်းမာ၊ ဆီသဖြူ၊ ကုက္ကို၊ မြန်မာကုက္ကို၊ မယ်ဇလီ၊ အော်ရီရှား၊ မြန်မာရှား စုစုပေါင်း(၅၀၀)ပင် အားစုပေါင်းစိုက်ပျိုးခဲ့ကြပါသည်။